အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.155(2493-2507)

ကွန်ဖြူးရှပ်လမ်းစဉ် ပျက်သုဉ်းခြင်း

.

May Be:

...အပိုင်း ၂၄၉၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

သေသည်အထိ တိုက်ခိုက်ကြမယ် ။

ယန်ယဲ့၏အတွေးများက

အလွန်ရိုးရှင်းပါသည်။

တစ်ဖက်က သူ့ကိုသတ်ချင်နေသော

ကြောင့် သဘာဝအတိုင်း

ဘုန်းတော်ကြီးက ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီး
ခေါင်းညိတ်ပြသည် "မင်းဆန္ဒအတိုင်းပဲ"

ထိုစကားပြောပြီးသည်နှင့်
ယန်ယဲ့အနားတွင်
သန်မာသောဘုန်းကြီးတစ်ပါး
ပေါ်လာသည်။ ဘုန်းတော်ကြီး၏
မျက်နှာက ခက်ထန်နေကာ
ရက်စက်ပုံရသည်။

ထို့အပြင် သန်မာသော ဘုန်းတော်ကြီးက ပညာရှင် တစ်ပါး ဖြစ်သည်။

သန်မာသော ဘုန်းတော်ကြီး

ပေါ်လာသည်နှင့်

သက်လတ်ပိုင်းဘုန်းတော်ကြီးက

ရှောင်ထွက်သွားသည်။ တစ်ချိန်တည်းမှာ

ပင် ဤနေရာသည် ရုတ်တရက်

ပြောင်းလဲသွားသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့နှင့်
သန်မာသောဘုန်းတော်ကြီး တို့က
အာကာသတိုက်ပွဲကွင်းပြင်မှာ
ရှိနေကြသည်။

ယန်ယဲ့ သည် သူ့ရှေ့ရှိ ဘုန်းတော်ကြီးကို
သတိအပြည့်ထား စိုက်ကြည့်လိုက်သည်။
သူသည် ပညာရှင်တစ်ပါးကို
သတ်ဖူးသော်လည်း ပေါ့ပေါ့ဆဆ

မလုပ်ဆောင်ရဲပေ။ ဗုဒ္ဓလမ်းစဉ်က
သူ့အကြောင်းကို သိထားသည့်တိုင်
ပညာရှင်တစ်ပါး စေလွှတ်သောကြောင့်
သေချာပေါက် ယုံကြည်ခဲ့ကြသည်။

ပညာရှင် များကြားတွင်လည်း
ခွန်အားကွာဟချက်ရှိခဲ့သည်။

တိုက်ပွဲမြေပြင်တွင်...

သန်မာသောဘုန်းကြီးက ယန်ယဲ့ကို စိုက်ကြည့်ကာ စကားတစ်ခွန်းမှ မပြောဘဲ ရှေ့သို့ လက်သီးဖြင့် ထိုးလိုက်သည်။

ဘုန်း...

တိုက်ပွဲမြေပြင်သည် ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

သန်မာသောဘုန်းတော်ကြီး က
တိုက်ခိုက်လိုက်သည်နှင့် ယန်ယွဲ့ သည်
ကြောက်မက်ဖွယ်ကောင်းသော
အားလှိုင်းတစ်ခု တိုးဝင်လာသည်ကို
ခံစားလိုက်ရသည်။ ဖိအားကြောင့်
သူ၏မူလဝိညာဉ်ပင် တုန်လှုပ်သွားသည်။

သန်မာသောဘုန်းတော်ကြီး က
လုံးဝမထိန်းထားဘဲ အားကုန်သုံးကာ

ယန်ယဲ့ကို သတ်ဖြတ်ရန်
ရည်ရွယ်ထားပုံရ၏။

ယန်ယဲ့ သည် မျက်လုံးများကို
အနည်းငယ်မှိတ်ထားလိုက်သည်။
ထိုအချိန်တွင် သူ့ရှေ့၌ ဓားတစ်ချောင်း
လွင့်မျောလာသည်။

ဓားအူသံ ထွက်ပေါ်လာပြီးနောက်
တိုက်ပွဲမြေပြင်က ရုတ်တရက်

ပြို့ကျသွားသည်။ပညာရှင်အဆင့်

ဘုန်းတော်ကြီး ထံမှ မှထွက်လာသော

ကြောက်မက်ဖွယ်ဖိအားသည်

တိုက်ပွဲမြေပြင် နှင့်အတူ

ပြိုလဲသွားသည်။

ပတ်ဝန်းကျင်သည် ရုတ်တရက်

တိတ်ဆိတ်သွား၏။

အသက်ရှူချိန် ၁၀

ရှိုက်စာခန့်အကြာတွင်တော့ ယန်ယဲ့ နှင့် သန်မာသောဘုန်းတော်ကြီး ဟာ ဘုရားကျောင်းဆောင်ရှေ့တွင် ပြန်ပေါ်လာကြသည်။ နှစ်ယောက်စလုံး ၏ မျက်နှာများက ယခင်အတိုင်း တည်ငြိမ်နေဆဲ။ သူတို့ထံမှ ထူးထူးခြားခြား တစ်စုံတစ်ရာကို မမြင်နိုင်ပေ။

ဤအချိန်တွင် သက်လတ်

ပိုင်းဘုန်းကြီးတစ်ပါး ပေါ်လာသည်

။ သက်လတ်ပိုင်းဘုန်းတော်ကြီးက

သန်မာသောဘုန်းတော်ကြီးအား

စိုက်ကြည့်နေသည်။

သန်မာသောဘုန်းတော်ကြီး က ခေါင်းကို

အနည်းငယ်ခါယမ်းကာ

“ငါသူ့ကိုမသတ်နိုင်ဘူး”

ထိုစကားပြောပြီးသည်နှင့်

ကောင်းကင်ယံ၌

ပျောက်ကွယ်သွားသည်။

သူသည် ယန်ယဲ့ကို မသတ်နိုင်ပေ။

ထို့ကြောင့် အနည်းငယ်ပင် မတုံ့ဆိုင်းဘဲ

ထွက်သွားခဲ့သည်။

အစောပိုင်းက ယန်ယဲ့ နှင့်
တိုက်ခိုက်မှုချင်း ဖလှယ်ပြီးနောက်
သန်မာသောဘုန်းတော်ကြီး က
ယန်ယဲ့၏ခွန်အားကို ခံစားမိခဲ့သည်။
သာမန်ပညာရှင်များက ယန်ယဲ့ကို
လုံးဝမသတ်နိုင်ပေ။ အထူးသဖြင့်
ယန်ယဲ့၏ တိုက်ခိုက်မှုက ပညာရှင်များကို
သတ်နိုင်စွမ်းအပြည့်ရှိလေသည်။ ထို့အ
ပြင် ယန်ယဲ့ သည် ထိုခွန်အားရရှိရန်

လျှို့ဝှက်နည်းလမ်းကို

အတင်းအကြပ်အသုံးပြုထားပုံရသည်။

တစ်နည်းဆိုရသော် ၎င်းသည် ယန်ယွဲ့၏

စစ်မှန်သောခွန်အားတစ်ဝက်သာ။

သူသည် ထိုတိုက်ခိုက်မှုကို အောင်မြင်စွာ

ခုခံနိုင်ခဲ့သော်ငြားလည်း တစ်စက္ကန့်

သို့မဟုတ် သုံးပုံတစ်ပုံကို ခုခံရန်

ယုံကြည်မှုမရှိပေ။ ထို့ကြောင့်

ထွက်ခွာရန်သာ ပြတ်ပြတ်သားသား
ရွေးချယ်လိုက်သည်။

ယန်ယဲ့ သည်လည်း
အံ့ဩသွားမိသည်။ သန်မာသောဘုန်း
တော်ကြီး က ဤကဲ့သို့
ပြတ်ပြတ်သားသား ထွက်ခွာရန်
မမျှော်လင့်ထားပေ။ အမှန်တော့
သူဖန်တီးထားသည့် ဓားနည်းစနစ်ကို
စမ်းသုံးရန်ပင် ရည်ရွယ်နေ၏။

"သခင်ယန်၊ မင်းက တကယ်ကို
အံ့သြစရာပဲ" ဤအချိန်တွင်
သက်လတ်ပိုင်းဘုန်းတော်ကြီးက "ငါ့ရဲ့
ဗုဒ္ဓလမ်းစဉ်က မင်းကို ဒီမှာ ထိန်းထားလို့
မရဘူး။ ကျေးဇူးပြုပြီး
ထွက်သွားလို့ရပါပြီ"

ယန်ယဲ့က "ဗုဒ္ဓလမ်းစဉ်က နောက်ထပ်
ပညာရှင်တစ်ပါး ထပ်ပို့မှာ
မဟုတ်ဘူးလား"

သက်လတ်ပိုင်းဘုန်းတော်ကြီးက
ခေါင်းကို အနည်းငယ်ခါယမ်းပြီး "ဒါဟာ
စည်းမျဉ်းနဲ့မကိုက်ညီဘူး"

ယန်ယဲ့ က ပြုံးပြီး "ဗုဒ္ဓလမ်းစဉ်က
စည်းကမ်းတင်းကြပ်သလို

စည်းမျဉ်းတွေကို

တိတိကျကျလိုက်နာတာပဲ"

သက်လတ်ပိုင်းဘုန်းတော်ကြီးက “တချို့

စည်းမျဉ်းတွေကို

လိုက်နာရမယ်။ မဟုတ်ရင်

လောကတစ်ခုလုံး ပရမ်းပတာ

ဖြစ်သွားလိမ့်မယ်”

သူက ခဏလောက်ရပ်ပြီး “မင်းဟာ

လုံးဝကို လူဆိုးမဟုတ်ဘူးဆိုတာ

ငါသတိထားမိတယ်၊ ဒါကြောင့်

နည်းနည်းထပ်ပြောခွင့်ပြုပါ။ အလွန်အ

ကျွံ သတ်ဖြတ်တာက မင်းအတွက်

ကံကြမ္မာကို ဖြစ်ပေါ်စေလိမ့်မယ်။ ဒါဟာ

အခု ဒါမှမဟုတ် မင်းရဲ့

လက်ရှိဘဝသက်တမ်းမှာ

မရောက်နိုင်ပေမယ့် မင်းရဲ့

နောင်ဘဝမှာတော့ သေချာပေါက်

ရောက်လာလိမ့်မယ်။ ကောင်းမှု နဲ့

မကောင်းမှုက အမြဲတစေ

ပေးဆပ်ရတယ်။မင်းနားလည်မယ်လို့

မျှော်လင့်ပါတယ်"

ယန်ယဲ့က ပြုံးပြီး "ဒီလို အပိုစကားတွေ

မပြောဘဲ

ထားလိုက်ရအောင်။ မင်းအတွက်

ငါမေးစရာရှိတယ်။ နတ်ဆိုးမျိုးနွယ်ရဲ့

မျောက်တစ်ကောင် က ဗုဒ္ဓလမ်းစဉ်ကို ရောက်လာတယ်လို့ ကြားမိတယ်။ အခု သူဘယ်ရောက်နေလဲ သိလား"

သူသည် မျောက်အကြောင်းကို သဘာဝအတိုင်း မမေ့ခဲ့ပေ။

သက်လတ်ပိုင်းဘုန်းတော်ကြီးက ထိုစကားကိုကြားသောအခါ ယန်ယွဲ့အား တစ်ချက်ကြည့်လိုက်ရင်း

“မျှော်လင့်ထားတဲ့အတိုင်း
မျောက်ကိုသိနေတယ်”

ယန်ယဲ့ က ပြုံးပြီး “ဒါက
အခုလက်ရှိငါတို့နဲ့ ဘာမှမဆိုင်ဘူး
မဟုတ်လား”

သက်လတ်ပိုင်းဘုန်းတော်ကြီးက
“ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်း
နည်းနည်းပြောခွင့်ပြုပါ။ အဲဒီမျောက်က

ငါ့ဗုဒ္ဓလမ်းစဉ်ရဲ့ တပည့်ပေါင်းများစွာကို သတ်ပစ်တဲ့အတွက် ငါ့ရဲ့ဗုဒ္ဓလမ်းစဉ်က သူ့ကို ချေမှုန်းပစ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ငါတို့ကို ဘယ်သူမှ တားလို့မရဘူး"

ယန်ယဲ့က ပြုံးပြီး "ဒါ မင်းတို့ကိစ္စပဲ"

ထို့နောက် လှည့်ထွက်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူ

လိုချင်သောအချက်အလက်များ

ရခဲ့သည်။ သက်လတ်ပိုင်းဘုန်းတော်ကြီး

၏ ပြောစကားအရ မျောက်က

အသက်ရှင်နေသေးမှန်း သိသာပါသည်။

သက်လတ်ပိုင်းဘုန်းတော်ကြီးက

ယန်ယဲ့ကို

မတားဆီးဘဲ

ထွက်သွားခွင့်ပြုလိုက်သည်။

ယန်ယဲ့ သည် ဗုဒ္ဓကမ္ဘာမှ ထွက်လာနှင့်

တစ်ပြိုင်နက် သူ၏ခရီးစဉ်က

ကွန်ဖြူးရှပ် လမ်းစဉ်သာ

ကျန်တော့ကြောင်း သတိထားမိသည်။

ကွန်ဖြူးရှပ်လမ်းစဉ် ကို

သွားဖို့ပြင်လိုက်စဉ်မှာပဲ သူ့ရှေ့ရှိ

အာကာသပြင်က ရုတ်တရက်

တုန်ခါသွားပါတော့သည်။ ထိုနေရာမှ

"လူသားကမ္ဘာမှာ ပြဿနာရှိနေတယ်"

ဟူသော ယန်လျန်ရှမ်း၏

လေးနက်သောအသံ ထွက်ပေါ်လာသည်။

လူသားကမ္ဘာ ။

ယန်ယဲ့ သည်

မျက်မှောင်ကြုတ်လိုက်သည်။ တစ်ချိန်

တည်းမှာပင် ယန်လျန်ရှမ်း၏အသံက

“ငါတို့ အဝေးကို ထွက်သွားဖို့

လိုတယ်။ လူသားကမ္ဘာကို

အမြန်ဆုံးပြန်လာပါ"

ယန်ယဲ့ သည် တွန့်ဆုတ်မနေဘဲ

နေရာတင်

ပျောက်ကွယ်သွားသည်။

၁ ရက်အကြာတွင် ယန်ယဲ့ သည်

လူသားကမ္ဘာသို့ ပြန်ရောက်လာခဲ့သည်။

သို့သော် ပြန်ရောက်လာလာချင်း

ရုတ်တရက်မျက်မှောင်ကြုတ်သွား၏။

လူသားကမ္ဘာရှိ ဝိညာဉ်စွမ်းအင်က

မရှိသလောက်ကို

နည်းပါးလွန်းနေခဲ့သည်။

ဤနေရာ၏ ဝိညာဉ်စွမ်းအင်သည်
ပျက်သုဉ်းခါနီး ကမ္ဘာတစ်ခုကဲ့သို့
ပါးလွှနေလေသည်။

"ဘာတွေဖြစ်နေတာလဲ" ယန်ယဲ့ သည်
မျက်မှောင်ကြုတ်လိုက်သည်။ သူသည်
ပတ်ဝန်းကျင်ကို
ခဏစစ်ဆေးကြည့်လိုက်ပြီး
နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။ အချိန်သိပ်မ

ကြာလိုက်ဘဲ ယန်လျန်ရှမ်း နှင့်အတူ သူ၏မိသားစုဝင်များကို တွေ့လိုက်ရသည်။

ယန်လျန်ရှမ်းက တုံ့ဆိုင်းခြင်းမရှိဘဲ လေးနက်စွာပြောခဲ့သည် "နတ်မျိုးနွယ်က လှုပ်ရှားနေပြီ"

"နတ်မျိုးနွယ် လား.... " ယန်ယဲ့က

"နတ်မျိုးနွယ်က လူသားမျိုးနွယ်ကို

တိုက်ခိုက်ခဲ့တာလား"

ယန်လျန်ရှမ်း က ခေါင်းခါလိုက်ပြီး

"မဟုတ်ဘူး၊ လူသားကမ္ဘာကို

တိုက်ခိုက်နေတာမဟုတ်ဘူး။ သူတို့က

ဒီလိုတိုက်ခိုက်မှုအစား

တခြားနည်းလမ်းကို အသုံးပြုခဲ့တယ်"

ယန်ယဲ့ က "ဝိညာဉ်စွမ်းအင် လား"

ယန်လျန်ရှမ်း က ခေါင်းညိတ်ပြီး
“ဒီမှာရှိတဲ့ ဝိညာဉ်စွမ်းအင်တွေ
မြန်မြန်ဆန်ဆန် ပျောက်ကွယ်နေတာကို
နင်သတိထားမိမှာသေချာပါတယ်။
ဒီအကြောင်းကို လူသားမျိုးနွယ်ရဲ့
ပညာရှင်တွေက လိုက်ပြီးစုံစမ်းခဲ့တာ။
ပြီးတော့ နင်က နတ်မျိုးနွယ် ဒီလိုလုပ်ဖို့
အကြံပေးခဲ့တာလို့ယူဆနေကြတယ်”

"ဘာလဲ... " ယန်ယဲ့က

အံ့အားသင့်သွားပြီး "ငါ လား။

မင်း နောက်နေတာလား "

ယန်လျန်ရှမ်း က

“ပိုတိတိကျကျပြောရရင်တော့

နှင်းခဲလေး လုပ်နေတယ်လို့

သူတို့ထင်ကြတယ်။ နင့်ရဲ့ဝိညာဉ်အင်ပါ

ယာက နတ်မျိုးနွယ်ကို

ကူညီပေးနေတယ်လို့

ပြောကြတယ်။ တွေးကြည့်လိုက်၊

ဝိညာဉ်အင်ပါယာ ကလွဲရင်

သာမန်ပညာရှင်တွေက

လူသားကမ္ဘာတစ်ခုလုံးရဲ့

ဝိညာဉ်စွမ်းအင်ကို

ဖယ်ထုတ်ပစ်နိုင်မှာလား"

ယန်ယဲ့က "နှင်းခဲလေး

လုပ်နေတာမဟုတ်ဘူး"

မှန်သည်။ နှင်းပွင့်၏ စွမ်းရည်က

ထိုသို့လုပ်ဆောင်နိုင်ပါသည်။ သို့သော်

သူသည် ထိုကဲ့သို့လုပ်ဆောင်ခွင့်မပြုပေ။

အကြောင်းမှာ နှင်းပွင့်လေးသာ

လူသားကမ္ဘာ၏ ဝိညာဉ်စွမ်းအင်ကို

ဖယ်ထုတ်လိုက်လျှင် သူတို့ဟာ

လူသားကမ္ဘာတစ်ခုလုံးနှင့်

ရန်သူဖြစ်လာမည်ဖြစ်သည်။ ထိုအချိန်တွ

င် သူတို့နှစ်ယောက်စလုံး လူသားကမ္ဘာ၏

အမဲလိုက်ခြင်းခံရပေလိမ့်မည်။

ထို့အပြင် နှင်းပွင့်လေးက

သနားကြင်နာတတ်သူဖြစ်ရာ

ဤမျှထိတ်လန့်စရာကောင်းသော

အရာတစ်ခုကို ပြုလုပ်မည်မဟုတ်ပါ။

ယန်လျန်ရှမ်း က

"နင်တကယ်မလုပ်ခဲ့တာသေချာလား"

ယန်ယဲ့ က သူမကို

မကျေမနပ်အကြည့်ဖြင့် စိုက်ကြည့်ကာ

"မင်းကို ငါဘာလို့လိမ်ရမှာလဲ"

ယန်လျန်ရှမ်း က ခေါင်းခါလိုက်ပြီး

“နင့်ကို ငါယုံရင်တောင်

လူသားမျိုးနွယ်က

လက်ခံမှာမဟုတ်ဘူး။ အခု နင်နဲ့

နှင်းပွင့်က နတ်မျိုးနွယ်ကို ဒီလိုလုပ်ဖို့

ကူညီပေးနေတယ်လို့ အားလုံးက

ထင်နေကြတာ။ ပြောရရင်တော့ နင်က လူသားမျိုးနွယ်တစ်ခုလုံးရဲ့ ရန်သူဖြစ်သွားပြီ”

ယန်ယဲ့ သည် အကူအညီမဲ့စွာသာ ရယ်မောလိုက်လေတော့သည်။

ယန်လျန်ရှမ်း က "ငါနဲ့လိုက်ခဲ့"

ဤအချိန်တွင် ယန်ယဲ့ သည်

အကန့်အသတ်မဲ့တောင်တန်းတစ်ခုတွင်ရှိ

နေ၏။ ဤနေရာတွင်လည်း

ဝိညာဉ်စွမ်းအင်များ တစ်စထက်တစ်စ

လျော့ကျ လာသည်။ လ

အနည်းငယ်ကြာသည်နှင့်

ဤနေရာတစ်ခုလုံးရှိ

ဝိညာဉ်စွမ်းအင်သည်လုံးလုံးလျားလျား

ပျောက်ကွယ်သွားပေမည်။

အခြေအနေသည်

အလွန်ပင်ဆိုးရွားလာပုံရ၏။

ယန်ယဲ့ သည် ယန်လျန်ရှမ်း နှင့်အတူ

ရှေးဟောင်းမြို့ထဲသို့

လိုက်ဝင်သွားသည်။ ထို့နောက် စုချင်းရှီ

နှင့်အခြားသူများကို တွေ့ဆုံခဲ့သည်။

သူသည် မိသားစုဝင်များနှင့်

အချိန်ဖြုန်းရန်ပြင်နေစဉ်

ယန်လျန်ရှမ်းက သူ့အား

ခန်းမတစ်ခုထဲသို့ ဆွဲခေါ်သွားသည်။

စုချင်းရှီ နှင့် ယန်လျန်ရှမ်း တို့သာ

ကျန်နေရာတွင် ရှိနေခဲ့သည်။

ယန်လျန်ရှမ်း က “နင်တို့

ပြန်ပြီးဆုံတွေ့တာကို ငါ

ရည်ရွယ်ချက်ရှိရှိနဲ့

မနှောင့်ယှက်ချင်ပါဘူး။ ဒီအဖြစ်အပျက်က တော်တော်ပြင်းထန်တယ်၊ ငါတို့မှာအချိန်မရှိဘူး”

ယန်ယဲ့ က "မင်းဘာလုပ်ဖို့စီစဉ်ထားလဲ"

“ရွှေ့ပြောင်းရမယ်” ယန်လျန်ရှမ်း က ဆက်ပြောသည် “ဘာပဲဖြစ်ဖြစ် ငါတို့ဟာ လူသားကမ္ဘာမှာ
နေလို့မရဘူး။ လူသားကမ္ဘာက

ပရမ်းပတာအခြေအနေ

မရောက်သေးရင်တောင် အလွန်ဆုံးမှ ၂

ပါတ်လောက်ပဲကြာတော့မယ်။

အခုပြဿနာကို မဖြေရှင်းနိုင်ရင်

လူသားကမ္ဘာတစ်ခုလုံး

ပရမ်းပတာဖြစ်ပြီပဲ။ အဲဒါတွေမဖြစ်ခင်

ငါတို့ ထွက်သွားရမယ်။ ဒီလိုမှမဟုတ်ရင်

ငါတို့က အဲဒီအထဲ ရောက်သွားလိမ့်မယ်။

အကျိုးဆက်က

ငါတို့ခံနိုင်ရည်ရှိတဲ့အရာမဟုတ်ဘူး”

ယန်ယဲ့က အကြာကြီးစဉ်းစားပြီး

"ဘယ်သွားမှာလဲ"

ယန်လျန်ရှမ်းက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “ငါ့မှာ

အကြံကောင်း မရှိသေးပါဘူး။ ဒါနဲ့

ဒီကိစ္စကို ဆွေးနွေးဖို့ နင့်ကို

ငါခေါ်လိုက်တာပါ။ ဘယ်မှာ

သင့်တော်မယ်ထင်လဲ"

ယန်ယဲ့က "တာအိုလမ်းစဉ်..."

ယန်လျန်ရှမ်း က ခေါင်းခါသည်

“မဟုတ်ဘူး”

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

ယန်လျန်ရှမ်း က ရှင်းပြသည်

"ငါ့အမြင်အရတော့ တာအိုလမ်းစဉ် နဲ့

နှင့်ဆက်ဆံရေးက လုံး၀ကို

စိတ်မချရပါဘူး။ တစ်ခုခုဖြစ်သွားရင်

ငါတို့က သူတို့ဆီက

အကာအကွယ်မရရှိတင်မကဘူး၊

ငါတို့အကုန် သူတို့ရဲ့

ထိန်းချုပ်မှုထဲကိုတောင်

ရောက်သွားနိုင်တယ်"

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။ ယန်လျန်ရှမ်း ပြောသည်ကား အဓိပ္ပာယ်ရှိပါသည်။ တာအိုလမ်းစဉ် နှင့် သူ၏ဆက်ဆံရေးသည် ယုံကြည်စိတ်ချရလောက်သည်အထိ မဟုတ်ချေ။

ယန်ယဲ့က အကူအညီမဲ့စွာသာ ရယ်မောလိုက်၏ ။ သူက “ဘယ်မှာမှ

မတွေးနိုင်တော့ဘူး။ နတ်မျိုးနွယ်ကြောင့်

ဒီလောကမှာ ငြိမ်းချမ်းတဲ့နေရာရယ်လို့

မရှိသလောက်ပဲလေ”

ယန်လျန်ရှမ်း လည်း ခေါင်းညိတ်ကာ

"မှန်တယ်။ အဲဒီတော့

ပြဿနာတစ်ခုရှိတယ်။လူသားမျိုးနွယ်

က နင့်ကိုရှာဖို့

ဘာကိုမှရပ်တန့်နေမှာမဟုတ်ဘူး။

သူတို့အမြင်မှာ နင့်ကိုရှာတွေ့ပြီဆိုတာနဲ့

ဝိညာဉ်အင်ပါယာကို ရှာတာက

အတူတူပါပဲ။ သူမဟာ လူသားကမ္ဘာရဲ့

ဝိညာဉ်စွမ်းအင်တွေ ပြန်ယူဖို့

သူတို့အတွက် နောက်ဆုံးနဲ့

တစ်ခုတည်းသောနည်းလမ်းပဲ”

ယန်ယဲ့ က လေးနက်စွာပြောခဲ့သည်

"နှင်းခဲလေးက ငါနဲ့အတူရှိနေတော့

မတတ်နိုင်ဘူး"

"နင်ဘယ်လိုထင်လဲ" ယန်လျန်ရှမ်း က ဆက်ပြောလိုက်သည် “တခြားဘာကို စဉ်းစားနိုင်သေးလဲ။ ဟုတ်ပါတယ်၊ အဲဒါက နတ်မျိုးနွယ်ဆိုတာ သူတို့သိတယ်။ ဒါပေမဲ့ ပြဿနာက နတ်မျိုးနွယ်က အခုထိအပြင်ထွက်မလာသေးဘူး။ ဒီတော့ ရှာရခက်နေတယ်။ ဒါ့အပြင် လူသားမျိုးနွယ်က နတ်မျိုးနွယ်ကို

ထိပ်တိုက်ရင်ဆိုင်ရဲမယ်ထင်လား။

အတိုချုပ်ပြောရရင် သူတို့အတွက် က

နင်နဲ့ နှင်းခဲလေးကို လိုက်ရှာဖို့ပဲ”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

သူ ပြန်ပြောခါနီးတွင်တော့

ယန်လျန်ရွှမ်းရှေ့ရှိ အာကာသပြင်က

တုန်ခါသွားသည်။

ခဏအကြာတွင် ယန်ယဲ့ကို

မော့ကြည့်ကာ

"ကောင်းကင်ကမ္ဘာရဲ့

ဝိညာဉ်စွမ်းအင်တွေပါ

ပျောက်ကွယ်သွားပြီ။ အခုတော့

ကောင်းကင်မျိုးနွယ် နဲ့

လူသားမျိုးနွယ်က နင့်ကို အမဲလိုက်ဖို့

စတင်လိုက်ကြပြီ။ပြောရရင်

နင်တို့နှစ်ယောက်လုံး ဒုက္ခရောက်ပြီ"

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၉၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင် ယန်ယွဲ့၏ရင်ဘတ်ထဲမှ

နှင်းပွင့်လေး ထွက်ပေါ်လာသည်။

အသေးလေးက ပတ်ဝန်းကျင်ကို

စိုက်ကြည့်ကာ ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

လက်ရှိတွင်တော့ သူမလေးက

အရာရာကို ပိုပြီးနားလည်လာပုံရ၏။

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း

တို့ပြောနေသည်ကို

နားမလည်နိုင်သော်လည်း

ပြဿနာတက်နေကြောင်းတော့ သိပုံပါ။

ယန်ယဲ့ သည် နှင်းပွင့်၏ခေါင်းလေးကို

ပွတ်သပ်ပြီး ပြုံးလိုက်ကာ

"အဆင်ပြေမှာပါ"

နှင်းပွင့်က ခေါင်းညိတ်လိုက်ပြီး

ယန်ယဲ့၏ရင်ခွင်ထဲကို

ငြိမ်သက်စွာလှဲချလိုက်သည်။

ယန်ယဲ့က ယန်လျန်ရှမ်းကို
စိုက်ကြည့်ရင်း ပြုံးပြီး "နတ်မျိုးနွယ်ကို
အပြစ်တင်ဖို့ကလွဲလို့ ငါ့မှာ
ရွေးချယ်စရာမရှိတော့ဘူး"ဟုပြောခဲ့သ
ည်။

ယန်လျန်ရှမ်း က ခေါင်းညိတ်လိုက်ပြီး
"တကယ်တော့
နင်တကယ်လုပ်ခဲ့တာပဲဖြစ်ဖြစ်

နတ်မျိုးနွယ်ဖြစ်နေရင်တောင် သူတို့က နင့်ဆီပဲ လာလိမ့်မယ်"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

ယန်လျန်ရှမ်း က နှင်းပွင့်၏ခေါင်းကိုပွတ်သပ်ပြီး "သူမကြောင့် ။ လူသားကမ္ဘာနဲ့ ကောင်းကင်ကမ္ဘာရဲ့ ဝိညာဉ်စွမ်းအင်တွေ အကုန်ပျောက်ကွယ်သွားတယ်။

စဉ်းစားကြည့်ပါ၊ ဒီပြဿနာကို

ဘယ်သူဖြေရှင်းဖို့ လိုသေးလဲ”

ယန်ယဲ့ က လေးနက်စွာပြောသည်

"ဝိညာဉ်အင်ပါယာ... ဒါဆို နှင်းခဲလေး..."

ယန်လျန်ရှမ်း က ခေါင်းညိတ်ပြီး

“တကယ်ပဲ။ နှင်းပွင့်ကို တွေ့သရွေ့တော့

သူမက ပျောက်ကွယ်သွားတဲ့

ဝိညာဉ်စွမ်းအင်တွေကို ပြန်ယူနိုင်တယ်။

ဒါဆို နတ်မျိုးနွယ်က သူတို့ရဲ့

ဝိညာဉ်စွမ်းအင်ကို

ဘယ်လိုထုတ်ယူမလဲဆိုတာ

အရေးမကြီးတော့ဘူး။ဒီတော့

သူတို့အမြင်မှာ နှင်းပွင့်ကို

မတွေ့တွေ့အောင် ရှာရလိမ့်မယ်။ နှင်းပွင့်

ကိုရှာတွေ့ပြီးတာနဲ့

သူတို့ရဲ့ပြဿနာအားလုံးပြေလည်သွား

လိမ့်မယ်”

ယန်ယဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

ယန်လျန်ရှမ်း၏အမူအရာက

ရုတ်တရက်ပြောင်းသွားကာ

"အခုချက်ချင်းထွက်သွားတော့"

ယန်ယဲ့ က အံ့သြသွားပြီး

"မင်းဘာကိုဆိုလိုတာလဲ"

ယန်လျန်ရှမ်း က "လူသားမျိုးနွယ်နဲ့ ကောင်းကင်မျိုးနွယ်က နင် လူသားကမ္ဘာမှာ ရောက်နေတာကို သိတယ်"

ယန်ယဲ့က “သူတို့ ဘယ်လို သိနိုင်မှာလဲ” ဟုပြန်ပြောလိုက်သည်။

“နင် ဗုဒ္ဓလမ်းစဉ်ကနေ ထွက်သွားပြီဆိုတော့ ဗုဒ္ဓလမ်းစဉ်ကနေ

သူတို့ရဲ့ အချက်အလက်တွေ
ရလာနိုင်တယ်။ စကားတွေရပ်ပြီး
ထွက်သွားပါ”

ယန်ယဲ့က "မင်းတို့အားလုံးကော.... "

ယန်လျန်ရှမ်းက “ငါတို့ကို
စိတ်မပူပါနဲ့။ နင် ဒီနေရာမှာရှိနေရင်တော့
ငါတို့ပါ အန္တရာယ်များမယ်။
နင်ထွက်သွားတာနဲ့ သူတို့က နင့်အပေါ်ပဲ

အာရုံစိုက်လိမ့်မယ်။ ဒါကြောင့်
ဒီလိုပြောရတာ နည်းနည်းတော့
ရက်စက်ပေမယ့် ဒါဟာ အမှန်တရားပါပဲ”

ယန်ယဲ့က ခါးသက်သက်
ရယ်မောလိုက်သည်။ သူသည် စုချင်းရှီ
နှင့်အခြားသူများကို
အချိန်ပေးချင်သေး၏။

"ထွက်သွားတော့..." ယန်လျန်ရှမ်းက လေးနက်စွာပြောခဲ့သည် "သူတို့က နင့်ကိုဒီမှာဖမ်းရင် ထွက်သွားနိုင်မှာမဟုတ်ဘူး။ငါ့အထင် တော့ နင်က တာအိုလမ်းစဉ်ကို ပြန်သွားသင့်တယ်"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

“အားလုံးလည်း

သတိထားပါ။ တစ်ခုခုဖြစ်ရင်

ငါ့ကိုလှမ်းပြော"

ထိုစကားပြောပြီးသည်နှင့် နှင်းပွင့်ကို

ပွေ့ချီလျက်

အမြန်ပြေးထွက်သွားခဲ့သည်။

သူသည် ချီတုံချတုံဖြစ်နေသူမဟုတ်ပါ၊

လက်ရှိအခြေအနေက မည်သို့ရှိမည်ကို

ကောင်းကောင်းသိထား၏။

တစ်ချိန်တည်းမှာပင် ဓားနယ်မြေကို

အသက်သွင်းကာ သူ၏အရှိန်အဝါကို

ဖုံးကွယ်ထားလိုက်သည်။

သိပ်မကြာခင်မှာပဲ ယန်ယွဲ့ သည်

လူသားကမ္ဘာကနေ ထွက်လာနိုင်ခဲ့သည်။

တာအိုလမ်းစဉ် သို့ဦးတည်ခါနီးတွင်တော့ သူ့နောက်ကျောဖက်မှ အစွမ်းထက်အလင်းတန်း အများအပြား တိုးဝင်လာခဲ့သည်။

"တွေ့သွားပြီလား" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ “မဖြစ်နိုင်ပါဘူး… လူသားကမ္ဘာရဲ့ အထွက်ပေါက်မှာ တိတ်တဆိတ်ချောင်းမြောင်းနေတဲ့ လူတစ်ယောက်ရှိနေတာများလား”

သို့သော် တွေးနေဖို့အချိန်မရှိပေ။

အလင်းတန်းတစ်ခုအသွင်ပြောင်းလဲကာ

အဝေးဆီသို့

ပျောက်ကွယ်သွားပါတော့သည်။ ယန်ယဲ့

ပျောက်ကွယ်သွားသည်နှင့်

ခဏအကြာတွင်ပဲ မရေမတွက်နိုင်သော

အစွမ်းထက်အော်ရာအများအပြား

ပေါ်လာကြသည်။

၎င်းသည် အနည်းဆုံး ပညာရှင်

တစ်ဒါဇင်ကျော်ပါရှိခဲ့သည်။

ယန်ယဲ့ သည် လူသားကမ္ဘာမှ

ပြန်ထွက်သွားကြောင်း

သတင်းရသည်နှင့် လူသားမျိုးနွယ်၊

ကောင်းကင်မျိုးနွယ်၏

အဆင့်မြင့်ကျင့်ကြံသူအားလုံး

ရောက်လာခဲ့ကြသည်။

ကမ္ဘာနှစ်ခုလုံးရှိ ဝိညာဉ်စွမ်းအင်သည်

ထိုမျိုးနွယ်စု (၂) ခု၏

အခြေခံအုတ်မြစ်ဖြစ်သည်။ ဝိညာဉ်စွမ်း

အင်များ လုံးလုံးလျားလျား

ပျောက်ကွယ်သွားပါက အကျိုးဆက်မှာ

မျိုးနွယ်စုကြီးနှစ်ခုလုံးပင်

ခံနိုင်ရည်မရှိပေ။ ရလာဒ်မှာ

မျိုးနွယ်စုနှစ်ခုလုံး လောကသုံးပါး၏

သမိုင်းထဲမှ ပျောက်ကွယ်သွားရပေမည်။

ထို့ကြောင့် မျိုးနွယ်စုနှစ်ခု၏
အာဏာပိုင်များက ဝိညာဉ်အင်ပါယာကို
ရယူလိုခဲ့သည်။ ယန်ယဲ့သည်
ဝိညာဉ်အင်ပါယာနှင့်အတူရှိနေ၏။

ဤတစ်ကြိမ်တွင် ယန်ယဲ့ သည်
အခြေအနေက ပြင်းထန်ကြောင်း
သိလိုက်သည်။ သူသည်
ထိပ်တိုက်ရင်ဆိုင်ရန်
မရွေးချယ်တော့ပေ။ နောက်ဆုံးတွင်

လက်ရှိသူ့ခွန်အားက ဒါဇင်ချီသော
ပညာရှင်များကို ရင်ဆိုင်ဖို့
မလုံလောက်ပါ။

ထွက်ပြေးရုံသာရှိ၏ ။

ယန်ယဲ့ သည် ဓားပျံကိုစီးနင်းလျက်
အစွမ်းကုန်အရှိန်မြှင့်လိုက်သည်။
လက်ရှိတွင် သူ၏အမြန်နှုန်းက
အကန့်အသတ်ထိ မြှင့်တင်ထားလေရာ

ပညာရှင် ပင်လျှင် အချိန်တိုအတွင်း
အမှီလိုက်လာနိုင်မည်မဟုတ်ချေ။

ဤအချိန်တွင် အလင်းတန်းတစ်ခုက
စွမ်းအင်အမြောက် ပစ်ခတ်လိုက်သကဲ့သို့
ယန်ယဲ့ထံ
တည့်တည့်ကျရောက်လာသည်။

နောက်ထပ် ရောက်လာပြန်ပြီလား ။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သို့သော် ပညာရှင်တစ်ပါးလောက်ဖြင့် သူ့ကို တားဆီးဖို့က မဖြစ်နိုင်ပါ။ ယန်ယဲ့က တရားစီရင်ခြင်းကို ထုတ်ယူလိုက်ပြီး နေရာမှာတင်ပျောက်ကွယ်သွားသည်။

ထိုခဏလေးမှာပဲ သူ့ပတ်ဝန်းကျင်ရှိ ကမ္ဘာသည် အသွင်ပြောင်းသွားသည်။

ထို့အတူ

ကြောက်မက်ဖွယ်စွမ်းအားလှိုင်းများ

ပျံ့လွင့်လာသည်။

ဓားစွမ်းအင်က အလင်းတန်းကို

ထိမှန်လိုက်သည်နှင့် ပြင်းထန်သော

စွမ်းအားလှိုင်းများ

ပတ်ဝန်းကျင်ဆီသို့ ချက်ချင်း

ရိုက်ခတ်သွားသည်။ ကီလိုမီတာ

ရာချီသော ဧရိယာသည် ချက်ချင်းပင် ပြိုကျသွား၏။ သို့တိုင် ယန်ယဲ့က ဆက်ပြီးမတိုက်ခိုက်ဘဲ အလင်းတန်းတစ်ခုအဖြစ် ပြောင်းကာ ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် အာကာသ တွင်းနက်ထဲတွင် ပညာရှင် အယောက် ၂၀ နီးပါး ပေါ်လာကြသည်။

ဦးဆောင်လာသူနှစ်ယောက်က လူသားအင်ပါယာအရှင် နှင့် ကောင်းကင်အင်ပါယာအရှင် တို့ပင်ဖြစ်သည်။ ဒီအချိန်မှာ နှစ်ယောက်စလုံး၏မျက်နှာများက သုန်မှုန်နေကြသည်။

လူသားအင်ပါယာအရှင်က "သူ့ရဲ့ ခွန်အားတွေ ဒီလောက်အထိ

တိုးလာမယ်လို့ ငါ

မမျှော်လင့်ထားဘူး”ဟု ပြောလိုက်သည်။

ကောင်းကင်အင်ပါယာအရှင်က

“ဒီလိုသာ ဆက်လုပ်နေရင် သူ ဒီထက်

ပိုသန်မာလာလိမ့်မယ်”

လူသားအင်ပါယာအရှင် က

ကောင်းကင်အင်ပါယာအရှင်ကို

စူးစိုက်ကြည့်ကာ “ဒါဟာ ငါတို့ အခု

စိတ်ပူစရာ မလိုပါဘူး။

ဝိညာဉ်အင်ပါယာက

သူနဲ့အတူရှိနေတယ်။ ငါတို့က

အဲဒါကိုရယူပြီးတာနဲ့

ဝိညာဉ်စွမ်းအင်တွေပြန်ရအောင်လုပ်ရဦး

မယ်။

ဒီလိုမှမဟုတ်ရင်

ဒုတိယကမ္ဘာစစ်မစခင်မှာပဲ

နတ်မျိုးနွယ်က ငါတို့ကို

တိုက်ခိုက်ဖို့တောင် မလိုဘူး”

ကောင်းကင်အင်ပါယာအရှင်က

ခဏတာတိတ်ဆိတ်သွားပြီး “ငါတို့က

နတ်မျိုးနွယ်ကို ရှာမတွေ့သေးဘူးလား”

ဟုမေးလိုက်သည်။

လူသားအင်ပါယာအရှင်က

ခေါင်းယမ်းကာ “လောကသုံးပါးကနေ

အပြီးပျောက်ကွယ်သွားသလိုပဲ။ ငါထင်

တာမများဘူးဆိုရင်တော့ သူတို့က

အချိန်တစ်ခုကြာတဲ့အထိ

အင်အားစုဆောင်းနေသင့်တယ်။

ပြီးတော့ ဒုတိယကမ္ဘာစစ်မစခင်

လုံလောက်တဲ့ ပြင်ဆင်မှုတွေ

ကြိုပြီးစီစဉ်ထားလောက်ပြီ။ ဒါဆို

မဟာလမ်းစဉ် (၄)ခုက ဝင်ပြီးစွက်ဖက်ဖို့

ငြင်းပယ်ထားတော့

ငါတို့တွေအကုန်လုံး…”

သူက ဆက်မပြောတော့ဘဲ

ရပ်လိုက်သည်။

ကောင်းကင်အင်ပါယာအရှင်က

“မဟာလမ်းစဉ် (၄)ခုက တစ်ခုခုကို

ကြောက်ရွံ့နေသလိုပဲ။ သူတို့က

ဒုတိယကမ္ဘာစစ်ကို ဝင်ပါမှာမဟုတ်သလို

နတ်မျိုးနွယ်ကလည်း သူတို့ကို

စစ်ကြေညာမှာမဟုတ်ဘူး။ ငါတို့မျိုးနွယ်

တွေနဲ့ တခြားမျိုးနွယ်ခြားတွေ အကုန်လုံး

အဆုံးသတ်ပြီ”

လူသားအင်ပါယာအရှင် က

“မျိုးနွယ်ခြားအားလုံးသာ အတိတ်ကလို

စည်းလုံးညီညွတ်ရင်

အင်အားကျဆင်းနေတဲ့ နတ်မျိုးနွယ်ကို

ရင်ဆိုင်ဖို့က သိပ်ပြီးပြဿနာမရှိဘူး။

ဒါပေမဲ့ နတ်မျိုးနွယ်က ငါတို့ကို

တစ်ယောက်ပြီးမှတစ်ယောက်

တိုက်ခိုက်မှာသေချာတယ်။ ဒါကို ငါတို့

နှစ်ယောက်လုံး နားလည်သလို

တခြားမျိုးနွယ်တွေလည်း

နားလည်မှာပါ။ ငါတို့မှာ

လက်တလောပြဿနာက

ဘယ်သူဦးဆောင်မလဲဆိုတာပဲ ”

ထို့နောက် အထက်ကျောင်းကင်ကို
မျှော်ကြည့်ကာ “မဟာလမ်းစဉ် (၄) ခုကို
မှီခိုလို့မရဘူး။ ကိုယ့်ကိုကိုယ်ပဲ
အားကိုးနိုင်တယ်”

ကျောင်းကင်အင်ပါယာအရှင်က “မင်းမှာ
အကြံဉာဏ်တွေ ရှိသေးလား” ဟု
ထပ်မေးလိုက်သည်။

လူသားအင်ပါယာအရှင်က “ငါ့မှာ

အစီအစဉ်ရှိတယ်။ ဒါပေမဲ့ နောက်မှ

ဆွေးနွေးကြည့်ရအောင်။

အခုလောလောဆယ် ရှေ့က

ပြဿနာအကြောင်း

ပြောကြရအောင်။ သူက

တာအိုလမ်းစဉ်ကို ပြန်သွားပြီ။

ကြည့်ရတာ တာအိုလမ်းစဉ်က

အသိအမှတ်ပြုထားတာထင်တယ်။ ဒါဆို ငါစိုးရိမ်တာက…”

ကျောင်းကင်အင်ပါယာအရှင်က ခဏမျှ တိတ်ဆိတ်သွားပြီး “ဖြေရှင်းရတာ လွယ်ပါတယ်။ တာအိုလမ်းစဉ်ကို သွားပြီးတော့ ယန်ယဲ့ နဲ့ ဝိညာဉ်အင်ပါယာကို လွှဲပေးဖို့ပြောလိုက်ရုံပဲမဟုတ်လား ”

သောက်ကျိုးနည်း...၊

လှူသားအင်ပါယာအရှင် က “သူတို့

လုပ်ပါ့မှာလား” ဟု မေးသည်။

ကောင်းကင်အင်ပါယာအရှင်က

“ဟုတ်တယ်၊ မျိုးနွယ်ခြားအားလုံး

ပူးပေါင်းထားသရွေ့တော့

တာအိုလမ်းစဉ်က

ကျိန်းသေသဘောတူလိမ့်မယ်။ ဒီလိုအချိ

န်မျိုးမှာ ဘယ်သူမှ

အချောင်ခိုနေလို့မရဘူး။ ဘာကြောင့်လဲ
ဆိုတော့ အခုလက်ရှိမှာ ငါတို့က
သေခြင်းနဲ့နီးကပ်နေပြီ။ ငါတို့
အခုကတည်းက ပြင်ဆင်မထားရင်
ဒုတိယကမ္ဘာစစ်စတဲ့အခါ
အသက်ရှင်ဖို့အခွင့်အရေးရှိမှာမဟုတ်ဘူး
။ အရေးကြီးဆုံးကတော့
ကိုယ့်အတွက်ကိုယ်ပဲ
ကြည့်နေဦးမယ်ဆိုရင် ငါတို့မှာ

နောက်ထပ် အခွင့်အရေး ရှိမှာ
မဟုတ်ဘူး။ ဒါကြောင့်
မျိုးနွယ်ခြားအားလုံးကို
တာအိုလမ်းစဉ်ဆီလာဖို့ဖိတ်ခေါ်လိုက်ပါ"

စကားပြောပြီးသည်နှင့်
ကောင်းကင်အင်ပါယာအရှင် ၏ပုံရိပ်က
အဝေးတစ်နေရာသို့
ပျောက်ကွယ်သွားသည်။

အားလုံး သူနှင့်အတူ
ပျောက်ကွယ်သွားကြသည်။

၂ နာရီခန့်အကြာတွင်...

မျိုးနွယ်စုအသီးသီး၏
ဘိုးဘေးများအားလုံး လူသားကမ္ဘာသို့
ရောက်ရှိလာခဲ့ကြသည်။

ခမ်းနားကြီးကျယ်သော

ခန်းမကြီးတစ်ခုထဲတွင် ပါ

လူသားအင်ပါယာအရှင် က ရှေ့သို့

လှမ်းလာကာ "လူတိုင်း၊ နတ်မျိုးနွယ်က

ငါ့လူသားမျိုးနွယ်နဲ့

ကောင်းကင်မျိုးနွယ်ကို အရင်ဦးဆုံး

တိုက်ခိုက်နေပြီ။ ဒါပေမဲ့

မင်းတို့အားလုံးက နောက်ထပ်

ပစ်မှတ်တွေဖြစ်လာမှာပဲ။ အားလုံးသ

ဘောပေါက်လောက်ပြီးထင်ပါတယ်။ မဟုတ်ရင်

မင်းတို့ဒီကိုချက်ချင်းရောက်မှာမဟုတ်ဘူး။ ဒီတော့

တည့်တည့်ပဲပြောမယ်။ ငါတို့မျိုးနွယ်ခြားအားလုံးက အခုအချိန်မှာ

တညီတညွတ်တည်း ပူးပေါင်းရမယ်။

မဟာမိတ်ဖွဲ့ဖို့လို့ပြောရင် ပိုမှန်လိမ့်မယ်”

စကားခဏရပ်ပြီး ခန်းမထဲရှိလူတိုင်းကို တစ်ချက်ကြည့်ကာ "ဒီမှာရှိတဲ့ မျိုးနွယ်စုတိုင်းဟာ အချင်းချင်း ရန်ငြိုးတွေရှိတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ အခုလောလောဆယ် ငါတို့က ဘယ်လိုအခြေအနေမျိုးရောက်နေတယ် ဆိုတာ မင်းတို့အားလုံး သေချာပေါက် သိထားသင့်တယ်။ ငါတို့က ရန်ငြိုးတွေကိုထည့်တွက်ပြီး

အခုမပူးပေါင်းရင် နောင်မှာ

အရာအားလုံးက

အဓိပ္ပါယ်မဲ့သွားလိမ့်မယ်။ ဒါကြောင့်

အခုအချိန်မှာ ငါတို့ကြားက

ရန်ငြိုးတွေအားလုံးကို ဘေးဖယ်ထားပြီး

စည်းလုံးညီညွတ်တဲ့ မဟာမိတ်အဖွဲ့ကို

ထူထောင်ရမယ်။ မဟာလမ်းစဉ် (၄) ခုကို

အားကိုးလို့ မရသလို ကိုယ့်ကိုကိုယ်ပဲ

အားကိုးနိုင်တယ်။ မင်းတို့မှာ
ကန့်ကွက်စရာများရှိသလား”

ခန်းမသည် တိတ်ဆိတ်နေ၏။

ခဏအကြာတွင်
အဘိုးကြီးတစ်ယောက်က ရှေ့သို့
တိုးလာကာ “လူသားအင်ပါယာအရှင်၊
မင်းဘာကို ဆိုလိုတယ်ဆိုတာ ငါတို့
သဘာဝကျကျ နားလည်တယ်။ ဒါပေမဲ့

တစ်ခုခုတော့ လွဲနေပြီလို့

ငါထင်ပါတယ်။ ဥပမာအနေနဲ့

ငါတို့တိုက်ခိုက်နေတဲ့အချိန်မှာ

တချို့မျိုးနွယ်တွေက

နောက်ကျောဓားနဲ့ထိုးရင်

ဘာဖြစ်မလဲ။ ငါက ဒုက္ခဖြစ်အောင်

မကြိုးစားပေမယ့် အဲဒါကို တစ်ခါတည်း

ကြိုပြီးစီစဉ်ထားသင့်တယ်။

ဒီလိုမှမဟုတ်ရင် သေးငယ်တဲ့

ပဋိပက္ခတစ်ခုက
ငါတို့မဟာမိတ်အဖွဲ့တစ်ခုလုံးကို
ပျက်စီးသွားစေနိုင်တယ်”

လူသားအင်ပါယာအရှင်က
ထိုအဘိုးကြီးကို တစ်ချက်ကြည့်လိုက်ပြီး
“အကြီးအကဲ၊ မင်းပြောတာ
လုံးဝမှန်ပါတယ်။
မဟာမိတ်အဖွဲ့မှာ စည်းမျဉ်းစည်းကမ်း
တွေရှိရမယ်၊

ခေါင်းဆောင်တစ်ယောက်လိုတယ်။ ငါတို့

က မဟာမိတ်ခေါင်းဆောင်ကို

အတူတကွရွေးချယ်တာပေါ့။

မျိုးနွယ်စုတိုင်းက

မဟာမိတ်ခေါင်းဆောင်ရဲ့အမိန့်ကိုနာခံရ

မယ်။ ဟုတ်ပါတယ်၊ ငါတို့မှာ

အကြီးအကဲများကောင်စီလည်းရှိမယ်၊

ကောင်စီအဖွဲ့ဝင်တွေက

မျိုးနွယ်ခြားအသီးသီးရဲ့

ဘိုးဘေးတွေဖြစ်လိမ့်မယ်။ အကြီးအကဲ ကောင်စီက ခေါင်းဆောင်ကို မကျေနပ်ရင် ရာထူးကနေ ဖယ်ရှားနိုင်တယ်။ မင်းတို့အားလုံး ဘယ်လိုထင်လဲ"

လူတိုင်း အကြည့်ချင်းဖလှယ်ကြပြီး အဆုံးတွင် ကန့်ကွက်သူမရှိပေ။

လူသားအင်ပါယာအရှင် က ပြုံးပြီး “ဒါဆို ခေါင်းဆောင်ကို ရွေးကြရအောင်”

မဟာမိတ်ခေါင်းဆောင်

ရွေးချယ်သည့်အစီအစဉ် စတင်ပါပြီ။

၂ နာရီအကြာတွင် ရလာဒ်ကို ဆုံးဖြတ်နိုင်ခဲ့၏။

ကောင်းကင်အင်ပါယာအရှင်က
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၏
ခေါင်းဆောင်ဖြစ်လာခဲ့သည်။

လက်ရှိအခြေအနေများကို အခြေခံ၍
ကောင်းကင်မျိုးနွယ် သည်
မျိုးနွယ်ခြားအားလုံးအနက်
အားအကောင်းဆုံးဟု ယူဆနိုင်သည်။

သန်မာသူများသည်

လေးစားခံရသောကြောင့်

ကောင်းကင်အင်ပါယာအရှင်ကို

မဟာမိတ်ခေါင်းဆောင် အဖြစ်

ရွေးချယ်လိုက်သည့်အပေါ်

ကန့်ကွက်သူမရှိကြပေ။

ကောင်းကင်အင်ပါယာအရှင်က ရှေ့ကို

အနည်းငယ်တိုးကာ ပတ်ဝန်းကျင်ကို

စိုက်ကြည့်ရင်း “ငါ

တည့်တည့်သွားလိုက်မယ်။ အခု
တာအိုလမ်းစဉ်ကို
သွားကြရအောင်။ တာအိုလမ်းစဉ် က
ယန်ယဲ့ကို လွှဲမပေးမချင်း ငါတို့
နောက်ပြန်ဆုတ်မှာ မဟုတ်ဘူး။”

"ငါတို့ နောက်ဆုတ်မှာ မဟုတ်ဘူး"

မဟာမိတ်အဖွဲ့၏ အသံများသည်
မိုးချိန်းသံကဲ့သို့ ပဲ့တင်ထပ်နေသည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၉၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဤတွေ့ဆုံမှုအပြီးတွင်

မျိုးနွယ်ခြားအားလုံးက

တစ်သားတည်းဖြစ်သွားခဲ့ကြသည်။

အစပိုင်းတွင်

မဟာမိတ်ဖွဲ့ထားသော်လည်း

နာမည်သာရှိခဲ့သည်။ မျိုးနွယ်စုတိုင်းက

မျှော်လင့်ချက် ပြိုပျက်လာနေသော

အရာကို ဆုပ်ကိုင်ထားဆဲပင်။

နတ်မျိုးနွယ်က သူတို့နှင့် ပြဿနာရှာဖို့

ရောက်လာမည်ဟု မမျှော်လင့်ထားပေ။

သို့သော် ကောင်းကင်ကမ္ဘာ နှင့်

လူသားကမ္ဘာ၏ အဖြစ်အပျက်များက

နတ်မျိုးနွယ်သည်

ရပ်တန့်မည်မဟုတ်ကြောင်း

သိသာစေခဲ့သည်။

ဤအခိုက်အတန့်တွင်
ကောင်းကင်မျိုးနွယ် နှင့် လူသားမျိုးနွယ်
သာမက မျိုးနွယ်ခြားအားလုံး
တစ်သားတည်းဖြစ်နေကြသည်။

တစ်နည်းပြောရလျှင်
လောကသုံးပါးသည်
ရောမုန်တိုင်းကြီးတစ်ခု
အစပြိုးနေပြီဖြစ်သည်။

မဟာမိတ်အစည်းအဝေးမှ

ဆုံးဖြတ်ချက်အရ

"မျိုးနွယ်ခြားမဟာမိတ်အဖွဲ့" ကို

အတည်ပြုခဲ့ကြသည်။

ကောင်းကင်အင်ပါယာအရှင် က

မဟာမိတ်ခေါင်းဆောင် ပင်။ သို့သော်

သူသည် အမြဲတမ်းရာထူးမဟုတ်ခဲ့ပေ။

ခေါင်းဆောင် သက်တမ်းက ၁၀

နှစ်သာကြာခဲ့သည်။ ၁၀ နှစ်ပြည့်သည်နှင့်

အခြားတစ်ယောက်က

မဟာမိတ်ခေါင်းဆောင်တာဝန်ကို

လွှဲပြောင်းယူပေမည်။

တစ်ချိန်တည်းတွင် မျိုးနွယ်ခြားမဟာမိ

တ်အဖွဲ့

တည်ထောင်လိုက်သောသတင်းကြောင့်

လောကသုံးပါးတစ်ခုလုံး

ထိတ်လန့်သွားခဲ့သည်။

အသစ်ဖွဲ့စည်းလိုက်သော

မဟာမိတ်အဖွဲ့၏

ပထမဆုံးလုပ်ဆောင်သည့်အရာမှာ

ပညာရှင် အယောက် ၅၀ ကျော်နှင့်အတူ

တာအိုလမ်းစဉ်သို့ ရောက်ရှိလာခြင်းပင်။

ပညာရှင် အယောက် ၅၀ ။

၎င်းသည် မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၏

အင်အားအပြည့်တော့မဟုတ်ပါ။

သို့သော်

အလွန်ကြောက်စရာကောင်းလှသော

အစုအဖွဲ့ပင်ဖြစ်သည်။ အကြောင်းမှာ

တာအိုလမ်းစဉ်၌ပင်

ပညာရှင်အနည်းငယ်သာ

ပိုင်ဆိုင်ထားလို့ဖြစ်သည်။

တာအိုလမ်းစဉ်၏ ဂိတ်တံခါးဝ...

ဤအခိုက်အတန့်တွင်

တာအိုဝတ်ရုံဝတ်သက်လတ်ပိုင်းအမျိုး

သားတစ်ယောက်

ထွက်လာခဲ့သည်။

သူသည် ထိုနေ့က ယန်ယွဲ့အား

တာအိုလမ်းစဉ်သို့ ပြန်ခေါ်လာသော

တာအိုလင်း ပင်ဖြစ်သည်။

တာအိုလမ်းစဉ်၏

အဌမမြောက်တပည့်ကြီး…

တာအိုလင်း က သူ့ရှေ့မှ

ပညာရှင်အုပ်စုကိုတစ်ချက်ကြည့်လိုက်

ပြီး "မဖိတ်ခေါ်ဘဲ

ရောက်လာတဲ့ဧည့်သည်တွေ၊

မင်းတို့အားလုံး ဒီမှာ

အကြောင်းပြချက်ရှိလို့လား"

ဤနေရာတွင် ပညာရှင် အယောက် ၅၀ ကျော်ရှိသော်လည်း အယောက် ၁၀၀ ပင်လျှင် တာအိုလမ်းစဉ်ကို တုန်လှုပ်သွားစေမည်မဟုတ်ပေ။

တာအိုလမ်းစဉ် က ဖန်ဆင်းရှင်တစ်ပါး ပိုင်ဆိုင်ထားသည်မဟုတ်ပါလား။

ထို့ကြောင့် မဟာလမ်းစဉ် (၄) ခုသည်

မျိုးနွယ်ခြားအားလုံး၏

အထက်၌ရပ်တည်နေခဲ့သည်။

ကောင်းကင်အင်ပါယာအရှင်က ရှေ့သို့

တိုးလာကာ တာအိုလင်း ကို စိုက်ကြည့်ပြီး

“ငါ

ပွင့်ပွင့်လင်းလင်းပဲပြောပါ့မယ်။ ငါတို့က

ယန်ယွဲ့အတွက်ရောက်လာတာပါ။ မင်းသူ့

ကို လွှဲပေးမယ်လို့

ငါတို့မျှော်လင့်တယ်။သူက

ငါတို့မျိုးနွယ်ခြားအားလုံးရဲ့ လုံခြုံရေးနဲ့

ဆက်စပ်နေတယ်”

"ကောင်းကင်အင်ပါယာအရှင်၊

မင်းလာနောက်နေတာလား" တာအိုလင်း

က တဟားဟားရယ်ရင်း “သူက

မျိုးနွယ်ခြားအားလုံးရဲ့ လုံခြုံရေးနဲ့

ဘယ်လိုဆက်စပ်နေနိုင်မလဲ။ ဒါမှမဟုတ်

ငါတို့ရဲ့အငယ်ဆုံးညီလေးက ဖန်ဆင်းရှင်ဖြစ်သွားပြီလား"

ကောင်းကင်အင်ပါယာအရှင်က တာအိုလင်း ကို စေ့စေ့ကြည့်ကာ "တာအိုလမ်းစဉ်က ငါ့ကောင်းကင်ကမ္ဘာနဲ့ လူသားကမ္ဘာမှာဖြစ်ပျက်သွားတာတွေကို သေချာပေါက်သိနေမယ်ထင်ပါတယ်။ ဒါတွေအားလုံးက ယန်ယဲ့ နဲ့

သူ့ရဲ့ဝိညာဉ်အင်ပါယာက

လုပ်ဆောင်ခဲ့တာပဲ…”

တာအိုလင်း က ရုတ်တရက်

စကားဖြတ်မေးလိုက်သည် "ဒါက

နတ်မျိုးနွယ်ပဲ မဟုတ်လား"

ကောင်းကင်အင်ပါယာအရှင်က

ရယ်မောလိုက်ပြီး "ယန်ယဲ့က

နတ်မျိုးနွယ်နဲ့ ပူးပေါင်းထားတာ

လူတိုင်းသိတယ်။ တကယ်လို့

နတ်မျိုးနွယ်က သူ့ရဲ့ဝိညာဉ်အင်ပါယာကို

မသုံးရင်

ငါတို့ကမ္ဘာတွေရဲ့ဝိညာဉ်စွမ်းအင်က

ဘယ်လိုလုပ်ပြီး

ခဏလေးနဲ့ပျောက်သွားမလဲ။

ငါ့ကောင်းကင်မျိုးနွယ်တစ်ခုလုံးက

တာအိုလမ်းစဉ် ကိုယ့်ကြည်ကြတယ်။

ဒါ့ကြောင့် တာအိုလမ်းစဉ်က

တကယ်ပဲဘာမှမလုပ်ဘဲ

ရပ်ကြည့်နေမှာလား။ ဒါမှမဟုတ်

ယန်ယဲ့တစ်ယောက်တည်းက

ငါ့ကောင်းကင်မျိုးနွယ်တစ်ခုလုံးထက်

ပိုအရေးကြီးတာ

ဖြစ်ကောင်းဖြစ်နိုင်မလား"

တာအိုလင်း က

ကောင်းကင်အင်ပါယာအရှင် ကို

စိုက်ကြည့်ကာ "ယန်ယဲ့က

ငါ့တာအိုလမ်းစဉ်ရဲ့

နဝမမြောက်ဆက်ခံသူ ပဲ"

ကောင်းကင်အင်ပါယာအရှင်က

ဂရုမစိုက်ဘဲ တာအိုလင်း ကို ကြည့်ပြီး

"ဒါဆို ယန်ယဲ့က

ငါ့ကောင်းကင်မျိုးနွယ်တစ်ခုလုံးထက်

ကြီးမြတ်တာပေါ့"

တာအိုလင်း ၏မျက်လုံးများက

အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူသည်

ထိုမေးခွန်းကို  သဘာဝအတိုင်း

မဖြေနိုင်ပေ။ ကောင်းကင်မျိုးနွယ်တစ်ခု

လုံးသည် တာအိုလမ်းစဉ်ကို

သက်ဝင်ယုံကြည်ခဲ့ကြသည်။

ထိုယုံကြည်ချက်သည်

တာအိုလမ်းစဉ်အတွက်

ကြီးမားသောအကျိုးကျေးဇူးများ

ယူဆောင်လာခဲ့သည်။

အကယ်၍

ကောင်းကင်မျိုးနွယ်ကိုသာဆုံးရှုံးသွားပါ

က တာအိုလမ်းစဉ် အတွက်

ကြီးမားသော ထိုးနှက်ချက်

ဖြစ်ပါလိမ့်မည်။

တာအိုလင်း က

"ငါတို့စုံစမ်းပြီးပြီ။ ယန်ယဲ့နဲ့

 ဘာမှ မဆိုင်ပါဘူး။ မင်းရဲ့ကမ္ဘာက

ဝိညာဉ်စွမ်းအင်တွေ

ပျောက်ကွယ်သွားတဲ့အခါ ငါ့ညီငယ်က

တာအိုလမ်းစဉ်ကိုယ်စားဗုဒ္ဓလမ်းစဉ်မှာ

ရှိနေခဲ့တာ...”

ကောင်းကင်အင်ပါယာအရှင် က

ရုတ်တရက် ခေါင်းယမ်းလိုက်ပြီး

"ယန်ယဲ့က နတ်မျိုးနွယ်နဲ့

ပူးပေါင်းနေတယ် ဆိုတာ တာအိုလမ်းစဉ်

က သိနေမယ်လို့ ငါထင်တယ် "

တာအိုလင်း က "ဒါက

သူ့ကိုယ်ပိုင်လုပ်ငန်းပါ၊ ငါတို့နဲ့

ဘာမှမဆိုင်ဘူး" ဟု

ခပ်ပြတ်ပြတ်သာပြောလိုက်သည်။

ကောင်းကင်အင်ပါယာအရှင်က ပြုံးပြီး

“တွေ့လား။ ဒါတွေအားလုံးအပေါ်

တာအိုလမ်းစဉ်ရဲ့ သဘောထားပါပဲ”

သူက လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး

“ဒီအခိုက်အတန့်ကစပြီး

ငါ့ကောင်းကင်မျိုးနွယ်က

တာအိုလမ်းစဉ်ရဲ့

ရုပ်ထုတွေအကုန်လုံးကို ဖယ်ရှားပစ်မယ်။

ငါ့ကောင်းကင်ကမ္ဘာမှာရှိတဲ့ ဘယ်သူမဆို

တာအိုလမ်းစဉ်ကို

ယုံကြည်စရာမလိုတော့ဘူး။

မနာခံတဲ့သူတိုင်း အသတ်ခံရမယ်”

"ကောင်းကင်အင်ပါယာအရှင်"

တာအိုလင်း က

ကောင်းကင်အင်ပါယာအရှင် ထံသို့

လျှောက်လာပြီး "မင်း

ငါ့တာအိုလမ်းစဉ်ကို

ခြိမ်းခြောက်နေတာလား။ မင်းရဲ့ကောင်း

ကင်မျိုးနွယ်လား... "

“မှန်တယ်...” ကောင်းကင်အင်ပါယာအရှ

င်က နောက်ဆုတ်မည့်ပုံမပြဘဲ

တာအိုလင်း ကိုစူးစိုက်ကြည့်ကာ

"ဘာလဲ။ တာအိုလမ်းစဉ်က ငါ့ကို

သတ်ချင်တာလား ဒါမှမဟုတ် ငါ့ရဲ့

ကောင်းကင်မျိုးနွယ်တစ်ခုလုံးကို

ဖျက်ဆီးချင်တာလား"

ဤအချိန်တွင် လူသားအင်ပါယာအရှင်

ကလည်း “ဒီအချိန်ကစလို့

ငါ့လူသားမျိုးနွယ်က

လူသားကမ္ဘာမှာရှိတဲ့ တာအိုရုပ်ထုတွေကို

ဖယ်ရှားပစ်မယ်။ ငါ့လူသားမျိုးနွယ်က

တာအိုလမ်းစဉ်ကို ဘယ်သူမှ ယုံကြည်ခွင့်

မပြုဘူး။ ဒါမှမဟုတ်ရင် သူတို့ရဲ့

မိသားစုတစ်ခုလုံး

ပျက်သုဉ်းသွားလိမ့်မယ်”

လူသားအင်ပါယာအရှင်

ရှေ့ထွက်လာသည်နှင့် တစ်ဖွဲ့လုံး

ရှေ့တက်လာကာထောက်ခံကြသည်။

ဤနေရာရှိ လေထုသည်

တင်းမာလာသည်။

တာအိုလင်း က အချိန်တော်တော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

တာအိုကမ္ဘာထဲသို့ ပြန်ဝင်သွားခဲ့သည်။

လူသားအင်ပါယာအရှင်က

ကောင်းကင်အရှင်အား ကြည့်ကာ

"တာအိုလမ်းစဉ်က

သဘောတူမယ်ထင်သလား"

ဟုမေးလိုက်၏။

ကောင်းကင်အင်ပါယာအရှင်က
မျက်လုံးများကိုမှိတ်ပြီး "လူတိုင်း၊
ငါတို့မှာ တခြားရွေးချယ်စရာရှိမယ်
ထင်လား"

အားလုံးတိတ်ဆိတ်သွားကြသည်။

ကောင်းကင်အင်ပါယာအရှင်က "ငါတို့မှာ
တခြားရွေးချယ်စရာမရှိပါဘူး။ ဒါကြော

င့် အဆိုးဆုံးအတွက်

ကြိုတင်ပြင်ဆင်ထားဖို့

အကောင်းဆုံးပါပဲ။ ဟုတ်ပါတယ်၊

မင်းတို့ထဲက တချို့က ဒါဟာ

ကောင်းကင်မျိုးနွယ်နဲ့ လူသားမျိုးနွယ်ရဲ့

အကျိုးစီးပွားလို့

ထင်ကောင်းထင်နိုင်တယ်။ ဒါပေမဲ့

ငါတို့မျိုးနွယ်တွေ ပျက်သုဉ်းသွားတဲ့အခါ

မင်းတို့အားလုံးက သူတို့ရဲ့

နောက်ပစ်မှတ်ဖြစ်လာမှာ

သေချာပါတယ်။ နတ်မျိုးနွယ်က

အတိတ်ရန်ငြိုးကို ကလဲ့စားချေဖို့လုပ်နေ

တာ အသိသာကြီးပဲလေ။ ငါတို့ထဲက

တစ်ယောက်မှ သူတို့ရဲ့ လက်စားချေမှုကို

လွတ်မြောက်နိုင်မှာ မဟုတ်ဘူး”

ဤအတောအတွင်း

အဘိုးကြီးတစ်ယောက်က

“မဟာလမ်းစဉ် (၄) ခုက ငါတို့ကို

ဘာကြောင့် မကူညီတာလဲ။

သူတို့သာ ကူညီမယ်ဆိုရင်

နတ်မျိုးနွယ်က သေချာပေါက်

ပျက်စီးသွားလိမ့်မယ်”

ကောင်းကင်အင်ပါယာအရှင်က

ခေါင်းယမ်းလိုက်သည်။

သူလည်း အဖြေကိုသိချင်နေသည်။

မဟာလမ်းစဉ် (၄) ခုက

မည်သည့်အကြောင်းကြောင့်

ရှေ့ထွက်မလာသနည်း။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာလျှင်

မဟာလမ်းစဉ် (၄) ခုအတွက်

အကျိုးမရှိပေ။

ကံမကောင်းစွာပဲ၊ မဟာလမ်းစဉ် (၄)

ခုကအကြောင်းပြချက် တစ်စုံတစ်ရာပင်

မပေးပေ။

ဤအခိုက်အတန့်တွင်

ပတ်ဝန်းကျင်လေထုသည်

တော်တော်လေး ပြင်းထန်လှသည်။

တာအိုလမ်းစဉ်....

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က

လောကသုံးပါး၏အကန့်အသတ်ထက်ပ

င် ကျော်လွန်နေသော အင်အားစုကို

ရင်ဆိုင်နေကြသည်။ အမှန်တော့
မျိုးနွယ်စုတိုင်းက တာအိုလမ်းစဉ်နှင့်
ချည်နှောင်မှုများကို
မစွန့်လွှတ်ချင်ကြပေ။ သို့သော်
လက်ရှိအခြေအနေက
အခြားသောရွေးချယ်စရာမရှိပါ။

နောက်ပြန်ဆုတ်သွားခဲ့လျှင်
ပျက်သုဉ်းခြင်းသာ
သူတို့ကိုစောင့်ကြိုနေ၏။

ထိုအချက်ကို စဉ်းစားမိသောအခါ

လူတိုင်း စိတ်မသက်မသာ ဖြစ်မှုများ

ပျောက်ကွယ်သွားကြသည်။

...

တာအိုလမ်းစဉ် ။

ဤအချိန်တွင် အဖြစ်အပျက်သည်

တာအိုလမ်းစဉ် အတွက်ပင်

ပြဿနာကြီးတစ်ခုဖြစ်ခဲ့သည်။
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က
အခြေအနေကို အဆုံးအစွန်ထိ
လိုက်ပါမည့်ပုံရ၏။

တာအိုလမ်းစဉ် အတွက်တော့
ကြောက်ရွံ့စရာပင်မလိုချေ။
သို့သော်လည်း
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နှင့်
တိုက်ခိုက်ပါက အခြားမဟာလမ်းစဉ် (၃)

ခုအတွက်သာ အကျိုးရှိပေမည်။
ထို့အပြင် တာအိုလမ်းစဉ်က
စစ်ပွဲကိုအနိုင်ရခဲ့လျှင်ပင်
အများအပြားပေးဆပ်ရပါလိမ့်မည်။

ကုန်ကုန်ပြောရရင်တော့
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နှင့်
ပဋိပက္ခဖြစ်ပွားခြင်းသည် တာအိုလမ်းစဉ်
အတွက် အကျိုးမရှိပေ။

သို့သော်လည်း တာအိုလမ်းစဉ်၏

နဝမမြောက်ဆက်ခံသူ ကို

လက်လွှဲပေးရမည်လော။

ယန်ယဲ့ သည် တာအိုဖန်ဆင်းရှင်

ကိုယ်တိုင်

ရှာဖွေထားသော

နဝမမြောက်ဆက်ခံသူဖြစ်သည်။

တာအိုလမ်းစဉ်က ယန်ယွဲ့အား

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၏လက်ထဲကို

ပေးအပ်ပိုင်ခွင့်မရှိပေ။ ထို့ကြောင့်

တာအိုလမ်းစဉ်က

အတော်လေးအကြပ်အတည်းဖြစ်နေပါ

သည်။

ယန်ယွဲ့ သည် တာအိုခန်းမထဲသို့

ဝင်သွားသည် ။ ခန်းမထဲတွင်

လူသုံးယောက်သာရှိခဲ့သည်။

တစ်ယောက်က တာအိုလင်း၊

ထို့အပြင်

အခြားအဘိုးကြီးတစ်ယောက်နှင့်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးပါရှိနေ

ခဲ့သည်။

တာအိုလင်း က "သူတို့က

မင်းရဲ့စီနီယာအစ်ကိုတွေပဲ။ "တာအိုချင်"

နဲ့ "တာအိုယဲ့" လို့ခေါ်တယ်"

ယန်ယဲ့က အဘိုးကြီးနှင့်

သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ပြီးနောက်၊

“စီနီယာအစ်ကိုတွေကို

နှုတ်ဆက်ပါတယ်”ဟု

ခေါင်းညိတ်ပြလိုက်သည်။

တာအိုချင် နှင့် တာအိုယွဲ့ က
အကြည့်ချင်းဖလှယ်ကြသည်။
တာအိုချင် က "ငါတို့ဆရာက
ဒီစကြဝဠာထဲမှာ မရှိဘူး၊ ဒါကြောင့်
အခုလက်ရှိမှာ ငါတို့ကပဲ တာအိုလမ်းစဉ်
ကို စီမံနေတယ်။ အပြင်မှာ
ဘာတွေဖြစ်ခဲ့လဲ
မင်းသိမယ်ထင်တယ်။ ဒါကြောင့်
မင်းတကယ်ပဲ မင်းရဲ့

ဝိညာဉ်အင်ပါယာနဲ့အတူ လူသားကမ္ဘာ၊

ကောင်းကင်ကမ္ဘာက

ဝိညာဉ်စွမ်းအင်တွေကို

လုယက်ခဲ့တာလား"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“အဲဒီအချိန်တုန်းက

ငါဘယ်ရောက်နေလဲဆိုတာ

စီနီယာအစ်ကိုလင်း သိမယ်လို့

ထင်ပါတယ်”

တာအိုလင်း က ခေါင်းညိတ်လိုက်ပြီး

"သူနဲ့ ဘာမှ မဆိုင်ဘူး"

တာအိုချင် က "ဝိညာဉ်အင်ပါယာက

မင်းနဲ့အတူရှိလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဟုတ်ပါတယ်၊

အမြဲတမ်းငါ့အနားမှာပဲ"

တာအိုချင် က မျက်မှောင်ကြုတ်ကာ

"မင်းနဲ့အတူရှိနေတာဆိုတော့

ဘယ်သူကမှ သတိမထားမိဘဲ

နတ်မျိုးနွယ်က သူတို့ရဲ့

ဝိညာဉ်စွမ်းအင်ကို

ဘယ်လိုယူနိုင်မလဲ။ သူတို့မှာ နောက်ထပ်

ဝိညာဉ်အင်ပါယာ ရှိနေတာများလား"

ယန်ယဲ့က “ဒါတော့ ငါလည်း မသိဘူး။ ဒါပေမဲ့ ငါနှင်းခဲလေးက တကယ်မလုပ်ခဲ့ပါဘူး"

တာအိုချင် က ခဏမျှ ငြိမ်သက်သွားပြီး "ဒါဆို မင်းရဲ့ဝိညာဉ်အင်ပါယာက သူတို့ရဲ့ ဝိညာဉ်စွမ်းအင်တွေ ပြန်ရလာအောင် ကူညီပေးဖို့ ဆန္ဒရှိသလား"

ယန်ယဲ့က

ခပ်ပြတ်ပြတ်ပြင်ပြင်ပြန်ဖြေလိုက်သည်

"မဟုတ်ဘူး"

တာအိုချင် က "ဘာဖြစ်လို့လဲ"

ယန်ယဲ့က ပြုံးပြီး “အစ်ကိုကြီး၊ ငါ

သူတို့ရဲ့ ဝိညာဉ်စွမ်းအင်တွေ ပြန်ရအောင်

ကူညီပေးပြီးရင် သူတို့

ကျေးဇူးတင်မယ်လို့

မင်းထင်နေတာလား။ မဟုတ်ဘူး၊

သူတို့က ကျေးဇူးတင်မှာ မဟုတ်ဘူး၊

ငါ့ကိုသတ်ဖို့တောင်

ကြိုးစားကြလိမ့်မယ်။ ဒါ့အပြင်

နတ်မျိုးနွယ်က

ဒီအရာတွေရဲ့နောက်ကွယ်မှာရှိနေတာဆို

ရင် ငါကူညီလိုက်တာနဲ့နတ်မျိုးနွယ်ကို

အလိုလိုဆန့်ကျင်လိုက်တာပဲ။

ရိုးရိုးသားသား ဝန်ခံပါရစေ၊
နတ်မျိုးနွယ်က ငါ့ကို ပြဿနာလာရှာရင်
လူသားမျိုးနွယ်နဲ့ ကောင်းကင်မျိုးနွယ်က
ငါ့ကို ကူညီမှာလား။ သူတို့ မလုပ်ဘူး
ဟုတ်တယ်မလား"

တာအိုချင် က တိတ်ဆိတ်သွားသည်။

ယန်ယွဲ့က ဆက်ပြောလိုက်သည်
“အစ်ကိုကြီး၊ ဒါက ငါနဲ့ မဆိုင်ပါဘူး။

ဒါပေမဲ့ သူတို့က ငါ့အတွက်

ရောက်လာတာပါ။

ဘာကြောင့်လဲဆိုတော့ သူတို့က

နတ်မျိုးနွယ်ကို

ပြဿနာမရှာရဲလို့။ သူတို့က ငါ့ကိုပဲ

လိုချင်နေတာ။ ရိုးရိုးသားသားပြောရရင်

ငါ

တော်တော်လေးစိတ်မကောင်းဖြစ်မိတယ်

။

နောက်ကွယ်က တရားခံကိုရှာမယ့်အစား

ငါ့ကိုပြသနာရှာဖို့ပဲလုပ်နေတယ်။

သူတို့က ငါယန်ယွဲ့ကို အနိုင်ကျင့်ဖို့

လွယ်တယ်လို့ ထင်နေတာလား”

တာအိုလင်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "သူတို့ရဲ့

စိတ်အခြေအနေက

ရှုံးသွပ်လုနီးနီးဖြစ်နေပြီ။

ဘာ့ကြောင့်လဲဆိုရင် သူတို့ရဲ့

ဝိညာဉ်စွမ်းအင်တွေ ဆုံးရှုံးသွားတာက သက်ဆိုင်ရာမျိုးနွယ်စုတစ်ခုလုံး ပျက်စီးသွားစေနိုင်တယ်”

ယန်ယဲ့က “အစ်ကိုကြီး၊ မင်းဘာတွေတွေးနေတာလဲ။ မင်းက ငါ့ကို သူတို့လက်ထဲ လွှဲပေးဖို့ စီစဉ်နေတာလား"

တာအိုချင် က "မင်းဘယ်လိုထင်လဲ"

ယန်ယဲ့က ပြုံးပြီး "မသိဘူး၊ ဒါပေမဲ့

တာအိုလမ်းစဉ်က အခုရင်ဆိုင်နေရတဲ့

အခြေအနေကို ငါသိပါတယ်။ ဒီတော့ ငါ

ထွက်သွားဖို့

အစီအစဉ်ရှိတယ်။ ငါထွက်သွားတဲ့အခါ

သူတို့က တာအိုလမ်းစဉ်ကို

ပြဿနာရှာမှာမဟုတ်ဘူး"

"တာအိုလမ်းစဉ်က

ထွက်သွားမလား" တာအိုချင် က

မျက်မှောင်ကြုတ်ကာ "ဘယ်သွားမှာလဲ"

ယန်ယဲ့က ပြုံးလိုက်ပြီး "သူတို့က ငါ့ကို

ဘယ်လို

အမဲလိုက်နိုင်မလဲကြည့်ရအောင်။

နှင်းပွင့်လေးက သူတို့ရဲ့

ဝိညာဉ်စွမ်းအင်ကို လုယူတယ်လို့

ပြောနေတာမဟုတ်ဘူးလား။

ကောင်းပြီ၊

ငါတကယ်လုယူလိုက်မယ်။ သူတို့ရဲ့

သက်ဆိုင်ရာကမ္ဘာတွေကနေ

ဝိညာဉ်စွမ်းအင်တွေ မကျန်တော့တဲ့အထိ

အကုန်လုံးလုယက်လိုက်မယ်။ ဒါ့အပြင်

ဒီလောကရဲ့ ဝိညာဉ်စွမ်းအင်ကို

အကုန်လုံးလုယက်နိုင်ရင်

ပိုကောင်းလိမ့်မယ်။ အားလုံး အတူတူ

ဒုက္ခရောက်ကြရအောင်။ ဘယ်သူက

ကြောက်စရာအကောင်းဆုံးလည်းဆိုတာ

လက်တွေ့ပြလိုက်မယ်”

စကားပြောပြီးနောက် ယန်ယဲ့ က

လှည့်ထွက်သွားတော့သည်။

Translated By NyiNyiSoe

May Be:

…အပိုင်း ၂၄၉၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့ လှည့်သွားသည့်အခါ မည်သူမှ မတားကြပေ။ ဤအချိန်တွင် တာအိုလင်းနှင့် အခြားလူတိုင်း နှုတ်ဆိတ်နေခဲ့သည်။ ယန်ယဲ့ကို ထွက်မသွားရန် မပြောကြပေ။

မဟုတ်ပါက တာအို လမ်းစဉ်အနေဖြင့်
ကာကွယ်ပေးရပါမည်။

သို့သော်လည်း တာအိုလမ်းစဉ်သည်
ယန်ယဲ့ကို ကာကွယ်ချင်သည် ဆိုပါက
အခြား မျိုးနွယ်များနှင့်
ရန်သူဖြစ်လာပေမည်။
တာအိုလမ်းစဉ်သည် လက်ရှိအချိန်တွင်
မည်သည့်ဘက်ကမှ ဝင်မပါနိုင်ပေ။
ယန်ယဲ့အတွက်နှင့်

မျိုးနွယ်ခြားမဟာမိတ်များကို
ရန်သူမဖြစ်ရသည်မှာ မတန်ပေ။ သို့သော်
တာအိုလမ်းစဉ်သည် ယန်ယဲ့ကို
လက်လွှတ်ပေးမည်ဆိုလျှင်
တာအိုလမ်းစဉ်အပေါ် ဆိုးရွားစွာ
သက်ရောက်မှုရှိစေပါလိမ့်မည်။

ထို့ကြောင့်  တာအိုလမ်းစဉ်အမြင်အရ
ယန်ယဲ့ထွက်သွားသည်က
အကောင်းဆုံးရလဒ်ပင်။ ယန်ယဲ့

ထွက်သွားသရွေ့

အခြားမျိုးနွယ်ခြားများက

တာအိုလမ်းစဉ်ကို

ရောက်လာကြမည်မဟုတ်ပေ။

သဘာဝအတိုင်း တာအိုလမ်းစဉ်၏

ပြဿနာအားလုံးကို

ဖြေရှင်းနိုင်ပါလိမ့်မည်။

"သူ့စိတ်ထဲမှာ တစ်ခုခု တေးမှတ်ထားတာ

ဖြစ်ကောင်းဖြစ်နိုင်တယ်"

တစ်ချိန်တည်းမှာပင် တာအိုရဲ့က ဆတ်ခနဲ ပြောလိုက်သည်။

တာအိုလင်းက ကောင်းက ကိုအနည်းငယ် ခါးယမ်းလိုက်ပြီး "ငါတို့ ရင်ဆိုင်နေရတဲ့ အခက်အခဲကို သူနားလည်သင့်တယ်"

"တာအိုလမ်းစဉ်က အခုသူတို့နဲ့ ပဋိပက္ခဖြစ်ရင် အခြားမဟာလမ်းစဉ်ကိုပဲ

အကျိုးပြုလိမ့်မယ်။ ဒါ့အပြင်
နတ်မျိုးနွယ်လည်း ရှိနေသေးတယ်။
သူ့အတွက်တော့
ငါတို့တက်နိုင်သလောက် ကူညီရအောင်”

စကားပြောနေရင်း တာအိုလင်းကို
စိုက်ကြည့်နေသည်။

တာအိုလင်းက “ကူညီမှာလား...။
စီနီယာတို့ သူ့အပြင်ထွက်ရင်

တစ်ရက်လောက် အသက်ရှင်တာနဲ့တင်

ပြဿနာဖြစ်လိမ့်မယ်”

တာအိုလင်းက

ခဏလောက်တိတ်ဆိတ်သွားပြီး “ဒါဆို

သူ့ကိုနှင့်သူပေါ့”

တာအိုဝတ်ရုံအဘိုးအို၏

တပည့်များအဖြစ် သူတို့၏

ဆက်ဆံရေးက အမှန်တော့

တာအိုလမ်းစဉ်၏ ဆက်ခံသူများ

အကြားတွင် နွေးထွေးသော

ဆက်ဆံရေးမရှိပါ။

ယန်ယဲ့သည် တာအိုလမ်းစဉ်သို့

ရုတ်တရက် ဝင်ရောက်လာသည့်

အငယ်ဆုံး ညီဖြစ်သူသာဖြစ်သည်။

ထို့ကြောင့် ယန်ယဲ့နှင့် ပတ်သက်၍

သူတို့သည် ဘာမှမခံစားရပေ။

အကြောင်းမှာ ရိုးရှင်းသည်

တာအိုလမ်းစဉ်၏ ဆက်ခံသူတိုင်းက
ယန်ယွဲ့ဟာ သူတို့နှင့် မတူကြောင်း
ခံစားမိလို့ပါ။

တာအိုလမ်းစဉ်တွင် ရုတ်တရက်
ဝင်ရောက်လာသူနှင့် မတူညီသော
တစ်စုံတစ်ယောက်။ ထို့ကြောင့်
တာအိုလမ်းစဉ်၏ အဖွဲ့ဝင်များသည်
အများအားဖြင့် ယန်ယွဲ့အပေါ်
စူးစမ်းလိုစိတ်ရှိကြသည်။

တာအိုဝတ်ရုံအဘိုးအိုက ဆက်ခံသူ
အသစ်တစ်ယောက် မည်သည်ကြောင့်
ခေါ်ဆောင်လာသည်ကို
သိချင်နေခဲ့သည်။ အတိုချုံးပြောရရင်
တာအိုလမ်းစဉ်အမြင်အရ ယန်ယဲ့ကို
ထွက်သွားခိုင်းခြင်းသာလျှင်
ပြဿနာကိုဖြေရှင်းရန် အကောင်းဆုံး
နည်းလမ်းဖြစ်သည်။

ခန်းမအထဲမှ ထွက်လာပြီးနောက်

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်ကာ ရယ်မောလိုက်သည်။

သူထွက်သွားခါနီးတွင်

တာအိုလင်းပေါ်လာသည်။

တာအိုလင်းက “မင်း

ဒေါသထွက်နေသလား...”

ယန်ယဲ့က ခေါင်းခါလိုက်သည်။

“မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့

ငါက တာအိုလမ်းစဉ်အပေါ်မှာ

ဘာမျှော်လင့်ချက်မှ မထားဘူး။

အခြားသူတွေအပေါ်

ဘယ်လိုမျှော်လင့်ချက်မှ မထားလို့။

ဒါ့အပြင် တာအိုလမ်းစဉ်က ငါ့အတွက်

ဘာမှလုပ်ပေးဖို့ တာဝန်မရှိဘူး”

တာအိုလင်းက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

“ဒီအဖြစ်အပျက်က

နည်းနည်းတော့ ရှုပ်ထွေးတယ်။

နတ်မျိုးနွယ်က ရက်စက်လွန်းတယ်။

သူတို့က မျိုးနွယ်ခြားအားလုံးကို

ထောင့်စွန်း (ဒါမှမဟုတ်) ချောက်ကမ်းပါး

အစွန်းအထိ အတင်းအကျပ်

ပို့လိုက်တဲ့အတွက် အခု

ခွေးရူးတွေလိုဖြစ်နေပြီ။ မြင်မြင်ရာလူကို ကိုက်လိမ့်မယ်။ ဒါပေမဲ့ တာအိုလမ်းစဉ်က ဒီလို ပဋိပက္ခတွေမှာ ဝင်ပါလို့မရသေးဘူး အနည်းဆုံးတော့ အခုမဟုတ်ဘူး။ ဆရာက လောကသုံးပါးမှာမရှိလို့ နည်းနည်းလေး မှားတာနဲ့ တာအိုလမ်းစဉ်ကို အန္တရာယ် ဖြစ်နိုင်တယ်”

ယန်ယဲ့က ပြုံးပြီး “ငါနားလည်ပါတယ်”

တာအိုလင်းက

ခေါင်းညိတ်လိုက်ပြီး“ကောင်းပြီ။ မင်းကို

လိုက်ပို့ပေးမယ်။ မင်းစိတ်ထဲမှ

တစ်နေရာရာရှိသလား...”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မဟုတ်ဘူး။

မင်းမှာ အကြံညာဏ်တွေရှိသေးလား...”

တာအိုလင်းက အကြာကြီး

ငြိမ်သက်သွားသည်။ “နတ်မျိုးနွယ်

ဘယ်မှာရှိလဲဆိုတာ မင်းသိလား...”ဟု

ပြောလိုက်သည်။

ယန်ယွဲ့ကပြုံးလိုက်ပြီး “မင်း ငါ့ကို

နတ်မျိုးနွယ်ဆီ သွားစေချင်တာလား...”

တာအိုလင်းက ခေါင်းညိတ်လိုက်သည်“

လောလောဆယ်မှာ နတ်မျိုးနွယ်ကပဲ

မင်းကို  အသက်ရှင်အောင်

ကာကွယ်ပေးထားနိုင်တယ်။

မင်းသူတို့ဆီရောက်သွားရင်

အခြားမျိုးနွယ်ခြားတွေ အကုန်လုံး

ဘာမှလုပ်နိုင်တော့မှာမဟုတ်ဘူး”

ယန်ယဲ့က ပြုံးပြီး “နတ်မျိုးနွယ်က ငါ့ကို

ဘာမှအကြွေးတင်မထားပါဘူး။ ဒါဆို

သူတို့က ဘာလို့ ငါ့ကို

ကာကွယ်ရမှာလဲ…။ မေ့လိုက်ပါ

နှုတ်ဆက်ပါတယ်” စကားပြောပြီးနောက်
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ထွက်သွားသည်နှင့် တာအိုချင်းက
တာအိုလင်းအနားတွင် ပေါ်လာပြီး
“သူက နတ်မျိုးနွယ်ကို သွားမှာလား...”

“ဖြစ်နိုင်ချေအရမ်းများတယ်”

တာအိုလင်းက "ဘာလို့လဲ...။ အစ်ကိုကြီး မင်းက သူ့ကို နတ်မျိုးနွယ်ဆီ သွားစေချင်တာလား...”

တာအိုချင်းက ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်ပြီး “ငါသူ့ကို နတ်မျိုးနွယ်ထဲ မဝင်စေချင်ဘူး။ ဒါပေမဲ့ သူလည်း ဝင်ရောက်ပြီးသားပါ။ နတ်မျိုးနွယ်က သူတို့ရဲ့ရည်ရွယ်ချက်ကို

ပြုတ်ပြုတ်သားသားထုတ်မပြသေးပေမယ့် တခြားမျိုးနွယ်ခြားတွေအားလုံးကို ရင်ဆိုင်ပြီးတာနဲ့ မဟာလမ်းစဉ်လေးခုကို ဦးတည်လိမ့်မယ်”

တာအိုလင်းက “ဒါဆို ငါတို့ အခု ဘာလို့ မလှုပ်ရှားတာလဲ…”

တာအိုချင်းက “ ငါတို့မှာ
ပိုကြောက်စရာကောင်းတဲ့ ရန်သူရှိလို့ပဲ”

“ဟင့် ဟမ်”

တာအိုလင်းက တာအိုချင်းကို

စူးစိုက်ကြည့်ပြီး

နောက်ထပ်မပြောတော့ပါ။

အချိန်သိပ်မကြာလိုက်ပေ

တာအိုလမ်းစဉ်မှ

ယန်ယဲ့ထွက်ခွာသွားသည့်သတင်းသည်

ပျံ့နှံ့သွားသည်။ ယန်ယဲ့သည်

တာအိုလမ်းစဉ်မှာ မရှိတော့ပါ။
တစ်နည်းအားဖြင့် တာအိုလမ်းစဉ်က
ယန်ယဲ့ကို အကာအကွယ်မပေးတော့ဟု
ဆိုလိုသည်။ ထို့ကြောင့် ယန်ယဲ့နှင့်
ရန်ငြိုးရှိထားသူ တော်တော်များများက
မငြိမ်မသက်ဖြစ်နေကြတော့သည်။

အထူးသဖြင့် ပညာရှင်မဟာမိတ်အဖွဲ့ပင်။

သူတို့၏အမြင်အရတော့

ဤအခြေအနေသည် ယန်ယဲ့ကို

ပေါ်တင်သတ်ဖို့အကောင်းဆုံး

အခွင့်အရေးပင်။

တာအိုလမ်း၏ အဝင်အဝတွင် …

ယန်ယဲ့က တာအိုလမ်းစဉ်ကနေ

ထွက်သွားပြီ။

တာအိုလမ်းစဉ်မှ

ပညာရှင်မဟာမိတ်အဖွဲ့အတွက်

အဖြေဖြစ်သည်။

ကောင်းကင်အင်ပါယာအရှင်က

တာအိုလမ်းစဉ်၏ အဝင်အဝကို

လှမ်းကြည့်လိုက်ပြီး "ဒီအချိန်ကစလို့

ယန်ယဲ့ကို ရှာဖွေဖို့အတွက်

မင်းတို့မျိုးနွယ်စုရဲ့

ရနိုင်သမျှအရင်းအမြစ်တွေကို

အသုံးပြုပါ။ ယန်ယဲ့က

အလယ်အလတ်စျာန်သခင်ပဲဆိုပေမဲ့

သူ့ခွန်အားကို လျှော့တွက်လို့မရဘူး။

သူက ပညာရှင်တွေကို သတ်နိုင်တယ်။

ဒါကြောင့် ယန်ယဲ့ကို ရှာတွေ့ပြီးဆိုတာနဲ့

အနည်းဆုံး ပညာရှင် (၃)ယောက်မပါဘဲ

အလောတကြီး မတိုက်ခိုက်နဲ့”

လူသားအင်ပါယာအရှင်က ရုတ်တရက်
"သူက နတ်မျိုးနွယ်ကို သွားနိုင်လား..."
ဟုမေးလိုက်သည်။

ကောင်းကင်အင်ပါယာအရှင်က သူ၏
လက်သီးများကို ဖြည်းညင်းစွာ
ဆုပ်လိုက်သည်။ "သူအဲ့ဒီကိုမသွားခင်
ငါတို့တွေအောင်ရှာရမယ်"

ကောင်းကင်အင်ပါယာအရှင်

အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်

ယန်ယဲ့၏အမည်သည်

လောကသုံးပါးအနှံ့ ပျံ့နှံ့သွားသည်။

မျိုးနွယ်ခြားအသီးသီးက

သတ်ချင်နေကြသည်။

ပညာရှင်မဟာမိတ်အဖွဲ့က

ဖမ်းဝရမ်းထုတ်ထား၏။

သမိုင်းတွင် ထိုကဲ့သို့ အမဲလိုက်ခံရမှုမျိုး

မည်သူမျှ မကြုံဖူးပါ။

ယန်ယဲ့၏အောင်မြင်မှုများသည်

မကြုံစဖူးဟုပင် ဆိုနိုင်သည်။

အကြောင်းမှာ ယန်ယဲ့ဟူသောအမည်ကို

လူတိုင်းသိထားပြီးသား ဖြစ်ပေသည်။

တောင်ထိပ်အပေါ်တွင်။

ယန်ယဲ့ အနားတွင် ဓားတစ်ချောင်း လွင့်မျောနေသည်။ ရွှေဓားတစ်လက်။ လောကသုံးပါး၏ အမြင့်မြတ်ဆုံးရတနာ အဓိပတိဓား။

ယန်ယဲ့က ဓားကို စိုက်ကြည့်ပြီး "မင်းတစ်ခုခုလိုသေးလား…"ဟု မေးလိုက်သည်။

အဓိပတိဓား၏ ဝိညာဉ်က

“မျိုးနွယ်ခြားအားလုံးက နင့်အပေါ် ဖမ်းဝရမ်း ထုတ်ထားကြပြီး”ဟု ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဓားဝိညာဉ်က ခဏမျှ ငြိမ်သက်သွားပြီး

“လွန်ခဲ့တဲ့ နှစ်တွေတုန်းက လောကသုံးပါးမှာ နတ်မျိုးနွယ်က

အစွမ်းအထက်ဆုံးပဲ။

အခြားမျိုးနွယ်တွေ အားလုံးက သူတို့ကို

နာခံကြရတယ်။ အဲ့ဒီအချိန်မှာ

မျိုးနွယ်ခြားအားလုံးက

မထင်မှတ်ထားဘဲ စည်းလုံးခဲ့တယ်။

အထူးသဖြင့် လူသားတွေနဲ့ နတ်ဆိုးတွေ

မဟာမိတ် ဖွဲ့လိုက်တာပဲ။ သူတို့က

နတ်ဆိုးတွေနဲ့ ပူးပေါင်းထားတဲ့

မြင်းတပ်ကို ဖွဲ့စည်းပြီး နတ်မျိုးနွယ် ရဲ့

စစ်တပ်ကို အကြိမ်ကြိမ်အနိုင်ယူခဲ့တယ်။ အဲ့ဒီအချိန်မှာ မျိုးနွယ်ခြားအားလုံးက ညီအစ်ကိုတွေလိုပဲ စည်းလုံးညီညွတ်ကြတယ်။ အခုက အရင်နဲ့ လုံးဝမတူတော့ဘူး”

ယန်ယဲ့က “အချိန်က အရာရာတိုင်းကို ပြောင်းလဲစေနိုင်တယ်”

“တကယ်ပါပဲ”

ဓားဝိဉာဉ်က ဆက်ပြောသည်

“ဒီလောကကို ကြည့်ရတာ ငါအရမ်း

စိတ်ပျက်နေမိပြီ”

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။

ဓားဝိဉာဉ်က “တကယ်တော့ ရှီထျန်းက

တကယ်မသေခဲ့ဘူး”

“ဘာလဲ…”

ယန်ယဲ့က ဓားဝိညဉ်ကို
အံ့အားသင့်စွာဖြင့် မေးကြည့်ရင်း
“နတ်မျိုးနွယ်ရဲ့ ဘိုးဘေး
မသေသေးဘူးလား…”

ဓားဝိညဉ်က “သူက မမြင်နိုင်တဲ့
ခွန်အားအဆင့်မှာ ရှိနေတယ်။
ရှမ်းယွမ်နဲ့ငါ သူ့ကို

တကယ်မသတ်ခဲ့ဘူး။ သူ့အဆင့်က
ပညာရှင်တွေဆိုတာ
သတ်ဖို့အရမ်းခက်တယ်”

ယန်ယဲ့က “သူဘယ်ထွက်သွားတာလဲ…”

ဓားဝိညာဉ်က “ငါလည်း မသိဘူး။
အဲ့ဒီတိုက်ပွဲမှာ သူ့ခန္ဓာကိုယ်နဲ့
မူလဝိညာဉ်ကို ငါတို့ ဖျက်ဆီးခဲ့တယ်။
ဒါပေမဲ့ သူရဲ့ အသိစိတ်ကိုတော့

မဖျက်ဆီးနိုင်ခဲ့ဘူး။ နှစ်တွေ
အများကြီးကြာလာပြီးဆိုတော့…”

ဤအချိန်တွင် သူမဆက်မပြောတော့ပေ။

ယန်ယဲ့က “အခြားမျိုးနွယ်တွေ
ရှိသလား…”

“သူတို့ မသိဘူး”

ဓားဝိဉာဉ်က ဆက်ပြောသည်။

"ရှမ်းယွမ်နဲ့ငါပဲသိတယ်။ သူတို့ကို အန္တရာယ်ကင်းဖို့ ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး။ နောက်တော့ အခြားသူလက်ထဲ သေသွားမယ်လို့ မမျှော်လင့်ထားခဲ့ဘူး"

ယန်ယဲ့က "သူ့ကို ဘယ်သူသတ်လိုက်တာလဲ..."

ဓားဝိညာဉ်က “လူတော်တော်များများက

သူ့ကို ဒုတိယ

ရှီးထျန်းမဖြစ်စေချင်တော့လို့

အမြင့်မြတ်ဆုံးအုပ်ချုပ်သူလည်း

မဖြစ်စေချင်ဘူး။ ဒီတော့

သူအသတ်ခံရတယ်။

ပြိုင်ပရန်သူမရှိသရွေ့မျိုးနွယ်ခြားတွေ

အားလုံးက အတွင်းရေးတိုက်ပွဲတွေ

ရွေးချယ်ရတာ သဘာဝပဲ”

ယန်ယဲ့က ဓားဝိညာဉ်ကို

စိုက်ကြည့်လိုက်သည်။ "ဒါတွေအားလုံး

ငါ့ကို ဘာလို့ပြောပြနေတာလဲ..."

အဓိပတိဓားက ယန်ယဲ့ဆီသို့

ပျံဝဲလာသည်။

"ငါနင်နဲ့အတူရှိနေတာကြာပြီး နင်က

လူကောင်းတော့မဟုတ်ဘူး။ ဒါပေမဲ့

လူဆိုးတို့ ခေါ်မရပြန်ဘူး။

အပြန်အလှန်အနေနဲ့ နင့်မှာ

ငါသဘောကျတဲ့ အရည်အချင်းတွေ
အများကြီးရှိတယ်။ ငါနင့်ကို
တစ်ခုမေးပါရစေ။ အကယ်လို့
နတ်မျိုးနွယ်က တစ်နေ့မှာ
မျိုးနွယ်ခြားအားလုံးကို သတ်ဖြတ်ဖို့
ကြိုးစားရင် နတ်မျိုးနွယ်ကို တိုက်ခိုက်ဖို့
ကူညီမှာလား…”

ယန်ယဲ့ကပြုံးပြီး “ငါမလုပ်ဘူး”

ဓားဝိဉာဉ်က “နင့်ကို သတ်ဖို့

ကြံစည်ကြလို့လား...”

ယန်ယဲ့က “ငါသူတို့ကို

ကူညီမယ်လို့ပြောရင်

မင်းငါ့နောက်လိုက်ဖို့ ရွေးချယ်မှာလား...”

ဓားဝိဉာဉ်က "ဟုတ်တယ်” ဟု

ပြန်ဖြေသည်။

ယန်ယဲ့ကပြုံးပြီး "ကံမကောင်းစွာဘဲ ငါမလုပ်နိုင်ဘူး"

ဓားဝိညဉ်က တိတ်ဆိတ်သွားသည်။

ယန်ယဲ့က

ကောင်းကင်ကိုမော့ကြည့်လိုက်သည်။ "ငါယန်ယဲ့က ငါ့တစ်သက်တာမှာ ငါ့အပေါ်သစ္စာမဖောက်တဲ့သူတွေကို ဘယ်တုန်းကမှ သစ္စာမဖောက်ဖူးဘူး။

နတ်မျိုးနွယ်က ဘယ်တုန်းကမှ
သစ္စာမဖောက်ခဲ့ဖူးဘူး။ဒီတော့ ငါက
ဘာကြောင့် သူတို့ကို ဆန့်ကျင်ရမှာလဲ...။
အခြားမျိုးနွယ်ခြားတွေက ငါ့ကို ဒီလိုမျိုး
ဆက်ဆံတာဆိုတော့ ဘာကြောင့်သူတို့ကို
ကူညီသင့်တာလဲ... ရန်ငြိုးကို ကြင်နာမှုနဲ့
ပြန်ဆပ်သင့်လား...စိတ်မကောင်းပါဘူး။
ငါက ဒီလောက်
ကြီးမြတ်နေတာမဟုတ်ဘူး”

ဓားဝိညာဉ်က “ရှိထျန်းပြန်လာခဲ့ရင် လောကသုံးပါးမှာရှိတဲ့ သက်ရှိ သတ္တဝါတွေ အကုန် သေရလိမ့်မယ်”

ယန်ယဲ့က ဓားဝိညာဉ်ကို စကားဖြတ်ပြောလိုက်သည်။ “ငါသေသွားရင် ဘယ်သူက ကူညီမှာလဲ…” ဟုမေးလိုက်သည်။

ဓားဝိညာဉ်က တိတ်ဆိတ်သွားသည်။

ယန်ယဲ့က ဆက်ပြောသည်။ “ဒါ့အပြင် ငါကနတ်မျိုးနွယ်ကို တိုက်ခိုက်ဖို့ ခွန်အားမရှိဘူး။ ပြီးတော့ ငါရိုးရိုးသားသားပြောရရင် မင်းအမြင်မှာ နတ်မျိုးနွယ်က ရက်စက်ကောင်း ရက်စက်နိုင်ပေမဲ့။ ငါ့အမြင်မရတော့ အခြားမျိုးနွယ်ခြားတွေကို ချေမှုန်းပစ်သင့်တယ်”

သူက ခဏရပ်ပြီး “ဓားဝိဉာဉ်

ငါပွင့်ပွင့်လင်းလင်းပဲပြောမယ်။ မင်း

ငါ့နောက်ကို လိုက်ဖို့ ဆန္ဒရှိနေရင်

အရမ်းပျော်မိမှာ။ ဘာလို့လဲဆိုတော့

မင်းသာငါ့အနားမှာရှိနေရင်

ပညာရှင်တွေကို

ဂရုစိုက်စရာမလိုတော့ဘူး။ ဒါပေမဲ့

မင်းနောက်ကိုမလိုက်ရင်လည်း

ငါစိတ်ပျက်မှာ မဟုတ်ဘူး။

အတိုချုံးပြောရရင် နတ်မျိုးနွယ်နဲ့

အခြားမျိုးနွယ်ခြားတွေကို

ဘယ်လိုပဲတွေးတွေး ငါတို့က

ခင်ခင်မင်မင်နဲ့ ကောင်းသောလမ်းခွဲခြင်း

ဖြစ်နိုင်မယ်လို့ မျှော်လင့်ပါတယ်”

ဤအချိန်တွင် နှင်းပွင့်က မူလစေတီထဲမှ

ရုတ်တရက် ထွက်လာသည်။ သူမက

ယန်ယဲ့၏ ပခုံးပေါ်သို့ ပျံတက်သွားပြီး

ခေါင်းလေးကို သူ့မျက်နှာနှင့်

မှီထားသည်။ ထို့နောက် အဓိပတိဓားကို

စိုက်ကြည့်နေသည်။ သို့သော်လည်း

ဤအချိန်တွင် သူမလေးက

ကိုင်မထားတော့ပေ။ သေချာသည်မှာ

နှင်းပွင့်လေးက သူမ၏ရပ်တည်ချက်ကို

ရှင်းရှင်းလင်းလင်း ပြသခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့အနားတွင်

အတူရှိနေပေမည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းကို ညင်သာစွာ

ပွတ်သပ်ပြီး “အခြားမျိုးနွယ်စုတွေ က

မင်းကို ဆဲဆို ကြိမ်းမောင်းတယ်။ သူတို့ရဲ့

ဓားတွေ ခိုးယူတယ်လို့ ပြောကြတယ်။

ဟမ့်  အဲ့ဒီတော့ ငါတို့က သူတို့ရဲ့

ဝိညဉ်စွမ်းအင်ကို မခိုးရင် ကိုယ့်ကိုယ်ကို

အများလုပ်သလို ဖြစ်လိမ့်မယ်။ လာ

လောကသုံးပါးမှာ

ဘာမှမကျန်တော့တဲ့အထိ သူတို့ရဲ့

ဝိညာဉ်စွမ်းအင်ကို

လုယက်လိုက်ရအောင်”

ထို့နောက် ကောင်းကင်ကို မော့ကြည့်ကာ

“ချောက်ကမ်းပါး အစွန်းအထိ

တွန်းပို့ခံရတာက ငါနဲ့အတူ

ဆွဲချလိုက်မယ်။ လာပါ သူတို့ရဲ့

ဝိညာဉ်စွမ်းအင်တွေကို သွားပြီး

ခိုးယူကြရအောင်”

စကားပြောပြီးနောက် နှင်းပွင့်ကို
ပွေ့ချီလျက် တောင်တန်းမှ
ပျောက်ကွယ်သွားခဲ့သည်။
အဓိပတိဓားသာလျှင် ဤနေရာတွင်
ကျန်နေခဲ့သည်။
သူတို့ထွက်သွားပြီးနောက် ဓားဝိညာဉ်က
တောင်ထိပ်တွင် အချိန်အတော်ကြာ
တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

ပတ်ဝန်းကျင်တွင်

အလင်းတန်းတစ်ခုလင်းလက်သွားပြီး

“ဆူး...”

အဝေးရှိ ဒါဇင်ချီသော

တောင်ထိပ်များကို

ဖြတ်တောက်ပစ်လိုက်သည်။

ရုတ်တရက် ဓား နှင့် မလှမ်းမကမ်း၌

လက်မဲ့လူတစ်ယောက်ပေါ်လာသည်။

Translated by NyiNyiSoe.

May Be:

...အပိုင်း ၂၄၉၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လက်မဲ့လူက အဓိပတိဓားကို ငုံ့ကြည့်ကာ "ဘာလို့လဲ၊ ဘာအတွက် သူ့ကို ရွေးလိုက်တာလဲ..." ဟုမေးလိုက်သည်။

ဓားဝိညာဉ်က "နင်ကဘယ်သူလဲ..." ဟု မေးခွန်းတစ်ခုနှင့် ပြန်ဖြေသည်။

လက်မဲ့လူက "ဒါကိုမင်းသိဖို့မလိုဘူး။ ငါသိချင်မိတယ် မင်းသူ့ကို ဘာကြောင့်

ရွေးခဲ့တာလဲ သိချင်နေတာ။ ဒီအတွက်
ငါလာမေးတာပဲ”

ဓားဝိညဉ်က အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီး “နင်က
အရမ်းသန်မာတယ်”ဟု ပြန်ပြောသည်။

“ဟား…ဟား…”

လက်မှဲ့လူက ရုတ်တရက်
ရယ်မောလိုက်သည်။ “ဒါက
အမှန်တရားတစ်ခုလို့ ငါဝန်ခံပါတယ်”

ဓားဝိညဉ်က “သူဟာ
အလယ်အလတ်စျာန်သခင်ပဲ ဆိုပေမဲ့
သူ့မှာ အရည်အချင်းနဲ့
အလားအလာတွေရှိတယ်။ သူ့မှာ
ငါ့အကူအညီရှိရင် သူ့ရဲ့ ဓားတာအိုက
ပိုပြီး သန်မာလာလိမ့်မယ်။ ဒါအပြင် သူ့ရဲ့

ခွန်အားက

ခုန်ကျော်တိုးတက်သွားလိမ့်မယ်”

“ကံမကောင်းစွာဘဲ သူက မင်းကို

ငြင်းပယ်ခဲ့တယ်”

လက်မှဲ့လူက ရယ်မောပြီး

“ငါသူ့အကြောင်း သဘောကျတယ်။

သူဟာ ဘယ်သူ့ကိုမှ အားမကိုးဘူး။ ဒါပဲ

ယောက်ျား ဖြစ်သင့်တယ်။ ဟား…ဟား…
”

ဓားဝိညဉ်က “လောကသုံးပါးမှာ မငြိမ်မသက်မှုတွေ ဝင်လာနေတာ နင်လည်း သတိထားမိသင့်တယ်”

လက်မဲ့လူက ပခုံးတွန့်ကာ “ဒါငါ့ကိစ္စမဟုတ်ဘူး။  လောကကို ကယ်တင်ဖို့ စိတ်မဝင်စားဘူး။

ဒီကလေးပြောသလိုပဲ၊ ငါတို့ လုပ်ပေးရင်တောင် ဘယ်သူမှ ကျေးဇူးတင်မှာ မဟုတ်ဘူး မဟုတ်လား...”

ဓားဝိဉာဉ်က “လူတိုင်း တစ်ကိုယ်ကောင်းဆန်နေရင် လောကသုံးပါး တစ်ခုလုံး ပျက်စီးသွားလိမ့်မယ်” ဟုပြန်ဖြေသည်။

လက်မဲ့လူ၏အပြုံးက တဖြည်းဖြည်း
ပျောက်ကွယ်သွားပြီး“ဒီခေတ်မှာ
ဘယ်သူကမှ ကိုယ်ကျိုးမဖက်
လုပ်မှာမဟုတ်ဘူး”

မှန်သည်
တစ်ကိုယ်ကောင်းဆန်ခြင်းသည်
လူသားတို့၏ သဘာဝဖြစ်သည်။

ကေရာင်ဇ်ရှမ်းယွမ်သည်လည်း
တစ်ကိုယ်ကောင်းဆန်သည်မဟုတ်လော
။

သူသာ အနည်းငယ် ကိုယ်ကျိုးမဖက်
လုပ်ဆောင်ပါက အသတ်ခံရမည်
မဟုတ်ပေ။

ဤအချိန်တွင် ဓားဝိညာဉ်ကို
စူးစိုက်ကြည့်ကာ "မင်းရဲ့

ထင်မြင်ချက်တစ်စိတ်တစ်ပိုင်းကို

ငါသဘောမတူပေမယ့်

မင်းမှားနေတယ်လို့လဲ မဆိုလိုဘူး။

မင်းလည်း ကြောင်သူတော်

မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်တွေမှာ

မင်းကိုယ်တိုင် မစတေးခဲ့ဘူးဆိုရင်

ရှီထျန်းက ခန္ဓာကိုယ်နဲ့

မူလဝိညာဉ်ကွဲထွက်သွားမှာ မဟုတ်ဘူး။

ဒါပေမဲ့ လူတိုင်းကို မင်းလိုမျိုး

ကိုယ်ကျိုးမဖက်ဘဲ လုပ်ခိုင်းလို့ မရဘူး မဟုတ်လား…”

ဓားဝိဉာဉ်က “လောကသုံးပါးရဲ့ ကံကြမ္မာကို ဂရုစိုက်တဲ့သူ တစ်ယောက်မှ မကျန်တော့ဘူးလား…”

လက်မဲ့လူက ပြုံးပြီး “မင်းကို တစ်ခုမေးပါရစေ။ လောကဝိဉာဉ်က

ဘာကြောင့်များ နတ်မျိုးနွယ်နဲ့

တစ်ဖက်တည်းမှာ ရပ်တည်နေတာလဲ…”

ဓားဝိညာဉ်က တိတ်ဆိတ်သွားသည်။

လက်မဲ့လူကပြုံးပြီး

“အကြောင်းပြချက်က

အရမ်းရိုးရှင်းတယ်။ လောဘဆိုတာ

မျိုးနွယ်စုတိုင်းရဲ့ အားနည်းချက်ပဲ။

ငါတို့က  လောကကနေ လုယက်တယ်။

လောကသုံးပါးက

ကြာကြာတောင့်ခံမထားနိုင်တဲ့အခါကျ

အဲ့ဒီ လုယက်သူတွေကို သတ်ပစ်ဖို့ပဲ

သဘာဝကျကျ ရွေးချယ်လိမ့်မယ်။

ရောက်မလာသေးပေမဲ့ အဲ့ဒါနဲ့

သိပ်မဝေးဘူး”

ဓားဝိညာဉ်က “သူတို့ အသက်ရှင်ဖို့

ကြိုးစားနေတာပဲ” ဟု ပြန်ဖြေသည်။

လက်မဲ့လူက “ဟုတ်တယ် ဒါပေမဲ့

လောကဝိညဉ်က

ရှင်သန်ဖို့မလိုအပ်ဘူးလား…။ လူတိုင်းက

ရှင်သန်နေရတာ ဖြစ်လို့ ဘယ်သူက

မှန်တယ် မှားတယ် မဟုတ်ဘူး။ ဒီတော့

ဘယ်သူက ပိုသန်မာတဲ့ မျိုးနွယ်လဲ…။

တစ်ဖက်က မှားရင်တောင်

အားကောင်းတဲ့ မျိုးနွယ်ဘက်က

မှန်တယ်”

ဆားဝိညာဉ်က "အတင်းအကျပ်

လုပ်ယူတာက ပိုမှန်မဟုတ်ဘူး

ထင်တယ်”

လက်မဲ့လူကပြုံးပြီး “မင်းဒီလိုပဲ

ယူဆနိုင်တယ်”

ထိုနောက် အထက်ကို စူးစိုက်ကြည့်ကာ

“ဒီကနေ ထွက်လာစမ်း”

လက်မဲ့လူ၏ အသံက မိုးချုန်းသံကဲ့သို့ တုန်ခါသွားသည်။

"အုန်း..."

ထိုနေရာက ပြင်းထန်စွာ တုန်ခါသွားပြီးနောက် လက်မဲ့လူနဲ့ ဓားဝိညာဉ် အရှေ့တွင် အနီရောင်အလင်းတန်းနစ်ခုပေါ်လာသည်။ အနီရောင်အလင်းတန်းက

အခြားမဟုတ်ဘဲ ယန်ယွဲ့နောက်ကို
အမြဲလိုက်နေသော
မကောင်းဆိုးရွားလက်နက်ပင်။

လက်မှဲ့လူက အနီရောင် အလင်းလုံးကို
စိုက်ကြည့်ရင်း တဟားဟားရယ်ပြီး
“မင်းက တော်တော် ဉာဏ်ကောင်းတယ်။
ငါ့ကိုယ်ငါ ပြလိုက်တာနဲ့ ချက်ချင်း
ပုန်းအောင်းနေလိုက်တာပဲ။ တည့်တည့်ပဲ
ပြောမယ်။ မင်းသူ့နောက်ကို

အခုကတည်းက

မလိုက်တာကောင်းမယ်။ မဟုတ်ရင်

ငါမင်းကို စတုရန်းပုံစံဖြစ်အောင်

ရိုက်နှက်ပေးမယ်”

“မင်းဘယ်လို လုပ်ရဲသလဲ…”

မကောင်းဆိုးဝါးလက်နက်က

ဒေါသတကြီး ပြောလိုက်သည်။

“အုန်း…”

အနီရောင်အလင်းလုံးက ရုတ်တရက် ပေါက်ကွဲသွားပြီးနောက် သွေးနီရောင် မျက်နှာပေါ်လာသည်။ ဤအချိန်တွင် ၎င်း၏ အသွင်အပြင်က နာကျင်သောအမူအရာတစ်ခု ဖုံးလွှမ်းထားသည်။

လက်မဲ့လူက “မင်းနောက်မှာ ရပ်နေတဲ့

အဲ့ဒီလူက မင်းကို

ထောက်ခံပေးထားတယ်။ ဒါပေမဲ့

ငါဂရုမစိုက်ဘူး။ မင်းရဲ့

မကောင်းကြံချင်တဲ့

စိတ်သဘောထားတွေကို

အကုန်လုံးပယ်ဖျက်လိုက်။ ပြီးတော့

ငါအဲ့ဒီလူကို မနှောက်ယှက်ချင်ဘူးလို့

ပြန်ပြောပါ။ ကိုယ့်ကိုယ်ကိုလည်း

အနှောင့်အယှက် မဖြစ်စေချင်ဘူး။
ဒါပေမဲ့ မင်းဘက်က ဒီကလေးကို
ဆက်ပြီး ပစ်မှတ်ထားနေရင်
အကုန်လုံးကို ငါသတ်ပစ်ရလိမ့်မယ်”

သွေးနီရဲနေသော မျက်နှာက လက်မဲ့လူကို
မကျေမနပ်စိုက်ကြည့်နေသော်လည်း
စကားတစ်ခွန်းမှ မပြောရဲပေ။
လက်မဲ့လူ၏ခွန်အားက
ကြောက်စရာကောင်းလှသည်။

ထို့ကြောင့် ချက်ချင်းပင် နောက်လှည့်ကာ ကောင်းကင်အထက်သို့ ပျောက်ကွယ်သွားသည်။

ဓားဝိဉာဉ်က ရုတ်တရက် “နင်သူ့ကို သတ်ချင်နေတယ်” ဟု ပြောလိုက်သည်။

လက်မဲ့လူက ခေါင်းညိတ်ပြီး “မင်းမှန်တယ်။ ကံမကောင်းစွာနဲ့

ငါလောလောဆယ် အဲ့ဒါကို

မလုပ်နိုင်သေးဘူး”

“ဘာကြောင့်လဲ...”

ဓားဝိညဉ်က “နင်ပိုင်တဲ့ ခွန်အားနဲ့

ဘာကိုကြောက်တာလဲ...” ဟုမေးသည်။

“ကြောက်တာလား...”

လက်မဲ့လူက ရယ်မောပြီး “ဘယ်သူ့ကို ကြောက်ဖို့လဲ...။ သူ့နောက်မှာရပ်နေတဲ့လူနဲ့ အချိန်ဖြုန်းဖို့ မရှိလို့ သူ့ကို မသတ်ခဲ့တာ။ ဒါနဲ့ ဆက်ဆံရမဲ့ အပေါင်းအဖော်တွေက ဒီလူတွေထက် ဆက်ဆံရအများကြီး ပိုခက်တယ်။ ဒါပေမဲ့ လူတော်တော်များများက ဒီကလေးကို လုပ်ကြံဖို့ ကြံစည်နေတယ်ဆိုတော့ ငါ့မှာ

ရွေးချယ်စရာမရှိတော့ဘူး။ ဒါကြောင့်
ငါကိုယ်ထင်မပြရင် သူ့ကို
ဘယ်သူသတ်တယ်ဆိုတာ မသိခင်မှာဘဲ
သေသွားနိုင်တယ်”

လက်မဲ့လူက ဓားဝိဉာဉ်ကို
စိုက်ကြည့်လိုက်ပြီး “မင်းသူ့နောက်ကို
အကြောင်းပြချက်တစ်ခုနဲ့
လိုက်နေတယ်လို့ ငါထင်ခဲ့ပေမဲ့ အခုတော့
မင်းကို အထင်လွဲသွားပုံရတယ်”

ဓားဝိဉာဉ်က ရုတ်တရက်

“နင့်ရဲ့အသတ်ကို ဓားနဲ့ပဲ

ဖြတ်တောက်လိုက်တာ”

လက်မဲ့လူက “ဒီလောကမှာ နံပါတ်(၁)

နတ်လက်နက်က မျှော်လင့်ထားသလိုပဲ။

မင်းဒါကိုတောင် မြင်နိုင်တယ်”

ဓားဝိညာဉ်က

အကြာကြီးငြိမ်သက်သွားပြီး "အဲ့ဒီလူရဲ့

ဓားတာအိုက..."

လက်မှဲ့လူကပြုံးပြီး

"သိပ်ကြောက်စရာကောင်းတာပဲ

ဟုတ်တယ်ဟုတ်။ ဟား...ဟား..."

ဓားဝိညာဉ်က "ငါသိတဲ့လူတွေထဲမှာ

ကောရာဇ်ရှမ်းယွမ်ပဲ ဖြစ်နိုင်တယ်"

"မဟုတ်ဘူး မဟုတ်ဘူး"

လက်မှဲ့လူက ခေါင်းခါလိုက်ပြီး "သူ့ရဲ့

ဓားတာအိုက

အရမ်းအစွမ်းထက်တဲ့အတွက်

ကောရာဇ်ရှမ်းယွမ်ထက် အများကြီး

သန်မာတယ်"

"အမ်..."

စားဝိညာဉ်၏အသံက သံသယအပြည့်
ပါဝင်နေသည်။

လက်မှဲ့လူက ပြုံးပြီး
“ကောရာဇ်ရှမ်းယွမ်က မင်းမရှိရင်
ဘာမှဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီလူရဲ့
စားတာအိုက သူ့နှလုံးသားကြောင့်
ကြောက်စရာကောင်းတယ်။ သူက
စားမရှိရင်တောင် သန်မာနေတုန်းပဲ။

ဒါမှမဟုတ် အခုဓားကို အသုံးပြုရာ
မလိုအပ်တော့ဘူးလို့ ငါပြောရမယ်။
ဘာကြောင့်လဲဆိုတော့ ဒီလောကမှာ
လူအနည်းငယ်လောက်ပဲ သူ့ကို
ဓားဆွဲထုတ်စေလောက်တဲ့
စွမ်းရည်ရှိလို့ပဲ”

လက်မဲ့လူက ခနရပ်ပြီး “သူ့ရဲ့
ဓားတာအိုက အကန့်အသတ်ကို

ရောက်နေပြီ။ ဒါ့အပြင် သူ့ရဲ့
အကြီးမားဆုံး ရန်သူက သူကိုယ်တိုင်ပဲ”

ဓားဝိညာဉ်က “သူကိုယ်တိုင်ပဲလား…”

လက်မှဲ့လူက ခေါင်းခါသည်။
“အဲ့ဒါကိုမေ့လိုက်ပါ။ ဒီလောကက
မင်းသိတဲ့လောကနဲ့ မတူတော့ဘူးဆိုတာ
ပြောပြချင်လို့ လာတွေ့တာ ကိုယ့်ကိုယ်ကို
အချိန်အတော်ကြာတဲ့အထိ

စွန့်စားဖို့မထိုက်တန်ဘူး။ ဟုတ်တယ်

နောက်ထပ်

အကြောင်းပြချက်တစ်ခုလည်း

ရှိသေးတယ်။ မင်းသူ့အပေါ်

မကောင်းကြံခဲ့သလား

ငါအတည်ပြုချင်တယ်။ ဒါပေမဲ့

ကြည့်ရတာတော့ ငါပဲ

အတွေးလွန်နေတာထင်တယ်။

ကံကောင်းပါစေ”

လက်မဲ့လူက လှည့်ပြီး
ထွက်သွားရန်ပြင်လိုက်သည်။

ဤအချိန်တွင် ဓားဝိဉာဉ်က “မျိုးနွယ်ခြား
အားလုံးက သူ့ကို လိုက်ပြီး
ဖမ်းဆီးနေတာနဲ့ ပတ်သက်ပြီးတော့
နင်ဘာမှမလုပ်ဘူးလား...”
ဟုမေးခဲ့သည်။

“ငါက ဘာလို့ လုပ်ရမှာလဲ...”

လက်မှဲ့လူက "လူတစ်ယောက်က

အခက်အခဲတွေမကြုံဘဲ

ဘယ်လိုကြီးထွားနိုင်မလဲ...။

တချို့လူတွေက သူ့ကိုအနိုင်ကျင့်ပြီး

စည်းကမ်းဖောက်ဖျက်တာကြောင့်

ကိုယ်ထင်ပြခဲ့တာ တကယ်တော့ သူက

တကယ်ကို ကံကောင်းပါတယ်။

သူ့အသက်အရွယ်တုန်းက ငါ့မှာ

ကာကွယ်ဖို့ ဘယ်သူမှ မရှိဘူး"

ထိုစကားပြောပြီးနောက်

ကောင်းကင်အပေါ်ကို

မော့ကြည့်လိုက်သည်။ သူ၏အကြည့်က

ယန်ယွဲ့ထွက်ခွာသွားသည့်

လမ်းကြောင်းအတိုင်းဖြစ်သည်။

အချိန်အနည်းငယ် ကြာပြီးနောက်

လက်မှဲ့လူက “လူတိုင်းဟာ ပင်ပန်းနွမ်းနယ်တဲ့ဘဝ၊ ဆင်းရဲဒုက္ခတွေနဲ့ အခက်အခဲတွေကို မခံစားရရင် အသုံးမဝင်ဘူး။ ကောင်းပြီ၊ ငါလည်း ထွက်သွားဖို့အချိန်တန်ပြီ။ ငါ့မှာ တွေ့စရာလူ တစ်ယောက်ရှိသေးတယ်” ပြောပြီးသည်နှင့် ကောင်းကင်အထက်၌ပျောက်ကွယ်သွားသည်။

ဓားဝိဉာဉ်သည် ထိုနေရာတွင် အကြာကြီး

ငြိမ်သက်စွာ ရပ်နေခဲ့သည်။ ထို့နောက်

ရွှေရောင်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

မိုးကုပ်စက်ဝိုင်းသို့

ပျောက်ကွယ်သွားသည်။

သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေ။

လက်မှဲ့လူက သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေသို့

ရောက်လာသည်။ သူသည်

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ညာခြေကို တစ်ချက်ဆောင့်လိုက်သည်။

ထိုခဏလေးအတွင်းမှာပဲ  သူ့ရှေ့တွင်

လျှို့ဝှက်ဆန်းကြယ်သော ခန်းမသည်

ရုတ်တရက် ပေါ်လာခဲ့သည်။

ဤအချိန်တွင် ဒေါသတကြီး အော်သံထွက်ပေါ်လာပြီး နတ်ဆိုးတစ်ကောင်က  လက်မဲ့လူကို ပြေးဆောင့်လိုက်သည်။

“ဖယ်စမ်း...”

ထိုစကားသာ ပြောလိုက်သည်။ မိစ္ဆာသားရဲက အတော်ဝေးဝေးအထိ လွင့်ထွက်သွားသည်။ လက်မဲ့လူက

မိစ္ဆာသားရဲကို လျစ်လျူရှုကာ

လျှို့ဝှက်ဆန်းကြယ်သော ခန်းမထဲသို့

ဝင်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

သလင်းကျောက်ခေါင်းတလားရှေ့

ရောက်လာခဲ့သည်။

သလင်းကျောက်ခေါင်းတလားထဲမှ

အသံတစ်သံထွက်လာသည်။

“မင်းတစ်ခုခုလိုသေးလား…”

လက်မှဲ့လူက ပတ်ဝန်းကျင်ကို
ခဏစစ်ဆေးလိုက်ပြီး “ဒီနေရာက
တော်တော်ကို အထင်ကြီးစရာပဲ”

“အို့ အဲ့ဒါက ပေါ်တယ်စနစ်ပဲ”

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
“မင်းတစ်ခုခုလိုသေးလား…” ဟု
ထပ်မေးသည်။

လက်မဲ့လူက

သလင်းကျောက်အခေါင်းတလားကို

စိုက်ကြည့်ရင်း "မင်းရဲ့ ရည်ရွယ်ချက်က

ဘာလဲဆိုတာ ငါဂရုမစိုက်ဘူး။ ဒါပေမဲ့

မင်းသူ့ကို ဆန့်ကျင်ဖို့ ကြံစည်နေတာ

မဟုတ်ဘူးလို့ ငါမျှော်လင့်ပါတယ်။

ငါပြောနေတာ ဘယ်သူလဲ ဆိုတာ

မင်းသိမှာပါ”

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
ခဏအကြာ ငြိမ်သက်သွားပြီး
"ငါသိတယ်"ဟု ပြောပါသည်။

နှစ်နာရီခန့်အကြာတွင် လက်မဲ့လူသည်
သမိုင်းမတင်မီခေတ်၏
အပျက်အစီးနယ်မြေမှ
ပျက်ထွက်လာသည်။
သူထွက်လာသည်နှင့် အောက်ဘက်ရှိ

လျှို့ဝှက်ဆန်းကြယ်သောခန်းမကို
ငုံ့ကြည့်ကာ

"သမိုင်းမတင်မီခေတ်ရဲ့ မျိုးနွယ်စုတွေက
မျှော်လင့်ထားတဲ့ အတိုင်းပဲ။
ဒီကိုယ်ပွားက မင်းတို့အားလုံးကို
ဘာမှလုပ်မပေးနိုင်ဘူး”

ဤအချိန်မှာ သူက ကောင်းကင်ကို
မော့ကြည့်လိုက်ကာ "သောက်ကျိုးနည်း။

မင်းက ဒီလောက်မသန်မာပေမဲ့
ဒုက္ခရှာနိုင်တဲ့ စွမ်းရည်က တကယ်ကို
တော်တယ်”

ထိုစကားပြောပြီးသည်နှင့်
ကောင်းကင်ယံတွင်
ပျောက်ကွယ်သွားသည်။

နတ်ဆိုးကမ္ဘာ။ အကန့်အသတ်မဲ့
တောင်တန်းတစ်ခု။

တောင်တန်းအနက်ပိုင်းတွင်
ရောမသစ်ပင်ကြီးတစ်ပင် ရှိနေသည်။
ယန်ယဲ့သည် သစ်ပင်၏ထိပ်တွင် ရပ်ကာ
တောင်းတန်၏အဆုံးကို
လှမ်းမျှော်ကြည့်နေသည်။ နှင်းပွင့်က
သူ့ဘေးနားတွင် ရှိနေသည်။

ယန်ယဲ့ နှင်းပွင့်ကို စိုက်ကြည့်ရင်း

“နှင်းခဲလေး မင်းဝိညာဉ်စွမ်းအင်

ဘယ်လောက် စုပ်ယူနိုင်လဲ...”

နှင်းပွင့်က မျက်တောင်ခတ်ပြီး

လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

ဆိုလိုသည်မှာ  တစ်ခါမှ

မလုယက်ဖူးသောကြောင့် မသိဟု

ပြောနေတာပါ။

ယန်ယဲ့က လေးနက်စွာပြောခဲ့သည်။

"မင်းနတ်ဆိုးကမ္ဘာထဲက

စွမ်းအင်အားလုံးကို စုပ်ယူနိုင်လား...”

နှင်းပွင့်က မျက်တောင်ခတ်ကာ

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

သူမ၏လက်သည်းများကို ထပ်မံ

ဝှေ့ယမ်းလိုက်သည်။

စမ်းကြည့်လို့ရတယ်လို့ ပြောနေတာ။
သူမကြိုးစားလို့ရတယ်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး
“လုပ်လိုက်။ နှင်းခဲလေး
နတ်ဆိုးကမ္ဘာမှာရှိတဲ့
ဝိညာဉ်စွမ်းအင်တွေအကုန်လုံး
စုပ်ယူလိုက်။ မှန်တယ် သတိထားပါ။
မင်းလုပ်ခဲ့တာ ဘယ်သူ့ကိုမှ

အသိပေးမထားခဲ့ရင် အကောင်းဆုံးပဲ။

နားလည်လား...”

နှင်းပွင့်က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြသည်။ ထို့နောက်တွင်

သူမ၏ လက်သည်းလေးများကို

ဝှေ့ယမ်းပြီး ဝိဉာဉ်စွမ်းအင်ကို

စတင်စုပ်ယူလိုက်သည်။ ရုတ်တရက်

နှင်းပွင့်၏ မျက်လုံးများ

ပြုံးကျယ်သွားကာ ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့လည်း မျက်နှာတစ်ပြင်လုံး
အံ့အားသင့်သွားကာ "မင်းပြီးပြီလား..."

နှင်းပွင့်က ကမန်းကတန်း
ခေါင်းခါလိုက်သည်။

ယန်ယဲ့က ပိုလို့တောင် အံ့သြသွားပြီး

“ဘာကြောင့်လဲ...”

ပတ်ဝန်းကျင်ရှိ ဝိညဉ်စွမ်းအင်များ

လျင်မြန်စွာ

ပျောက်ကွယ်သွားသောကြောင့်ပါ။

သို့သော် နှင်းပွင့်

လုပ်ဆောင်ခဲ့ခြင်းမဟုတ်ပါ။

ရုတ်တရက် သူတို့ရှေ့တွင်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး

တစ်ယောက်ပေါ်လာသည်။

အခြားမဟုတ်ပေ နတ်မျိုးနွယ်၏

စစ်ဗျူဟာမှူး။

သူမက “နင် အံ့သြသွားသလား…”

ယန်ယဲ့က "မင်းတို့

မြန်မြန်လှုပ်ရှားနေပြီလား…”

စစ်ဗျူဟာမှူးက ခေါင်းကို အနည်းငယ်
ခါယမ်းလိုက်ပြီး “ဒါက
ငါ့နတ်မျိုးနွယ်မဟုတ်ဘူး”

“ဘာလဲ…”

စစ်ဗျူဟာမှူး ငြင်းဆိုလိုက်သော
စကားကြောင့် ယန်ယွဲ့ သည် ချက်ချင်း
မျက်မှောင်ကြုတ်သွားခဲ့သည်။

Translated by NyiNyiSoe

May Be:

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

...အပိုင်း ၂၄၉၈ - နတ်မျိုးနွယ်/

တင်းရှောက်ယောင်

“အဲ့ဒါက နတ်မျိုးနွယ် မဟုတ်ဘူးလား...”

ယန်ယဲ့က ထပ်မေးလိုက်သည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက ခေါင်းညိတ်ပြသည်။

ယန်ယဲ့သည် မျက်နှာပျက်သွားသည်။ “ဒါက နတ်မျိုးနွယ်လုပ်လိုက်တာမဟုတ်ဘူး”

အစပိုင်းတွင် လောကတစ်ခုလုံးက နတ်မျိုးနွယ် လှုပ်ရှားနေသည်ဟုသာ ယူဆခဲ့ကြသည်။ အကြောင်းမှာ

နတ်မျိုးနွယ်သာလျှင် ထိုသို့ ပြုလုပ်ရန်
အကြောင်းပြချက်
ရှိသောကြောင့်ဖြစ်သည်။
လက်ရှိတွင်တော့ ဤအဖြစ်အပျက်ကို
လုပ်ဆောင်သူက နတ်မျိုးနွယ်
မဟုတ်ကြောင်း ပြောေနခဲ့သည်။

သေချာသည်မှာ စစ်ဗျူဟာမှူးက
လိမ်ညာနေပုံမရပေ။
နတ်မျိုးနွယ်မဟုတ်သောကြောင့်

သေချာပေါက်

ပြဿနာတက်ပြီးဖြစ်သည်။ မည်သူက

လူသားမျိုးနွယ်နှင့်

ကောင်းကင်မျိုးနွယ်ကို

ဆန့်ကျင်မည်နည်း။

စစ်ဗျူဟာမှူးက “ငါ့နတ်မျိုးနွယ်လည်း

စုံစမ်းနေတယ်။ ဒါပေမဲ့ ငါတို့မှာ

အဖြေတစ်စုံတစ်ရာ မရသေးဘူး။

ဘယ်သူပဲဖြစ်ဖြစ် ငါ့နတ်မျိုးနွယ်ရော

နင်ပဲ အဲ့ဒီအတွက်
အပြစ်ပေးခံရလိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး “မင်းမှန်တယ်”

ဤအချိန်တွင် နတ်မျိုးနွယ်က
သူတို့မဟုတ်ကြောင်း ပြောသည့်တိုင်
မျိုးနွယ်ခြားများက ယုံမည်မဟုတ်ပေ။

စစ်ဗျူဟာမှူးက နှင်းပွင့်ကိုစိုက်ကြည့်ကာ "ဒီနေရာက ဝိညာဉ်စွမ်းအင်တွေ ဘာကြောင့် ပျောက်ကွယ်သွားတာလဲ သိလား..." ဟု မေးလိုက်သည်။

ယန်ယဲ့က နှင်းပွင့်ကိုစိုက်ကြည့်နေသည်။ နှင်းပွင့်က မျက်တောင်ခတ်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးနောက် ပေါ့ပေါ့ပါးပါးရှူသွင်းလိုက်သည်။ အဆုံးတွင် သူမ၏

လက်သည်းလေးများကို
အမြန်ဖွေယမ်းလိုက်သည်။

အချိန် ခဏအကြာတွင် ယန်ယဲ့က
စစ်ဗျူဟာမှူးကို စိုက်ကြည့်ကာ
“ဒီနေရာက ဝိညဉ်စွမ်းအင်တွေ
လေထဲမှာပဲ ပျောက်ကွယ်သွားတယ်လို့
သူမပြောနေတယ်”

ထိုစကားကြားသောအခါ

စစ်ဗျူဟာမှူးက

မျက်မှောင်ကြုတ်သွားသည်။

ယန်ယဲ့က နှင်းပွင့်ကိုစိုက်ကြည့်ကာ

"ပျောက်မသွားအောင်

တားဆီးနိုင်မလား..."

နှင်းပွင့်က ခဏမျှတွေးနေပုံရပြီး သူမ၏

လက်သည်းလေးများကို

ဆုပ်ထားလိုက်သည်။

ထိုခဏလေးအတွင်းမှာပဲ အဖြူရောင်

စွမ်းအင်လုံးတစ်လုံးကို

ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

အလုပ်ကောင်းကောင်းတစ်ခု

လုပ်လိုက်သောကြောင့် ချီးကျူးခံရဖို့

ကြိုးစားနေသည့်အလား ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

သူမ၏မျက်နှာလေးက

ကျေနပ်မှုအပြည့်ပင်။

ယန်ယဲ့၏မျက်နှာက အနည်းငယ်

တင်းမာသွားကာ

နှင်းပွင့်၏ခေါင်းလေးကို ပွတ်သပ်ရင်း

“ပျောက်ကွယ်နေတဲ့

ဝိညာဉ်စွမ်းအင်တွေကို

ပျောက်ကွယ်နေတာကနေ

ရပ်ပေးနိုင်မလား…”

ဆိုလိုတာက နည်းနည်းလေးတင်မကဘဲ

ကမ္ဘာတစ်ခုလုံး။

နှင်းပွင့်က  သူမ၏

လက်သည်းလေးများကို မြှောက်ကာ

အနည်းငယ်ကြီးမားသော

စက်ဝိုင်းပုံသဏ္ဍာန်ဆွဲပြလေသည်။

ယန်ယဲ့က

ခေါင်းညိတ်လိုက်ပြီး“မှန်တယ်။

ကမ္ဘာတစ်ခုလုံး”

နှင်းပွင့်က ခဏတုံ့ဆိုင်းသွားပြီး

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

နောက်ဆုံးတွင် သူမ၏လက်သည်း

သေးသေးလေးကို ဆန့်ကာ

ဖိချလိုက်သည်။

“အုန်း…”

ထိုခဏလေးမှာပဲ ကမ္ဘာတစ်ခုလုံးသည် ပြင်းထန်စွာ တုန်ခါသွားပြီးနောက် မရေမတွက်နိုင်သော စွမ်းအားများရောက်လာခဲ့သည်။ မူလ ပျောက်ကွယ်သွားသောဝိညာဉ်စွမ်းအင်များပင် ဖြစ်သည်။

ယန်ယဲ့က “ကောင်းပြီ အဲ့ဒါကို

ပြန်မပေးနဲ့”

နှင်းပွင့်က သူမ၏ လက်သည်းများကို

ပြန်ရုတ်လိုက်ရာ ဤနေရာတွင်

ပေါ်လာသော ဝိညဉ်စွမ်းအင်များ

တဖြည်းဖြည်း

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့က နှင်းပွင့်ကို ငုံ့ကြည့်လိုက်ပြီး
“မင်းကတကယ်ကို အံ့သြစရာပဲ”

အမှန်ပင် ချီးကျူးမှုတစ်ခုပါ။

နှင်းပွင့်၏စွမ်းရည်က
အလွန်ကြောက်စရာကောင်းလှသည်။
လူအများအပြားက ဝိဉာဉ်အင်ပါယာကို
လိုချင်နေသည်မှာ အံ့သြစရာမဟုတ်ပေ။
အဖွဲ့နှစ်ဖွဲ့အကြား တိုက်ပွဲတစ်ခု၏

တစ်ဖက်တွင် ဝိညာဉ်အင်ပါယာရှိပါက
အခြားတစ်ဖက်ကို
စိတ်ပျက်အားငယ်နိုင်စေသည်။

စစ်ဗျူဟာမှူးက “လာ
ငါတို့ထွက်သွားရအောင်“ ဟု
ငေါက်ဆတ်ဆတ်ပြောလိုက်သည်။

ယန်ယွဲ့က “ငါတို့ ဘယ်သွားမလို့လဲ…”

သူမက “နတ်မျိုးနွယ် အတွက်
အခုဘယ်ကိုသွားလို့ရမလဲ...။
အခုချက်ချင်း ပုန်းနေမှရမယ်”
စကားပြောပြီးသည်နှင့်
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။

ယန်ယဲ့သည် ခဏမျှစဉ်းစားပြီးနောက်
နှင်းပွင့်ကို ပွေ့ချီလျက်
နောက်ကနေလိုက်ပါသွားခဲ့သည်။

စစ်ဗျူဟာမှူးပြောသည်အတိုင်း အမှန်ပင်

လောလောဆယ်

ပုန်းအောင်းနေသင့်သည်။အချိန်အတော်

ကြာပြီးနောက် နတ်ဆိုးကမ္ဘာမှ

ထွက်လာခဲ့ကြသည်။ သို့သော်

နတ်ဆိုးကမ္ဘာသည် အော်ဟစ်သံများနှင့်

ပြည့်နေခဲ့သည်။

နတ်ဆိုးကမ္ဘာ၏ နတ်ဆိုးသားရဲများသည်

ခန္ဓာကိုယ်ကို ကျင့်ကြံနေသည့်တိုင်

ဝိညာဉ်စွမ်းအင်လိုအပ်နေတုန်းပါ။ ထို့ပြင်
သဘာဝအတိုင်း ရတနာအများအပြားက
ဝိညာဉ်စွမ်းအင်မရှိရင် တဖြည်းဖြည်း
ပျောက်ကွယ်သွားပေမည်။
နတ်ဆိုးကမ္ဘာရှိ သက်ရှိသတ္တဝါအားလုံး
တဖြည်းဖြည်းအားနည်းလာပြီး
မျိုးတုံးသွားရန်အတွက် အချိန် သိပ်ပြီး
ကြာတော့မည်မဟုတ်ပေ။

“ယန်ယဲ့ကို လိုက်ရှာကြ”

ထိုခဏလေးအတွင်းမှာပဲ

လောကသုံးပါးရှိ

ပညာရှင်အများအပြားဟာ ယန်ယဲ့ကို

အပူတပြင်း

လိုက်လံရှာဖွေကြတော့သည်။

လူတိုင်း၏အမြင်အရ ယန်ယဲ့ကို

ရှာဖွေတွေ့ရှိသည်နှင့်

သူတို့ရင်ဆိုင်နေရသော ပြဿနာများ

ပြေလည်သွားမည်ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့သည်
လေထုထဲတွင်
ပျောက်ကွယ်သွားပုံရသည်။ မည်သူမှ
ရှာမတွေ့ခဲ့ပေ။

ကောင်းကင်ကမ္ဘာ။ ကောင်းကင်ခန်းမ။

ဤအခိုက်အတန့်တွင် မျိုးနွယ်ခြား
အားလုံး၏ ဘိုးဘေးများအပါအဝင်
ဒါဇင်ချီသော ပညာရှင်များရှိနေခဲ့သည်။

ကောင်းကင်အင်ပါယာအရှင်က

ခေါင်းဆောင်နေရာတွင် ထိုင်နေ၏။

ဤနေရာရှိ လေထုက အတော်လေး

တင်းမာနေသည်။ အကြောင်းမှာ

နေရာအနှံ့သွားပြီး ရက်ပေါင်းများစွာတိုင်

ရှာဖွေခဲ့သော်လည်း ယန်ယဲ့၏

ခြေရာလက်ရာကိုပင် ရှာမတွေ့ခဲ့ပေ။

လူသားအင်ပါယာအရှင်က ရုတ်တရက်
“သူက နတ်မျိုးနွယ်ကို သွားပြီး
ထင်တယ်” ဟုပြောလိုက်သည်။

“ဒါဆို နတ်မျိုးနွယ်ကို ရှာရအောင်”

ကောင်းကင်အင်ပါယာအရှင်က
ရုတ်တရက် မတ်တတ်ထရပ်ကာ
“ဒီအဖြစ်အပျက်ရဲ့ နောက်ကွယ်မှာ
နတ်မျိုးနွယ် ရှိနေတာပဲ။ လူတိုင်း ငါတို့က

ဆက်ပြီး ငြိမ်နေလို့မရတော့ဘူး

နတ်မျိုးနွယ်ကိုအရင်ဦးအောင်

ရှာပြီးတော့ သေတဲ့အထိ

တိုက်ခိုက်ရမယ်။ ကောင်းပြီ

ငါတို့သေရင်တောင် တိုက်ပွဲမှာပဲ

သေသင့်တယ်”

လူသားအင်ပါယာအရှင်က

ခေါင်းညိတ်ပြီး“ကောင်းကင်အင်ပါယာ

အရှင်ပြောတာမှန်တယ်။ ဒီအတိုင်း

ဆက်သွားရင် ကမ္ဘာစစ်မစခင်မှာဘဲ

အားကုန်နေလိမ့်မယ်။

ဒီလိုသေခြင်းတရားကို ခံစားရမဲ့အစား

နတ်မျိုးနွယ်ကို အရင်ဆုံး

တိုက်ခိုက်လိုက်ရအောင် မင်းတို့အားလုံး

ဘယ်လိုထင်လဲ…”

“ငါတို့တွေ နတ်မျိုးနွယ်ကို ရှာရမယ်”

ဤအတောအတွင်း အဘိုးကြီးတစ်ဦးက

“နတ်မျိုးနွယ်က ပုန်းအောင်းနေတယ်

ဒါကြောင့် သူတို့ကိုရှာဖို့

လုံးဝခက်တယ်”ဟု ပြောလိုက်သည်။

"လုံးဝလွယ်ပါတယ်”

ဤနေရာတွင် အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။

အသံလာသည့်ဘက်ကို လှမ်းကြည့်ရင်း

လူတိုင်း၏အမူအရာများ

ပျောက်ကွယ်သွားသည်။

အခန်းတံခါးဝတွင်

လျှို့ဝှက်ဆန်းကြယ်သော

အနက်ရောင်ဝတ်စုံအရိပ်တစ်ရိပ်

ပေါ်လာကာ လူတိုင်းဆီသို့ ဖြည်းညင်းစွာ

လျှောက်လာနေခဲ့သည်။

အနက်ရောင်ဝတ်စုံအရိပ်က

ခန်းမဆောင်အလယ်သို့ လျှောက်လာရင်း

”နတ်မျိုးနွယ်က

နတ်ဘုရားတိုက်ပွဲကွင်းပြင်မှာရှိတယ်”

“နတ်ဘုရားတိုက်ပွဲကွင်းပြင်”

ဤနေရာရှိ လူတိုင်းအတွက်

မရင်းနှီးသော

နာမည်တစ်ခုတော့မဟုတ်ပါ။ လွန်ခဲ့သော

အတိတ်ကာလက နတ်မျိုးနွယ်နှင့်

မျိုးနွယ်ခြားအားလုံးအကြား

ပထမကမ္ဘာစစ်ပွဲက ထိုနေရာတွင်
ဖြစ်ပွားခဲ့သည်။ တစ်ဖက်အဖွဲ့တွင်
သေဆုံးသူ အရေအတွက်က
မရေတွက်နိုင်အောင်ပါ။
အမှန်တကယ်ပင် မရေမတွက်နိုင်သော
ပမာဏဖြစ်သည်။

ထိုတိုက်ပွဲတွင် မရေမတွက်နိုင်သော
ပညာရှင်များ ကျဆုံးခဲ့သည်။
ဖန်ဆင်းရှင်အနည်းကယ်ပင်

ကျဆုံးခဲ့သည်။ ပထမ ကမ္ဘာစစ်အပြီး

ရက်ပိုင်းတွင်

နတ်ဘုရားတိုက်ပွဲကွင်းပြင်သည်

နာကျည်းမုန်းတီးစိတ်ဝိဉာဉ်များ

ပြည့်နှက်လွှမ်းနေသောကြောင့်

တားမြစ်နယ်မြေတစ်ခု ဖြစ်လာခဲ့သည်။

ကောင်းကင်အင်ပါယာအရှင်က

လျှို့ဝှက်ဆန်းကြယ်သော ပုံရိပ်ဆီသို့

လျှောက်သွားကာ

“မင်းက ဘယ်သူလဲ…”

လျှို့ဝှက်ဆန်းကြယ်သော ပုံရိပ်က "ဒါက အရေးမကြီးဘူး အရေးကြီးတာက ငါဟာ နတ်မျိုးနွယ် ဘယ်မှာရှိတယ်ဆိုတဲ့အချက်ကို သိနေတယ်။ အဲ့ဒီအချက်ကို မင်းလိုအပ်တယ်။ ဟုတ်တယ်မလား…”

ကောင်းကင်အင်ပါယာအရှင်က

“ဒါဟာမှန်တယ်ဆိုတာ

မင်းဘယ်လိုသိမလဲ…။ ဒါမှမဟုတ်

မင်းက နတ်မျိုးနွယ်ကနေပြီး ငါတို့ကို

တမင်လှည့်စားဖို့ ရောက်လာတာလား…”

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်က

"မင်းတို့မှာ

အခြားရွေးချယ်စရာရှိသလား…။

ဟုတ်တယ် မင်းတို့က မသွားဘဲ
နေနိုင်တယ်'”

အဲ့ဒီနောက် “စောင့်နေပေါ့
ကမ္ဘာသစ်ကြီးမှာရှိတဲ့ ဝိညာဉ်စွမ်းအင်တွေ
လုံးဝ ပျေညက်ကွယ်သွားသည်အထိ
စောင့်ရင်း စောင့်ရင်း စောင့်နေ
အဲ့ဒီအချိန်မှာ မင်းတစ်ယောက်တည်း
ကျန်နေရင်တောင် အကုန်လုံး
ပြီးသွားလိမ့်မယ်”

ကောင်းကင်အင်ပါယာအရှင်က

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ

“မင်းကဘယ်သူလဲ။ နတ်မျိုးနွယ်ကို

ဘာကြောင့် သိတာလဲ... မင်းဘာလို့

ငါတို့ကို ကူညီနေတာလဲ”

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်က “ဒါက

မင်းစိုးရိမ်သင့်တဲ့အရာမဟုတ်ဘူး။

နတ်မျိုးနွယ်က

ရုပ်တန့်သွားမှာမဟုတ်ဘူးလို့ မင်းတို့

သိထားသင့်တယ်”

ထိုစကားပြောပြီးနောက်

လှည့်ထွက်သွားသည်။ သို့သော်လည်း

ကောင်းကင်အင်ပါယာအရှင်က

သူ့လက်ကို ဆန့်ကာ

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်ကို

ဖမ်းဆုပ်လိုက်သည်။

"အုန်း...”

ပြင်းထန်သော စွမ်းအင်လှိုင်းများ

ပျံ့လွင့်လာပြီး

ကောင်းကင်အင်ပါယာအရှင်၏ ပုံရိပ်က

မီတာ(၁၀၀)ကျော် အကွာအထိ

လွင့်ထွက်သွားခဲ့သည်။ ဤအချိန်တွင်

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်က

ခန်းထဲကနေ ပျောက်သွားသည်။

ဤနေရာရှိ လူတိုင်း အကြည့်ချင်း

ဖလှယ်လိုက်ကြသည်။

လူတိုင်း၏မျက်လုံးထဲ၌

ဖုံးကွယ်မထားသော ထိတ်လန့်ဟန်များ

ရှိနေကြသည်။

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်

ပျောက်ကွယ်သွားပုံကို မည်သူမျှ

ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။

မည်သို့နည်း။

လျှို့ဝှက်ဆန်းကြယ်သောလူက

သူတို့ထက် သန်မျာသည်ဟု ဆိုနိုင်သည်။

နားမလည်နိုင်သော ခွန်အား။

အားလုံးက

ကောင်းကင်အင်ပါယာအရှင်ကို

စိုက်ကြည့်နေသည်။

ကောင်းကင်အင်ပါယာအရှင်က

ခဏမျှတိတ်ဆိတ်သွားပြီး
“ပညာရှင်တွေကို ချက်ချင်း စုစည်းလိုက်
ငါတို့က နတ်ဘုရားတိုက်ပွဲကွင်းပြင်ကို
သွားကြတာပေါ့”

တစ်စုံတစ်ယောက်က
"ထောင်ချောက်ဖြစ်ထင်
ဘယ်လိုလုပ်မလဲ...” ဟု ရုတ်တရက်
မေးသည်။

ကောင်းကင်အင်ပါယာအရှင်က

မျက်လုံးများကို မှိတ်လိုက်ပြီး

“ဘာပဲဖြစ်ဖြစ် ငါတို့မှာ

ရွေးချယ်စရာမရှိတော့ဘူး”

နတ်ဘုရားတိုက်ပွဲကွင်းပြင်။

စစ်ဗျူဟာမှူးနှင့် ယန်ယဲ့တို့

ရောက်လာကြသည်။ ဤနေရာသို့

ရောက်လာသောအခါ

ယန်ယွဲ့၏အမူအရာက

လေးနက်သောအမူအရာရှိနေခဲ့သည်။

နှင်းပွင့်က ယန်ယွဲ့၏ ပခုံးပေါ်တွင်

ထိုင်နေသော်လည်း

မျက်နှာသေးသေးလေးက လေးနက်မှု

အပြည့်ပင်။ သူမက

အချိန်မရွေးထွက်ပြေးရန် ပြင်နေပုံဖြင့်

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်နေသည်။

ယင်စွမ်းအင်။

ဤနေရာရှိ မကောင်းဆိုးဝါးစွမ်းအင်နှင့်
ယင်စွမ်းအင်တို့က
သိပ်သည်းလွန်းလှသည်ာ ယန်ယဲ့သည်
လူအနည်းငယ်ကို သတ်ခဲသော်လည်း
ဤနေရာရှိ မကောင်းဆိုးဝါးစွမ်းအင်နှင်
ယင်စွမ်းအင်ကတော့ သူမကြုံဖူး
အဆင့်တွင်ရှိနေခဲ့သည်။

ယန်ယဲ့သည် မော့ကြည့်လိုက်ရာ

မီးခိုးမြူများ

ကောင်းကင်အဝေးတစ်နေထာအထိပင်

ဖုံးလွှမ်းထားသည်။

လျှို့ဝှက်ဆန်းကြယ်သော အနက်ရောင်

စွမ်းအင်များက ပတ်ဝန်းကျင်အနှံ့

ပျံ့လွင့်နေသည်ကို မြင်နိုင်သည်။

တစ်ချိန်တည်းမှာပင် သူသည်

တာအိုနှလုံးသားကို ဖိနှိပ်နေသော
ဖိအားတစ်ခုကိုခံစားလိုက်ရသည်။

ယန်ယဲ့က “ငါ့အထင် ဒီနေရာက
နတ်မျိုးနွယ်နဲ့ အခြားမျိုးနွယ်ခြားတွေရဲ့
ပထမကမ္ဘာစစ် စတုန်းက နေရာပဲ”

စစ်ဗျူဟာမှူးက ခေါင်းညိတ်သည်
“ငါ့နတ်မျိုးနွယ်က ပထမ ကမ္ဘာစစ်ပွဲကို
ရှုံးနိမ့်ခဲ့တယ်”

ဤအထိပြောနေရင်း ယန်ယဲ့ကို စိုက်ကြည့်ကာ “ငါတကယ် စိတ်သက်သာရာရသွားပြီ”

ယန်ယဲ့က အံ့သြသွားပြီး “မင်းဘာကို ဆိုလိုတာလဲ...”

စစ်ဗျူဟာမှူးက “နင်က တစ်ခြားမျိုးနွယ်တွေလို ဖြစ်လိမ့်မယ်လို့

ငါထင်ခဲ့တာ။ သူတို့အမြင်မှာ
ငါ့နတ်မျိုးနွယ်က သေသင့်တယ်လို့
ထင်ခဲ့တယ်”ဟုပြန်ဖြေခဲ့သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
"ငါ့အမြင်တော့ မင်းတို့နှစ်ဖက်က
ကွာခြားမှုမရှိပါဘူး။ အခြားသူတွေရဲ့
ရန်ငြိုးကို မထိခိုက်စေဘူး။ ဒါအပြင်
မျိုးနွယ်စုတိုင်းမှာလည်း
အားနည်းချက်တွေရှိသလို ခိုင်မာတဲ့

အချက်တွေလည်း ရှိတယ်လို့

ငါထင်ပါတယ်။ ဥပမာအနေနဲ့

လူသားမျိုးနွယ်မှာ လူဦးရေများပေမဲ့

မရေမတွက်နိုင်တဲ့ လူဆိုး

လူညံ့တွေရှိတယ်။ ဒါ့အပြင်

တစ်ခါတစ်ရံမှာ လူသားတွေဟာ

နတ်မျိုးနွယ်ကိုဆက်ဆံတာထက် သူတို့ရဲ့

မျိုးနွယ်တွေကို ပိုပြီး

ရက်စက်တက်တယ်”

စံသတ်မှတ်ချက်တစ်ခု။

ယန်ယဲ့သည် သူ၏နှလုံးသားထဲတွင် အမှားအမှန်ကို ခွဲခြားထားသည်။

စစ်ဗျူဟာမှူးက အဝေးကို မျှော်ကြည့်ကာ "လွန်ခဲ့တဲ့နှစ်တွေတုန်းက ငါ့နတ်မျိုးနွယ်က တကယ့်ကို မောက်မာထောင်လွှားခဲ့တယ်။ ယန်ယဲ့ ငါအရင်က နင့်ကို ပြောခဲ့သလိုပဲ

နင့်ကိုအသုံးမချချင်ဘူး။ နင့်ကို

ငါ့နတ်မျိုးနွယ်ကို ကူညီပေးဖို့

ဘယ်တုန်းကမှ မတောင်းဆိုချင်ခဲ့ဘူး။

နင်က လူဆိုးမဟုတ်ဘူးလို့

ငါခံစားမိတယ်။ အခြားသူတွေနဲ့

မတူဘူး။ ဒါ့အပြင် အနာဂတ်ဆိုတာ

လူတစ်ဦးတစ်ယောက်တည်းက

ပြောင်းလဲနိုင်တဲ့အရာ မဟုတ်ဘူး။

ငါ့နတ်မျိုးနွယ်က ဒုတိယအကြိမ်မြောက်

ကမ္ဘာစစ်မှာ ထပ်ရှုံးရင် သမိုင်းထဲမှာပဲ ရှိတော့မယ်။ အဲ့လိုပဲ တစ်ခြားမျိုးနွယ်တွေ ရှုံးရင်လည်း ငါတို့က သမိုင်းထဲမှာပဲ ရှိအောင် လုပ်ပေးမှာ”

ယန်ယဲ့က တိုးညင်းသော လေးသံဖြင့် “မင်းက သူတို့အားလုံးကို အပြီးတိုင် ဖျက်ဆီးဖို့ စီစဉ်နေတာလား...”

စစ်ဗျူဟာမှူးက ပြုံးပြီး "သူတို့က ငါတို့ကို ဒီလိုပဲ လုပ်နေတာမဟုတ်ဘူးလား..."

ဤအချိန်တွင် သူမက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "ဒုတိယကမ္ဘာစစ်စရင် နင် ဘယ်ဘက်က နေမှာလဲ..."

ယန်ယဲ့က အနည်းငယ်ပင် မစဉ်းစားဘဲ ပြန်ပြောလိုက်သည်။

“နတ်မျိုးနွယ်”

သူသည် လူသားမျိုးနွယ် ဖြစ်သော်လည်း

သူ့အား အသတ်ချင်ဆုံးက

လူသားမျိုးနွယ် ဖြစ်နေသည်။

လူသားမျိုးနွယ်ကို ကူညီမည်လား…။

ကူညီပြီးသည်နှင့်

ဘာမှန်းမသိလိုက်ခင်မှာပင် သူ့အား

သတ်သွားနိုင်သည်။ လူသားမျိုးနွယ်၏

အကျိုးအတွက်လား...။

ဟာသတစ်ခုထက်မပိုပေ။

လူသားအင်ပါယာအရှင်က သူ့အား

တိုက်ခိုက်သောအခါ ထိုကိစ္စကို

ဂရုမစိုက်ခဲ့ပေ။ မှန်သည် သူသည်

လူသားအင်ပါယာအရှင်နှင့်

လက်အောက်ငယ်သားများ အပေါ်

ရန်ငြိုးထားသည့်တိုင်

လူသားမျိုးနွယ်ကိုတော့ မဟုတ်ပေ။

အမှန်တော့ လူသားအင်ပါယာအရှင်က လူသားမျိုးနွယ်တစ်ခုလုံးကို ကိုယ်စားမပြုနိုင်ပါ။

ဤအတောအတွင်း  စစ်ဗျူဟာမှူးက “အဲ့ဒါ ကြားရတာတော့ ကျေနပ်တယ်။ နတ်မျိုးနွယ်က နင့်ကို သစ္စာမဖောက်ရင် နင်ငါတို့ကို သစ္စာမဖောက်ဘူးဆိုတာ ငါသိတယ်”

ယန်ယဲ့က ကောင်းကင်ကို

မျှော်ကြည့်လိုက်ရာ စစ်ဗျူဟာမှူးက

“သူတို့ ဒီကို မြန်မြန်ရောက်လာဖို့

ငါမမျှော်လင့်ထားဘူး”

ယန်ယဲ့သည် အံ့ဩသွားသည်။

ရုတ်တရက်ဆိုသလိုပင် ကောင်းကင်ယံမှ

ဒါဇင်ချီသော အစွမ်းထက်

အရှိန်အဝါများ လွှင့်ပျံလာသည်။

ခဏအကြာတွင်တော့ မျိုးနွယ်ခြားမဟာမိတ်တစ်ဖွဲ့လုံး ရောက်လာခဲ့ကြသည်။

“အုန်း…”

ကောင်းကင်ယံမှ လုံ့တစ်စင်း ရုတ်တရက် ပစ်ချလိုက်သည်။ သူမက စစ်ဗျူဟာမှူးပင်ဖြစ်သည်။

ယန်ယဲ့က ခေါင်းကို အနည်းငယ်

ခါယမ်းလိုက်သည်။

လှုပ်ရှားရန်ပြင်သည်။ သို့သော်

စစ်ဗျူဟာမှူးက သူမ၏ သွယ်လျသော

လက်ချောင်းလေးကို ရှေ့သို့

ပုတ်လိုက်သည်။ လက်ချောင်းထိပ်မှ

ကြယ်အလင်းတန်းများ

တဖျတ်ဖျတ်လက်ကာ လုံက လေထဲတွင်

ရပ်တန့်သွားသည်။ ဤအချိန်တွင်

လှုံနောက်ကွယ်၌
အဖြူရောင်ဝတ်စုံဝတ်သက်လတ်ပိုင်း
အမျိုးသားတစ်ဦးပေါ်လာသည်။

သူက စစ်ဗျူဟာမှူးကို ငုံ့ကြည့်ကာ
“လူသားမျိုးနွယ်ရဲ့ လှုံသူတော်စင်
ရှောင်ဟာန်ရီ။ ဒီနိမ့်ကျတဲ့
လူသားပညာရှင်က
နတ်မျိုးနွယ်ရဲ့စစ်ဗျူဟာမှူးဆီက
လမ်းညွှန်ချက် တောင်းပါရစေ”

လှုံ့သူတော်စင် ရှောင်ဟန်ရီ။

လွန်ခဲ့သော

နှစ်ပေါင်းထောင်နှင့်ချီကတည်းက

လူသားမျိုးနွယ်မှ မွေးဖွားခဲ့သော

ညာဏ်ကြီးရှင် တစ်ဦးပင်။

စစ်ဗျူဟာမှူးက ခဏမျှ

လေးလေးနက်နက်စဉ်းစားပြီး ထိုလူကို

မော့ကြည့်ကာ "နတ်မျိုးနွယ်...

တင်းရှောက်ယောင်"

ထိုစကားကြားသောအခါ ယန်ယဲ့သည်

အံ့သြသွားတုန်လှုပ်သွားခဲ့လေသည်။

Translated by NyiNyiSoe.

May Be:

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၄၉၉ - တိုက်ပွဲ

“တင်းရှောက်ယောင်”

ယန်ယွဲ့၏ စိတ်က အနည်းငယ် လွတ်ထွက်သွားသည်။ အကြောင်းမှာ ထိုအမျိုးသမီးက နတ်မျိုးနွယ်၏ စစ်ဗျူဟာမှူးဖြစ်နေလိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့်ပင်။

“သူမက အစကတည်းက

နတ်မျိုးနွယ်လား…”

အတိတ်တွင်

ထိုအမျိုးသမီးက ထက်မြက်ပြီး နူးညံ့

သိမ်မွေ့သော

အမျိုးသမီးငယ်တစ်ဦးသာ။ ထို့ပြင်

အလွန်အားနည်းပုံရသည်။

သို့သော်လည်း အဖြစ်မှန်က

သူ့အမြင်များနေကြောင်း

သက်သေပြခဲ့သည်။  ထိုအမျိုးသမီးက

ညဏ်ရည် ထက်မြက်ရုံသာမကဘဲ

သန်မာလှသည်။ တိုတိုပြောရလျှင်

ယန်ယဲ့သည် အံ့သြသွားမိသည်။

ဤအချိန်တွင် ယန်ယဲ့က

သူမ၏မျက်နှာကို မြင်လိုက်ရသည်။

မှန်သည်။ ထို အမျိုးသမီးငယ်

တင်ရှောက်ယောင်၏ မျက်နှာပင်။

သို့သော် တင်ရှောက်ယောင်က

ယခင်ကဲ့သို့ ပျော့ညံ့ပုံမရဘဲ

အေးစက်ပုံရသည်။

သူမက ယန်ယွဲ့ကို မော့ကြည့်ကာ

“နင်အံ့သြနေသလား…”

ယန်ယွဲ့က ခေါင်းညိတ်ပြသည်။

တင်ရှောက်ယောင်က အနည်းငယ်
ပြုံးလိုက်ပြီး ထိုလူကို လှည့်ကြည့်ကာ
"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်က
လောကသုံးပါးကို တုန်လှုပ်စေခဲ့တဲ့
ဉာဏ်ကြီးရှင် ရှောင်ဟန်ရီ။
စိတ်ဝင်စားစရာပဲ၊
လူသားပညာရှင်တွေက သူတို့ကိုယ်သူတို
ပြသလာကြပြီထင်တယ်"

ရှောင်ဟန်ရီက လက်နှစ်ဖက်ကို

နောက်ပစ်ထားလျက် " သာမန်ကမ္ဘာရဲ့

တိုက်ပွဲတွေမှာ ပါဝင်ဖို့ မစီစဉ်ထားပေမဲ့

နတ်မျိုးနွယ်ရဲ့ လုပ်ရပ်တွေက

ရက်စက်လွန်းတယ်။ မင်းက တကယ်ပဲ

လူသားကမ္ဘာထဲက

သက်ရှိသတ္တဝါအားလုံးကို ချေမှုန်းပစ်ဖို့

ကြံစည်နေတာ။ ကမ္ဘာတစ်ခုလုံး

ပျက်စီးသွားတဲ့အခါ ဘယ်သူမှ

မရှင်သန်နိုင်ဘူး။ ဒီနေ့ငါသေရင်တောင်

ငါ့လူသားမျိုးနွယ်က

နှစ်ပေါင်းထောင်နှင့်ချီ

ရှင်သန်နေလိမ့်မယ်။ နတ်မျိုးနွယ်က

ငါတို့ကို ဘယ်တော့မှ ဖျက်ဆီးနိုင်မှာ

မဟုတ်ဘူး”

“နှစ်ပေါင်းထောင်နဲ့ချီ”

တင်ရှောက်ယောင်ကပြုံးပြီး

“ဖြစ်နိုင်တယ်။ ဒါပေမဲ့

ပြဿနာကြီးကြီးမားမားကြီးမဟုတ်ဘူး။

ငါ့နတ်မျိုးနွယ်က

ရောက်လာတဲ့လူတိုင်းကို သတ်လိမ့်မယ်”

စကားပြောပြီးနောက်

ရှောင်ဟန်ရီ၏နောက်ကွယ်မှ ပညာရှင်

အုပ်စုကို တစ်ချက်ကြည့်လိုက်သည်။

“သူတို့ရောက်နေပြီလေ။ ငါတို့ရဲ့ ခွန်အားကို ရှေ့ထုတ်ပြတော့မှာ မဟုတ်ဘူးလား…”

ဤနေရာတွင် သွေးအရှိန်အဝါတစ်ခုပေါ်လာပြီး အနီရောင် ဝတ်စုံနှင့် သွေးမျက်နှာဖုံး တပ်ဆင်ထားသော လူတစ်ယောက်ပေါ်လာသည်။ ထိုလူက အရွယ်ရောက်ပြီးသူထက်ပိုကြီးမားသော သွေးနီရောင် တံမြက်စည်းတစ်ချောင်းကို

ကိုင်ထားသည်။ သွေးများ
တဆတ်ဆတ်စီးကျနေသည်။

ထိုလူက ရှောင်ဟာန်ရီကို
မော့ကြည့်ပြီးနောက် လေထဲသို့
ပစ်လွှတ်လိုက်သည်။ ထိုခဏလေးမှာပင်
သွေးနီရောင် လခြမ်းကွေးဓားက
လေထဲတွင် တဖျတ်ဖျတ်လက်ကာ
တိုက်ခိုက်လိုက်ကြသည်။ သူတို့
စတင်တိုက်ခိုက်လိုက်သည်နှင့်

တစ်ပြိုင်နက် ပတ်ဝန်းကျင်ရှိ
အနက်ရောင် စွမ်းအင်များက လျင်မြန်စွာ
ရွေ့လျားသွားသည်။

ဤနေရာရှိ ယင်စွမ်းအင်များ
သိသိသာသာ လျော့ကျသွားသည်။

တင်းရှောက်ယောင်က တိုက်ပွဲကို
မကြည့်ဘဲ
ကောင်းကင်အင်ပါယာအရှင်၏

မဟာမိတ်အဖွဲ့ကို စူးစိုက်ကြည့်ကာ "ငါ

တော်တော်အံ့သြမိပါတယ်။

နင်တို့အားလုံး ငါတို့ကို

ဒီလောက်မြန်မြန်ရှာတွေ့ဖို့

မမျှော်လင့်ထားဘူး။ ဒါပေမဲ့

ငါထင်တာမမှားရင် မင်းကို

တစ်ယောက်ယောက်က

ကူညီပေးခဲ့တယ်မဟုတ်လား…”

ကောင်းကင်အင်ပါယာအရှင်က

သူမထံသို့လျှောက်လာကာ

“စစ်ဗျူဟာမှူးတင်း၊ ငါတို့တွေ အတိတ်နဲ့

အခုလက်ရှိ ရန်ငြိုးရန်စကို

ဖြေရှင်းလိုက်အောင်”

တင်းရှောက်ယောင်က “ကောင်းပြီ”

“အုန်း…”

သူမပြောပြီးသည်နှင့် မြေပြင်သည်

ပြင်းထန်စွာ တုန်ခါသွားပြီး

အက်ကွဲသွားသည်။ ထို့နောက်

အစွမ်းထက် အော်ရာများစွာ

လေထဲ့သို့  လွင့်ပျံလာပြီး

တင်ရှောက်ယောင်အနားတွင် နောက်ထပ်

လူ(၁၇)ယောက်ပေါ်လာသည်။

အားလုံးက

ပညာရှင်များဖြစ်သည်။ ပညာရှင် (၁၇)ပါး။

ပြောစရာမလိုအောင်ပါ။ အလွန်ကြောက်စရာကောင်းလှသော အစုအဖွဲ့ပင်။ သို့သော် အဆုံးတော့မဟုတ်ပေ။ စစ်မြေပြင်တစ်ဝိုက်တွင် လျှပ်စီးကြောင်းများ ရုတ်တရက်

ပေါ်လာပြီး ရောမစကော်ဝိုင်းကြီး ပုံသဏ္ဍာန် တိုက်ပွဲမြေပြင်ကို ဝိုင်းရံထားသည်။

ကောင်းကင်အင်ပါယာအရှင်က တင်းရှောက်ယောင်ကို မော့ကြည့်ရင်း "မင်းက တကယ်ပဲ အဆင့်သင့်ပြင်ထားတာကို”

တင်းရှောက်ယောင်က လျစ်လျူရှုပြီး  “ငါက အဆိုးဆုံးအတွက်

အမြဲတမ်းစီစဉ်တတ်တယ်။

နင်တို့အားလုံးကို မတိုက်ခိုက်ခင် ကြိုပြီး

ပြင်ဆင်ထားဖို စီစဉ်ထားပေမဲ့

နည်းနည်းနောက်ကျသွားပြီထင်တယ်။

ဒါပေမဲ့ အဲ့ဒါက ပြဿနာမဟုတ်ဘူး”

ကောင်းကင်အင်ပါယာအရှင်က

ခေါင်းညိတ်လိုက်သည် “မှန်တယ်။

ဒါကပြဿနာမဟုတ်ပါဘူး”

သူ၏ ညာလက်ကို ရုတ်တရက်

ဝှေ့ယမ်းလိုက်သည်။

"ဘုန်း...ဘုန်း...ဘုန်း...”

ရုတ်တရက်ဆိုသလို

ကျယ်လောင်သောခြေသံများ

အဝေးမှပျံ့လွင့်လာသည်။

ယန်ယဲ့သည် လှမ်းကြည့်လိုက်ထာ

နတ်ဆိုးအုပ်စုတစ်စု

ပြေးလွှားလာနေကိုသည် မြင်လိုက်သည်။

၎င်းတို့သည် ကျောပေါ်တွင်

အတောင်ပံများ ပါရှိပြီး ကျားပျံများ

ပုံသဏ္ဍာန်ဖြစ်သည်။

တစ်ကောင်စီတိုင်းက မီတာ

(၁၀၀)ကျော်အထိ မြင့်မား၏။

ခေါင်းတစ်လုံးစီပေါ်တွင် လူသားတစ်ဦး

ရပ်နေကြသည်။ နတ်ဆိုးသားရဲတိုင်းက

အလယ်အလတ်စျာန်အဆင့်များဖြစ်ကာ

ကျောပေါ်မှီထားသော

လူသားများကလည်း

အလယ်စျာန်သခင်များဖြစ်ကြသည်။

အရေအတွက်တော့ မများပေ။

အယောက်(၁၀၀)သာရှိခဲ့သည်။

သို့သော် သူတို့

ပူးပေါင်းထုတ်လွှတ်သော အရှိန်အဝါက

မယုံကြည်နိုင်လောက်အောင်

ခံစားရပေသည်။ ပညာရှင်အနည်းငယ်ပ

င် မယှဉ်နိုင်လောက်အောင်ပါ။ ယုတ္တိရှိရှိ

ပြောရလျှင်

အလယ်အလတ်စျာန်သခင်များက

ပညာရှင်များအတွက်

မယှဉ်သာသော်လည်း

ချင်းချက်ရှိပါသည်။ ယန်ယဲ့ကဲ့သို့ပင်

သူသည် ပညာရှင်များကို သတ်နိုင်၏။

ပညာရှင်မဟာမိတ်အဖွဲ့

သည် ဤတိုက်ပွဲအတွက်

ပြင်ဆင်လာခဲ့သည်။ ၎င်းသည်

လူသားမျိုးနွယ်နှင့် နတ်ဆိုးမျိုးနွယ်

နှစ်ခုစလုံးမှအဖွဲ့ဝင်များကို ရွေးချယ်ပြီး

မြင်းတပ်ဖွဲ့စည်းခဲ့သည်။ ဤမြင်းတပ်က

ပညာရှင်များကို မကြောက်ဟု

ဆိုနိုင်သည်။

၎င်းသည် နတ်ဆိုးနှင့် လူသားမျိုးနွယ်၏

ပူးပေါင်းမှုဖြစ်သည်။ ထို့ပြင်

မြင်းတပ်၏နံဘေး၌

အဖြူရောင်ဝတ်စုံဝတ် ကျင့်ကြံသူ

အယောက်(၃၀)ခန့်ပါသည်။ ထိုထဲတွင်

အမျိုးသား အမျိုးသမီးပါသည်။

အားလုံးက အဖြူရောင်ကျောက်တုံးကို

ကိုင်ထားသည်။ ထိုတပ်ဖွဲ့က

မြင်းတပ်၏ညာဘက်တွင် ကပ်ပါလာကာ

ဤနေရာရှိ ဝိညဉ်စွမ်းအင်များ

စစ်တပ်ဆီသို့ သိသိသာသာ

ရွေ့လျားသွားခဲ့သည်။

“ဝိညဉ်မျိုးနွယ်”

အားလုံးက

အလယ်အလတ်စျာန်သခင်များပင်။

ထို့အပြင် တစ်ယောက်စီတိုင်းက ကြောက်စရာကောင်းသည့် အရှိန်အဝါများ ထွက်ပေါ်လာကြသည်။ လက်ရှိ ကျင့်ကြံမှုအဆင့်သို့ ရောက်ရန် ပြင်ပ အရင်းအနှစ်များကို အသုံးမပြုထားသော အလယ်အလတ်စျာန်သခင်များဖြစ်သည် ။

ထို့ပြင် မြင်းတပ်၏ လက်ဝဲဖက်တွင်

ပညာရှင် အယောက်(၇၀)ခန့်ရှိသည်။

အားလုံးက ရွှေရောင် ချပ်ဝတ်တန်ဆာနှင့်

လှံများကိုင်ထားကြသည်။

ပညာရှင်များကို ဖယ်လိုက်လျှင်

ဤနေရာရှိ တပ်ဖွဲ့များ၌

ရွှေရောင်ချပ်ဝတ်တပ်သားများ

ထုတ်လွှတ်သော အော်ရာက

အပြင်းဆုံးဖြစ်သည်။ ၎င်းသည်

လောကသုံးပါးတွင် ကျော်ကြားသော ကောင်းကင်အစောင့်တပ်ဖွဲ့ဖြစ်သည်။

ကောင်းကင်အစောင့်တပ်ဖွဲ့သည် ကောင်းကင်မျိုးနွယ်၏နောက်ဆုံးဝှက်ဖဲ ဖြစ်သည်။ ၎င်းသည် လူအများရှေ့တွင် ထုတ်ဖော်မပြသနိုင်သော လျှို့ဝှက်ဆန်းကြယ်သော အင်အားစုတစ်ခုဖြစ်သည်။

ကောင်းကင်မျိုးနွယ်၏

ဘိုးဘေးအမိန့်ကိုသာ နာခံ၏။

အဓိကကတော့

ကောင်းကင်အစောင့်တပ်ဖွဲ့ကို

အကောင်းဆုံးနတ်လက်နက်များ

အသုံးပြုကာ အကောင်းဆုံး

အရင်းအမြစ်များဖြင့်

ထောက်ပံ့ပေးထားသည်။ ထို့ကြောင့်

ကောင်းကင်အစောင့်တပ်၏ခွန်အားက

ကောင်းကင်မျိုးနွယ်အကြားတွင်

သဘာဝအားဖြင့်

အကောင်းဆုံးပင်ဖြစ်သည်။

ကောင်းကင်အစောင့်တပ်သား

(၁၀)ယောက်က ပညာရှင်ကို

အသာလေးသတ်နိုင်၏။

ကောင်းကင်မျိုးနွယ်တွင် လူတိုင်း

သိနေသော စကားတစ်ခွန်းဖြစ်သည်။

၎င်းသည် ဟာသမဟုတ်ပေ။

ကောင်းကင်အင်ပါယာအရှင်က

ကောင်းကင်အစောင့်တပ်ကိုပင်

ဆင့်ခေါ်ထားသောကြောင့် သေခြင်း

ရှင်ခြင်း တိုက်ခိုက်တော့မည်ဖြစ်ကြောင်း

သိသာပါသည်။ သို့သော် ဤသည်မှာ

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၏

အင်အားအပြည့်မဟုတ်ပေ။

လေထုထဲမှ ဒါဇင်ချီသော

အနက်ရောင်အရိပ်များ

ထွက်ပေါ်လာခဲ့သည်။ အားလုံးက

အလယ်စျာန်သခင်များဖြစ်သည်။

အသွင်အပြင်များက

အလွန်ထူးဆန်းနေသည်။

အနက်ရောင်အရိပ်များက

တဖျတ်ဖျတ်လက်ကာ

ရုပ်ဝတ္တုပစ္စည်းမဟုတ်သည့်အလား

အရိုးကွဲမတ်တတ်အေးစက်စက်

အငွေ့အသက်များ ထုတ်လွှတ်နေသည်။

လုပ်ကြံသတ်ဖြတ်သူ။

အရိပ်ဝိညဉ်မျိုးနွယ်မှ ထိပ်တန်း

လုပ်ကြံသတ်ဖြတ်သူများပင်။

အရိပ်ဝိညဉ်မျိုးနွယ်သည်

အလွန်နည်းပါးသောကြောင့် လောကသုံး

ပါးတွင် လူသိနည်းလှသည်။

အလယ်အလတ်အင်အားစုတစ်ခုသာဖြစ်

ခဲ့သည်။ သို့သော်လည်း ဤလောကတွင်

ရှင်သန်နိုင်သောကြောင့်

အရိပ်ဝိညဉ်မျိုးနွယ်၏ ခွန်အားကို သက်သေပြရန် လုံလောက်ပါသည်။

“လုပ်ကြံသတ်ဖြတ်သူတွေ”

လုပ်ကြံသတ်ဖြတ်သူများရောက်လာသောအခါ အရိပ်ဝိညဉ်မျိုးနွယ်နှင့် ယှဉ်နိုင်သည့် အခြားမျိုးနွယ်ဟူ၍ မရှိခဲ့ပေ။ သူတို့က အရိပ်သဘောတရားကို ကျင့်ကြံပြီး

ဒုတိယအသက်အဖြစ် ဖန်တီးနိုင်သည်။
ထို့ကြောင့် လုပ်ကြံသတ်ဖြတ်ရန်
မွေးဖွားလာခြင်းဖြစ်သည်။ မရေမတွက်
နိုင်သော ကျင့်ကြံသူများ
ဆက်တိုက်ရောက်လာနေကြသည်။

လူသားမျိုးနွယ်၊ နတ်ဆိုးမျိုးနွယ်၊
ကောင်းကင်မျိုးနွယ်၊ နတ်မျိုးနွယ်၊
အရိပ်ဝိညာဉ်မျိုးနွယ်၊ ပင်လယ်မျိုးနွယ်၊
ဝိညာဉ်မျိုးနွယ်။

ဤအချိန်တွင်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ဘက်မှ

ပညာရှင်အယောက် (၅၀)

ရှိနေပြီးဖြစ်သည်။ ဤအထဲတွင်

ပုန်းအောင်းနေသော ပညာရှိများ

မပါဝင်ပေ။

အလယ်အလတ်စျာန်သခင်အဆင့်က

တော့ စုစုပေါင်းအရေအတွက် (၁၃၀၀)

ကျော်ပင် ရှိခဲ့သည်။

အလွန်တုန်လှုပ်စရာကောင်းလှသော အရေအတွက်ပင်။ ထို့ပြင် အဆိုပါ ဈာန်သခင်များက စစ်မှန်သော ဈာန်သခင်များပင်ဖြစ်သည်။ မျိုးနွယ်ခြားအသီးသီးက သက်ဆိုင်ရာ မျိုးနွယ်စုများမှပညာရှင်များနှင့် အလယ်အလတ်ဈာန်သခင်များကိုပင် တိုက်ရိုက် ဆင့်ခေါ်ထားခဲ့သည်။

မျိုးနွယ်စု၏

အဖွဲ့ဝင်များပျက်စီးသွားလျှင်

မည်သူမဆို တစ်ယောက်တည်း မည်သို့

ရှင်သန်နိုင်မည်နည်း။

တော်တော်များများက

ထိုသဘောတရားကို နားလည်သည်။

အကယ်၍ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့

စစ်ရှုံးပြီး နတ်မျိုးနွယ် သာ

ကလဲ့စားချေလာပါက မျိုးနွယ်ခြားတိုင်း

အသက်ရှင်ကျန်ခဲ့လျှင်ပင်

ထာဝရတည်ရှိနေနိုင်တော့မည်မဟုတ်ပေ

။

ထို့ပြင် ယခင်အတိုင်း ပွင့်လင်းမြင်သာစွာ

ထုတ်ဖော်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့်  မျိုးနွယ်ခြား အသီးသီးမှ

အဆင့်မြင့်ကျင့်ကြံသူများ အားလုံး

တိုက်ပွဲမြေပြင်ဆီသို့ အဆက်မပြတ်

ပြေးလာကြသည်။

ဤတိုက်ပွဲ(ဒုတိယကမ္ဘာစစ်)က

မျိုးနွယ်ခြားအားလုံး၏ ကံကြမ္မာကို

ဆုံးဖြတ်ပေးလိမ့်မည်။

ယန်ယဲ့သည် မျက်နှာပျက်သွားသည်။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့

ထုတ်ဖော်ပြသထားသော အင်အားသည်

နတ်မျိုးနွယ်ကို ချေမှုန်းရန်

လုံလောက်သည်ဟုပင် ဖော်ပြနိုင်သည်။

“ဒါဆို နတ်မျိုးနွယ်က သူတို့ကို ဘယ်လို ရင်ဆိုင်မလဲ”

ဤအချိန်တွင် တာအိုလမ်းစဉ်က မည်သည့်ကြောင့် အပေးအယူလုပ်ခဲ့သနည်းဟု နောက်ဆုံးနားလည်ခဲ့သည်။ လုံးဝရိုးရှင်းပါသည်။ မျိုးနွယ်ခြားအသီးအသီး၏ အဖွဲ့က လုံးဝကို ကြောက်စရာအတိပင်။

တာအိုလမ်းစဉ်ပင်ထိပ်တိုက်

ရင်ဆိုင်နိုင်မည်မဟုတ်ပေ။

တာအိုလမ်းစဉ်က ဖန်ဆင်းရှင်

ပိုင်ဆိုင်ထားသော်လည်း အဆုံးတွင်

အနိုင်ရခဲ့သည်တိုင်အောင်

အနည်းနှင့်အများ တစ်ခုခုတော့

ပေးဆပ်ရပေမည်။ ထို့ပြင်

တာအိုဖန်ဆင်းရှင်သာ မကူညီခဲ့ပါက

တာအိုလမ်းစဉ်၏ ခွန်အားသည်

မျိုးနွယ်ခြားအသီးသီးအတွက်
မလုံလောက်ပါ။

အစုအဖွဲ့။

မည်သည့်အင်အားစုမဆို
စည်းလုံးညီညွတ်သွားသည်နှင့် ၎င်းကို
လျှော့တွက်၍ မရနိုင်တော့ပေ။

တိုက်ပွဲ(ဒုတိယကမ္ဘာစစ်)

ကောင်းကင်အင်ပါယာအရှင်က "စစ်ဗျူဟာမှူးတင်း၊ မင်းရဲ့ နတ်မျိုးနွယ်က ဘယ်လိုမျိုး စစ်ပွဲစချင်လဲ…”

တင်းရှောက်ယောင်က ကောင်းကင်ကိုမော့ကြည့်လိုက်သည်။ ဤအချိန်တွင် ဝိညာဉ်မျိုးနွယ်၏ ဘိုးဘေးက ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ သူ့နောက်ကွယ်မှ

ဝိညာဉ်မျိုးနွယ်၏ ကျင့်ကြံသူ

အယောက်(၃၀)က လက်များကို

ရုတ်တရက် မြှောက်လိုက်ကြသည်။

ထိုခဏလေးမှာပဲ

မမြင်နိုင်သောစွမ်းအားလှိုင်းများ

ကောင်းကင်ယံသို့ ထိုးတက်သွားသည်။

ထို့နောက်တွင် ကောင်းကင်တစ်ခုလုံး

မီးခိုးရောင်ခြုံထည်တစ်ခုကဲ့သို့

မှိန်ဖျော့သွားခဲ့သည်။
မည်သူမျှမမြင်နိုင်တော့ပေ။

ဝိညာဉ်မျိုးနွယ်၏ ဘိုးဘေးက တင်ရှောက်ယောင်ကို စိုက်ကြည့်ကာ လျစ်လျူရှုသော လေသံဖြင့် "မင်းရဲ့ ကြယ်တာရာအစီအရင်ရဲ့ စွမ်းအားကို ငါတို့ မြင်ပြီးပြီ။ စစ်မျှုဟာမှူးတင် ဒါကြောင့် အခုအချိန်မှာ မင်းက ကြယ်တာရာစွမ်းအင်ကို

မပေါင်းစပ်နိုင်ဘူးလို့ ထင်ပါတယ်။

ဒီတော့ တိုက်ခိုက်ဖို့

အခြားနည်းလမ်းတွေရှိသေးလား…။

မင်းလုပ်ရင် ကျေးဇူးပြုပြီး

စမ်းကြည့်ရအောင်”

တင်းရှောက်ယောင်က ပြုံးပြီး

“ကြည့်ရတာ မဟာမိတ်အဖွဲ့က

တကယ်ပြင်ဆင်လာပုံပဲ”

“ဟုတ်ပါတယ်”

ကောင်းကင်အင်ပါယာအရှင်က “ငါတို့ရဲ့

ရန်သူက နတ်မျိုးနွယ်ပဲ။

စစ်ဗျူဟာမှူးတင်း၊ ငါတို့ရဲ့  တပ်ဖွဲ့က

ဒီကိုရောက်နေပြီ။ မင်းကော

ဘယ်လိုလဲ…။ ဒါမှမဟုတ်

သူတို့ကိုယ်သူတို့ မပြသေးတာလား…။

ငါ့အထင်တော့

ဒီလိုမဟုတ်ဘူးထင်တယ်။

နတ်မျိုးနွယ်က
အရမ်းဂုဏ်ယူတတ်တယ်မဟုတ်လား…”

တင်းရှောက်ယောင်က သူတို့ကို
ပြန်မဖြေဘဲ ယန်ယဲ့ကို စိုက်ကြည့်ကာ
“အရင်တုန်းက
နင်လုပ်ခဲ့တာတွေကို မှတ်မိလား…”

ယန်ယဲ့က “ဘာလဲ…”

တင်ရှောက်ယောင်က ပြုံးပြီး

“နှင်ခံစားမိတဲ့အရာက

တကယ်ပျော်ဖို့ကောင်းတယ်”

ယန်ယဲ့က တင်ရှောက်ယောင်၏

ဆိုလိုရင်းကို နားမလည်းသဖြင့်

အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်မှာပဲ တင်ရှောက်ယောင်က

မျက်လုံးများကို ဖြည်းညင်းစွာ

မှိတ်လိုက်ပြီး "နင်တခြားမျိုးနွယ်တွေကို

တိုက်ခိုက်ဖို့ ကြံစည်နေတဲ့ အချိန်မှာ

ငါတို့ကိုလည်း ကြံနေတာ ငါမသိဘူးလို့

ထင်နေလား...။

လွန်ခဲ့တဲ့နှစ်တွေအကုန်လုံး နောက်ဆုံး

အခိုက်အတန့်မှာ နင်သာ

မျက်နှာသာမပေးခဲ့ရင်

ငါ့နတ်မျိုးနွယ်က  ဖျက်ဆီးခံရမှာမဟုတ်

ဘူး။ ဒီတော့ အဲ့ဒါကို ရအောင်ယူပါ။

ဒီနေ့ကစလို့  ဒီလောကက သမိုင်းထဲကပဲ ရှိတော့မယ်”

“တင်းရှောက်ယောင်က ဘယ်သူနဲ့ စကားပြောနေတာလဲ…”

ဤနေရာရှိ လူတိုင်း ပဟေဠိဖြစ်နေကြသည်။ သို့သော် ခဏအကြာတွင်ပဲ မျိုးနွယ်ခြားအသီးသီး

ဘိုးဘေးများအားလုံး အမူအရာများ ပြောင်းလဲသွားသည်။

ကောင်းကင်အင်ပါယာအရှင်က သူမကို စူးစူးစိုက်စိုက်ကြည့်ကာ အံ့အားသင့်စွာဖြင့် “ဘာလဲ နတ်မျိုးနွယ်က ရှူးသွားပြီးလား...”

Translated by NyiNyiSoe.

May Be:

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၅၀၀ - စစ်ပွဲကို ယာယီရပ်ဆိုင်း

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့မှ လူတိုင်း၏

အမူအရာများက

အလွန်ဆိုးရွားသွားကြသည်။ (သို့မဟုတ်)

မျက်နှာများ အရောင်ဖျော့သွားသည်ဟု

ပြောနိုင်သည်။ လူတိုင်း

ကြောက်စရာကောင်းလှသော
အရာတစ်ခု တွေ့လိုက်ရသလိုပင်။

ကျန်စင်စစ် လောကတွင်
ဖြစ်ပျက်နေသည့်အရာသည်
အလွန်ကြောက်စရာကောင်းလှသည်။
လောကအနှံ့ မရေမတွက်နိုင်အောင်
ကမ္ဘာများလျင်မြန်စွာပျောက်ကွယ်သွားခဲ့
သည်။ လောကတစ်ခုလုံးသည်
ဆူနာမီလှိုင်းများ ငလျင်များ

အက်ကွဲမှုများ

မီးတောင်ပေါက်ကွဲမှုများဖြင့်

ဖုံးလွှမ်းနေခဲ့သည်။

အကယ်၍တစ်စုံတစ်ယောက်သည်

ကောင်းကင် အမြင့်တစ်နေရာတွင်

မတ်တတ်ရပ်နေပါက

မီးရှူးမီးပန်းများကဲ့သို့

မရေမတွက်နိုင်သော ကြယ်တာရာများ

ပေါက်ကွဲနေသည်ကို

မြင်တွေ့နိုင်မည်ဖြစ်သည်။

လောကတစ်ခုလုံးရှိ ကမ္ဘာများ

တစ်ခုပြီးတစ်ခုပျက်စီးနေသည်။

ပညာရှင်များအတွက်

ကမ္ဘာတိုင်းကိုဖျက်ဆီးဖို့က လုံး၀

ခက်ခဲသည်မဟုတ်သလို

အရမ်းကြီးလည်း

အားစိုက်ထုတ်စရာမလိုအပ်ပေ။ သူတို့

က ဤလောက၏သဘာဝ စွမ်းအားကို

အသုံးချရန်သာ လိုအပ်သည်။

ဥပမာအားဖြင့် မြေအောက်အနက်မှ

ချော်ရည်များကို မျက်နှာပြင်ပေါ်သို့

စီးဆင်းပြီး ပေါက်ကွဲစေသည်။

မြေပြင်သည်

ချက်ချင်းပျက်စီးသွားစေသည်။

အပြန်အလှန်အားဖြင့်

ပင်လယ်ရေအောက်မီးတောင်များ

ဖြစ်ပေါ်လာကာ ဆူနာမီဖြစ်လာပေသည်။

သို့သော် ကမ္ဘာတစ်ခုသည်

ပျက်စီးသည့်ဒဏ်ကို

မည်သူက  အများဆုံး ခံစားရသနည်း။

သက်ဆိုင်ရာ ကမ္ဘာ၏

သက်ရှိသတ္တဝါများ။

ရက်စက်ခဲ့သလား...။

စစ်ပွဲသည်  အမြဲတမ်း

ရက်စက်ကြမ်းကြုတ်လှသည်။

“မင်း ဘယ်လိုလုပ်ရဲသလဲ...”

ဒေါသတကြီးအော်သံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
တင်ရှောက်ယောင်နှင့် မလှမ်းမကမ်း၌
အနက်ရောင်အရိပ်တစ်ခု ပေါ်လာသည်။
ထိုပုံရိပ်ပေါ်လာသည်နှင့်တစ်ပြိုင်နက်
အစွမ်းထက် စွမ်းအားလှိုင်းကြီးတစ်ခုက

တင်ရှောက်ယောင်ကို အဝေးဆီသို့

လွင့်ထွက်သွားစေသည်။

ယန်ယွဲ့၏ တုံ့ပြန်မှုက လျင်မြန်သည်။

သူက တင်းရှောက်ယောင်အနောက်တွင်

အလျင်အမြန်ပေါ်လာပြီး နောက်ကနေ

ဖမ်းဆုပ်ထားလိုက်သည်။ သို့သော်

တင်ရှောက်ယောင်ကို

ဆီးပွေ့လိုက်သည်နှင့် ယန်ယွဲ့၏အမူအ

ရာက သိသိသာသာ

ပြောင်းလဲသွားသည်။

“အုန်း...”

တင်ရှောက်ယောင်က

ရပ်တန့်သွားသော်လည်း ယန်ယွဲ့သည် (၃)

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

သူရပ်တန့်လိုက်သည့်အခါ ယန်ယွဲ့သည်

သူ့ခန္ဓာကိုယ်တစ်ခုလုံး

ကွဲအက်သွားသည်ကိုသတိပြုမိလိုက်သ

ည်။

"ကြောက်စရာကောင်းလိုက်တာ”

ယန်ယွဲ့သည်

လျှို့ဝှက်ဆန်းကြယ်သောအရိပ်ကို

စိုက်ကြည့်လိုက်သည်။ “ဒီလူက

ဖန်ဆင်းရှင်လား...”

တင်းရှောက်ယောင်က

သူမ၏ပါးစပ်ထောင့်ရှိ သွေးများကို

သုတ်လိုက်ပြီး

လျှို့ဝှက်ဆန်းကြယ်သောအရိပ်ကို

စိုက်ကြည့်ရင်း "ဘာလဲ နောက်ဆုံးတော့

နင့်ကိုနင် ပြလိုက်ပြီလား..."

လျှို့ဝှက်ဆန်းကြယ်သောအရိပ်က

"သူတို့ကို ရပ်ခိုင်းလိုက်ပါ။ မဟုတ်ရင်

နင့်ရဲ့ နတ်မျိုးနွယ်အတွက်

သေတာထက်ပိုဆိုးအောင်

ငါလုပ်ခိုင်းလိုက်မယ်”

ရုတ်တရက် "နင့်မှာ ဒီလို

လုပ်နိုင်စွမ်းရှိမယ် မထင်ဘူး”

လူတိုင်း အသံထွက်လာသည့်ဘက်သို့

လှမ်းကြည့်လိုက်ရာ  အမျိုးသမီးငယ်တ

စ်ဦး ဖြည်းညင်းစွာ လျှောက်လာသည်ကို တွေ့လိုက်ရသည်။

"ကျိအာ”

ကျိအာက တင်ရှောက်ယောင်၏ နံဘေးသို့ လျှောက်လာပြီးနောက် လျို့ဝှက်ဆန်းကြယ်သောအရိပ်ကို စိုက်ကြည့်ကာ “နင့်အတွက် ငါတို့က အဆင်သင့်

ပြင်မထားဘူးလို့ ထင်နေလား...”

ထိုစကားပြောပြီးသည်နှင့်

“ဆူး...ဆူး...ဆူး...”

နေရာတွင် လျှပ်စီးကြောင်းများ

တစ်ဟုန်းဟုန်းပေါ်လာသည်။ ဤနေရာရှိ

လူတိုင်း အံ့ဩ တုန်လှုပ်သွားသည်။

အချိန်သိပ်မကြာလိုက်ပေ

ကောင်းကင်ယံတွင် သွေးနီရောင်

အလုံးကြီးတစ်လုံးပေါ်လာသည်။ ၎င်းက

(ပုံသဏ္ဍာန်ပင်) သတ်ဖြတ်ခြင်းတံဆိပ်က

ကောင်းကင်ယံ၌

လေထုထဲမှပေါ်လာသည်။

၎င်းပေါ်လာသည်နှင့်

မူလစေတီအထဲတွင် နှင်းပွင့်က

ရုတ်တရက် အော်ညည်းလိုက်ပြီး

သူမ၏ခေါင်းကို ဆုပ်ကိုင်ထားရင်

မြေပြင်ပေါ်တွင် ခွေခွေလေး လဲနေသည်။

ထိုအချိန်တွင် သူမ၏မျက်နှာလေးက
အကြောက်တရားများ အပြည့်ဖြစ်ကာ
တစ်ကိုယ်လုံး တုန်ယင်နေသည်။
ယန်ယွဲ့၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားပြီး မူလစေတီထဲသို့
ကမန်းကတန်း ဝင်လာသည်။

ထိုနောက် နှင်းပွင့်ကို လက်နှစ်ဖက်ဖြင့်
ပွေ့ချီလျက် "ကလေးလေး၊
ဘာဖြစ်နေတာလဲ..."

နှင်းပွင့်က ယန်ယဲ့၏ ရင်ဘက်ကို
ခေါင်းနှင့် အဆက်မပြတ် ပွတ်သပ်ရင်း
ခန္ဓာကိုယ်ကို တင်းကျပ်စွာ
ဝှက်ထားသည်။
သူမ၏ခန္ဓာကိုယ်လေးက
ထိတ်လန့်စရာကောင်းသောအရာတစ်ခု
ကို ကြုံတွေ့လိုက်ရသလို ပြင်းထန်စွာ
တုန်လှုပ်သွားသည်။ ထို့ပြင်

နှင်းပွင့်သာမက နတ်ယင်မီးတောက်ပင်
ပြင်းထန်စွာ တုန်လှုပ်နေခဲ့သည်။

"ဒါက ကြောက်စရာကောင်းတာလား...”

ယန်ယွဲ့က ချက်ချင်း
ထိတ်လန့်သွားသည်။ ရုတ်တရက်
ကောင်းကင်ကိုမော့ကြည့်လိုက်ရာ
“မူလစေတီ”

သူ့အသံထွက်ပေါ်လာသည်နှင့်တစ်ပြိုင်န

က် ကောင်းကင်ယံမှ

ရွှေရောင်အလင်းတန်းတစ်ခု

ဆင်းသက်လာပြီး နှင်းပွင့်ကို

ဖုံးအုပ်လိုက်သည်။ သို့သော်လည်း

ဘာမှမပြောင်းလဲခဲ့ပေ။

“ဒါက ဘာကောင်လဲ...

မူလစေတီတောင်မှ

ဘာမှလုပ်လို့မရဘူးလား...”

သေချာသည်မှာ

အပြင်ဘက်ကောင်းကင်ယံရှိ

တံဆိပ်ကြောင့်ပင်။ ယန်ယဲ့က

အဲ့ဒီအချက်ကို တွေးပြီး မူလစေတီထဲမှ

ပြန်ထွက်ရန်ပြင်လိုက်သည်။ တျန်းရှူက

ရုတ်တရက် အော်ပြောလိုက်သည်။

“အစ်ကိုကြီး နှင်းပွင့်ကို

ငါ့လက်ထဲထည့်ပေးလိုက်”

ယန်ယဲ့က တျန်းရှူကို စိုက်ကြည့်ကာ ဘာမှမမေးတော့ပေ။ သူက နှင်းပွင့်ကို တျန်းရှူထံလွှဲပေးလိုက်သည်။

တျန်းရှူက နှင်းပွင့်၏ခေါင်းပေါ် လက်တင်လိုက်ပြီး "နှင်းပွင့် မကြောက်နဲ့ ငါဒီမှာရှိနေတဲ့ အချိန် နင့်ကို ဘယ်သူမှ ဒုက္ခမပေးနိုင်ဘူးလို့ ငါအာမခံတယ်"

တျန်းရှု စကားပြောနေစဉ် နှင်းပွင့်၏
ခန္ဓာကိုယ်လေးက တဖြည်းဖြည်း
ငြိမ်သက်သွားသည်။ ဤအချိန်တွင်
ကောင်းကင်ငယ်နှင့်
နတ်ယင်မီးတောက်က
တျန်းရှု၏နံဘေးတွင် ပေါ်လာကြသည်။
ဤအခိုက်အတန့်တွင်
ကောင်းကင်ငယ်၏ မျက်နှာက
နာကျင်မှုအပြည့်ဖြစ်နေသော်လည်း

မျက်လုံးထဲ၌ ကြောက်ရွံ့မှုများ
အနည်းငယ်သာ ပေါ်လာသည်။

တျန်းရှုက ကောင်းကင်ငယ်နှင့်
နတ်ယင်မီးတောက်ကို စိုက်ကြည့်ရင်း
ခဏမျှ ငြိမ်သက်သွားသည်။ ထို့နောက်
ကောင်းကင်ကို လှမ်းကြည့်ကာ

"ထွက်သွားစမ်း"

သို့သော် အဖြေမရသည့်အလား

ကောင်းကင်ငယ်နှင့်

နတ်ယင်မီးတောက်တို့ နှစ်ခုစလုံး

တုန်လှုပ်နေဆဲဖြစ်သည်။

တချန်းရှူ၏အကြည့်က

တဖြည်းဖြည်းအေးခဲသွားကာ

“ငါပြောပြီးပြီ နင်ထွက်သွားတော့”

ထိုစကားပြောပြီးသည်နှင့်

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

ကောင်းကင်ငယ်နှင့်

နတ်ယင်မီးတောက်တို့ နှစ်ယောက်စလုံး

တဖြည်းဖြည်း ငြိမ်သက်သွားလေသည်။

ယန်ယဲ့သည် သက်ပြင်းတစ်ချက်ချပြီး

“အဲ့ဒါက ဘာလဲ…”ဟု မေးလိုက်သည်။

တျန်းရှူက ခဏမျှ စဥ်းစားပြီး

"ငါလည်းမသိဘူး။

တစ်ခုခုလှုပ်မ်းကြည့်နေတာကို

သတိထားမိလိုက်တာ။ ဟုတ်တယ်၊
နှင်းပွင့်၊ အစ်မကြီးကောင်းကင်ငယ်နဲ့
ဒီမီးတောက်ကို ကြည့်နေတာ။ အဲ့ဒါက
သူတို့ကို စားချင်နေတာ”

“သူ့ကိုစားမှာလား…”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
သူက တချန်းရှုကို

ကျေးဇူးတင်စကားပြောမနေဘဲ

ခေါင်းသေးသေးလေးကို ပွတ်သပ်ရင်း

“တျန်းရှု သူတို့ကို

ခဏလောက်စောင့်ရှောက်ပေးပါဦး။

ငါအပြင်သွားပြီး ကြည့်လိုက်ဦးမယ်”

"သတိထားပါ အစ်ကိုကြီး”

တျန်းရှူက ယန်ယဲ့ကိုပြောလိုက်သည်။

“အဲ့ဒါက

အရမ်းကြောက်စရာကောင်းတယ်။

နင်ကအခု သူ့ပြိုင်ဘက်မဟုတ်ဘူး”

ယန်ယဲ့က

ခေါင်းညိတ်ပြီး "ငါသတိထားပါ့မယ်”

စကားပြောပြီးနောက် မှူလစေတီထဲမှ

ပြန်ထွက်သွားသည်။

နှင်းပွင့်လေး ကောင်းကင်ငယ်နှင့်

နတ်ယင်မီးတောက်တို့

နာကျင်နေသည့်အချိန်တွင်

မူလစေတီအပြင်ဘက်ရှိ

လျှို့ဝှက်ဆန်းကြယ်သောပုံရိပ်က

“နတ်ဆိုးယင်မီးတောက်.။ ဒါက

မဖြစ်နိုင်ဘူး”

ထိုစကားပြောပြီးသည်နှင့် သူသည်

ရုတ်တရက် ပျောက်ကွယ်သွားသည်။

ကောင်းကင်ယံရှိ သွေးတံဆိပ်က
ပြင်းထန်စွာ လှုပ်ခါလာပြီး ၎င်းနောက်
လိုက်ချင်သော်လည်း
တင်းရှောက်ယောင်က
“လိုက်ဖို့မလိုပါဘူး။ အခုနင် သူ့ကို ဘာမှ
မလုပ်နိုင်ဘူး”

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်
ကောင်းကင်ယံရှိ သွေးတံဆိပ်က
ပျောက်သွားသည်။

ဤအချိန်တွင် တင်းရှောက်ယောင်က

ယန်ယဲ့ကို စိုက်ကြည့်ကာ “နှင်းပွင့်လေး

အဆင်ပြေလား…”

ယန်ယဲ့က ခေါင်းကို အနည်းငယ်

ခါယမ်းလိုက်ပြီး“အခုသူမ

အနည်းငယ်ပိုကောင်းလာပြီ။

အဲ့ဒါဘာလဲ…”

တင်ရှောက်ယောင်က “ဝိညဉ်တွေရဲ့ စစ်မှန်တဲ့ဒဏ်ခတ်ခြင်း။ ဒါမှမဟုတ် သူတို့ရဲ့ သဘာဝ ရန်သူလို့ ခေါ်တယ်” ဟု ပြန်ဖြေသည်။

“ဝိညဉ်တွေရဲ့ သဘာဝရန်သူ”

ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

တင်းရှောက်ယောင်က “ငါနင့်ကို နောက်မှ ရှင်းပြမယ်”ဟုပြောသည်။

စကားပြောနေစဉ် သူမက ကောင်းကင်အင်ပါယာအရှင်ဆီသို့ လျှောက်သွားကာ “လူသားကမ္ဘာနဲ့ ကောင်းကင်ကမ္ဘာရဲ့ ဝိညဉ်စွမ်းအင်တွေ ပြန်ရနေပြီလို့ ငါထင်တယ်”

"မင်းဘယ်လိုသိတာလဲ...”

ကောင်းကင်အင်ပါယာအရှင်က

အသံတိုးတိုးဖြင့်ပြောလိုက်သည်။

မကြာသေးမီကပင် သူသည်

ကောင်းကင်ကမ္ဘာရှိ ဝိညာဉ်စွမ်းအင်များ

ပြန်ပေါ်လာသည်ဟူသော

သတင်းစကားကို လက်ခံရရှိခဲ့သည်။

လူသားကမ္ဘာနှင့် နတ်ဆိုးကမ္ဘာရှိ

ဝိညာဉ်စွမ်းအင်များပင်

ပြန်လည်ရရှိခဲ့သည်။

တင်းရှောက်ယောင်က မသိချင်ယောင်ဆောင်ကာ “ ဒါဘယ်သူလဲ ဆိုတာ နင်သိလား…”

ကောင်းကင်အင်ပါယာအရှင်က “ငါ ခန့်မှန်းမိတာ တစ်ခုရှိတယ်” ဟု လေးနက်စွာပြောခဲ့သည်။

တင်းရှောက်ယောင်က “မှန်တယ်

ဒါတွေအားလုံးရဲ့ အကြောင်းအရင်းကို

အခုနားလည်ပြီလား...”

ကောင်းကင်အင်ပါယာအရှင်က သူမကို

တစ်ချက်ကြည့်လိုက်သည်။ “ဘာလို့ ဒီလို

လုပ်တာလဲ...”

“အဲ့ဒါက တော်တော်ညက်နည်းတဲ့

မေးခွန်းပဲလို့ ပြောရမယ်”

တင်းရှောက်ယောင်က ဆက်ပြောသည်။

“အကြောင်းအရင်းကို သိတဲ့အတွက်

ထွက်သွားလို့ရပြီ။ ငါတို့ကြားက

ဒုတိယကမ္ဘာစစ် စမှာပါ။ ဒါပေမဲ့

အခုမဟုတ်သေးဘူး။ စိတ်မပူနဲ့

အကြာကြီးစောင့်စရာမလိုပါဘူး”

ကောင်းကင်အင်ပါယာအရှင်က

တင်းရှောက်ယောင်ကို

အချိန်အတော်ကြီး စိုက်ကြည့်ကာ "ငါတို့ စောင့်နေမယ်"

ထိုစကားပြောပြီးနောက် နောက်လှည့်ကာ လူတိုင်းကို အချက်ပြပြီး ထွက်သွားရန် ပြင်လိုက်သည်။ ဤအချိန်တွင် လူသားအင်ပါယာအရှင်က ရုတ်တရက် မေးလိုက်သည်။

“ငါတို့က သူတို့ကို အခု

ဘာကြောင့်မတိုက်ခိုက်ကြတာလဲ...”

ကောင်းကင်အင်ပါယာအရှင်က သူ့ကို

မော့ကြည့်ပြီး “ငါတို့ လုပ်နိုင်မယ်လို့

မင်းထင်လား...”ဟု ပြန်ဖြေသည်။

ထိုစကားပြောပြီးသည်နှင့်

ကောင်းကင်မျိုးနွယ်မှ

ကျင့်ကြံသူများကိုခေါ်ကာ အခြား

ပညာရှင်များကိုလည်း ဆုပ်ခွာရန်
အမိန့်ပေးလိုက်သည်။ ခဏအကြာတွင်ပဲ
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၏
စစ်တပ်သည် ပြန်ကျနေသော
ဒီရေအလား ဆုတ်ခွာသွားခဲ့သည်။
တိုက်ပွဲကွင်းပြင်သည် တဖန်
ငြိမ်သက်သွားပြန်သည်။

လူတိုင်းထွက်သွားသည်နှင့်
တင်းရှောက်ယောင်က ရုတ်တရက်
“သူတို့ကို ရပ်ခိုင်းလိုက်”

ကျိအာက "သူတို့သိတယ်”

တင်ရှောက်ယောင်က ယန်ယွဲ့ကို
စိုက်ကြည့်ရင်း "သွားကြစို့” ဟုပြောကာ
သူမ၏လက်ကို ဆွဲယမ်းလိုက်သည်။

ထိုနောက်တွင် မြေပြင်သည်
တုန်ခါသွားပြီး တဖြည်းဖြည်း
အက်ကွဲလာကာ သူတို့ရှေ့တွင်
လမ်းကြောင်းတစ်ခု ပေါ်လာသည်။
ထိုနောက်တွင် ကျိအာနှင့်
တင်းရှောက်ယောင်က ရှေ့ကနေ
ဦးဆောင်သွားသည်။ ယန်ယွဲ့သည်
သူတို့နှစ်ယောက်နှင့်အတူ
မြေအောက်ကမ္ဘာဆီ လိုက်လာခဲ့သည်။

မြေအောက်ရောက်လာသည့်အခါ
သူထင်ထားသည်ထက်ပင်
ကျော်လွန်နေ၏။
တိတ်ဆိတ်ငြိမ်သက်နေသော
မြို့တစ်မြို့ပင် အထဲတွင်
လူအချို့ရှိသော်လည်း
အလွန်နည်းပါးလှသည်။ အရေအတွက်
တစ်ဒါဇင်လောက်သာရှိရာ လုံးဝကို
ဗလာဖြစ်နေသည်။

တင်းရှောက်ယောင်က ရုတ်တရက်

"နင်သိချင်နေတာလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူမက "ငါတို့ မျိုးနွယ်တွေက

လောကအနှံ့ပုန်းအောင်းနေကြတယ်”

ယန်ယဲ့က သူမကိုမော့ကြည့်လိုက်သည်။

ပြောစရာမလိုအောင်ပင်

တင်ရှောက်ယောင်ကို အမှန်တကယ်

သဘောကျသည်။ သူမ၏

အစီအစဉ်ဆွဲမှု အဆင့်ဆင့်က လုံးဝကို

မယှဉ်နိုင်လောက်အောင်ပင်။

နတ်မျိုးနွယ် အနေနှင့်

အခြားမျိုးနွယ်ခြားများကို အနိုင်ယူပြီး

ခြေတစ်လှမ်း

အမြဲစောရောက်နေသည်က

တင်ရှောက်ယောင်ကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။

တင်းရှောက်ယောင်နှင့် ကျိအာက ယန်ယွဲ့ကို အခန်းတစ်ခုဆီသို့ ခေါ်သွားကာ

“နင့်မှာ အနာဂတ်အတွက် အစီအစဉ်ရှိသလား…”

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ
“မဟုတ်ဘူး ငါအသက်ရှင်ချင်တယ်”
ဟုပြောလိုက်သည်။

ကျိအာက “အသက်ရှင်ချင်ရုံပဲလား…။
ဒါဟာ မကြာမီမှာ ဒီလောကကနေ
အောင်မြင်ဖို့ အခက်ခဲဆုံး
အရာဖြစ်လာလိမ့်မယ်။ တကယ့်ကို
ပြီးပြည့်စုံတဲ့
ပရမ်းပတာအခြေအနေဖြစ်လာလိမ့်မယ်။

ဒါဟာ ငါ့နတ်မျိုးနွယ်နဲ့

မျိုးနွယ်တွေအကြားက

အကန့်အသတ်မရှိ

အခြားအင်အားစုတွေလည်း

ရှိသေးတယ်။  နင်က ဒီလောကကို

တက်နိုင်သမျှ အမြန်ဆုံးထွက်သွားဖို့

အကြံပေးတယ်”

ယန်ယဲ့က “လောကက ထွက်သွားမှာလား

ပြီးတော့ ဘယ်သွားမလဲ…”

သူမက “ဘယ်နေရာမဆို။ ဒီလောကမှာ
မနေသရွေ့တော့ ကောင်းပါတယ်”

ယန်ယဲ့က “ဒီမှာ ဘာဖြစ်လာမယ်ဆိုတာ
အတိအကျပြောပါ”

ကျိအာက တင်းရှောက်ယောင်ကို
အရင်စူးစိုက်ကြည့်ကာ “မဟုတ်ဘူး
သူက မလွတ်မြောက်နိုင်ဘူး။ သူ့မှာ

ဝိညာဉ်အင်ပါယာရှိတယ်။ ဒါဟာ
အင်အားစုတွေအများကြီးနဲ့
ဆက်နွှယ်နေတယ်။
ထွက်သွားခွင့်မပေးနိုင်လောက်ဘူး”

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ
ဆက်ပြောသည်။ “လောလောဆယ်တော့
ထွက်သွားဖို့ မေ့ထားလိုက်ပါ။ နင့်ရဲ့
ခွန်အားကို မြှင့်တင်ဖို့ပဲ
အာရုံစိုက်ထားသင့်တယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဤအချိန်တွင် သူ့အတွက်

အရေးကြီးသည်မှာ အမြန်ဆုံး

သန်မာလာရန်။ မျိုးနွယ်ခြားမဟာမိတ်နှင့်

အခြားသော အင်အားစု အချို့ကို

ရင်ဆိုင်ဖို့ လက်ရှိ သူ့ခွန်အားက

မလုံလောက်ပေ။ သူ့ကိုယ်သူ

အမြောက်စာ ကျွေးပိုင်ခွင့်ပင် မရှိပေ။

တင်ရှောက်ယောင်က

စကားစလုဆဲဆဲတွင်

မမျှော်လင့်ထားသော

အရာတစ်ခုဖြစ်ပေါ်လာသည်။

သွေးနီရောင် တံဆိပ်က

တဖျတ်ဖျတ်လက်ကာ ယန်ယဲ့၏

ရင်ဘက်ထဲ ဝင်သွားသည်။

"နင် ဘယ်လိုလုပ်ရဲသလဲ..."

တင်းရှောက်ယောင်က ဒေါ်သတကြီးနဲ့

“မြန်မြန် .... အထဲကို မြန်မြန်ဝင်ပြီး

တားလိုက်။ နှင်းခဲလေး

အန္တရာယ်ကျနေပြီ။ အဲ့ဒီစေတီက

မတားနိုင်ဘူး”

Translated by NyiNyiSoe.

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၁ - ထူးဆန်းသောသက်ရှိ

နှင်းပွင့်လေး အန္တရာယ်ရှိနေပြီလား။

ယန်ယွဲ့၏မျက်နှာက
ရက်စက်ကြမ်းကြုတ်မှုအပြည့်
ဖုံးလွှမ်းသည်။ ထနောက်
မူလစေတီထဲသို့ ချက်ချင်း
ဝင်သွားလေတော့သည်။

မူလစေတီထဲတွင် ။

နှင်းပွင့်လေး နှင့် မလှမ်းကမ်း၌

အနက်ရောင်အကောင်လေးတစ်ကောင်

ရှိနေ၏။

၎င်း၏ ခေါင်းပေါ်တွင်

နားရွက်သေးသေးလေးနှစ်ခုရှိကာ

သွေးရောင်လခြမ်းပုံစံမျက်လုံးများဖြစ်

သည်။ ပတ်ပတ်လည်က

အနက်ရောင်စွမ်းအင်များ

ရစ်ပတ်ထားသည်။

အရွယ်အစားက နှင်းပွင့်လေး

နှင့်အတူတူပင်။

ဤအချိန်တွင် နှင်းပွင့်၏ရှေ့၌

ရွှေရောင်စေတီငယ်တစ်ဆူရှိနေလေသည်

။

မူလစေတီ။

မူလစေတီက အနက်ရောင်အကောင်ကို
တွန်းထုတ်ပြီး နှင်းပွင့်ကို
ကာကွယ်ထား၏။

တျန်းရှု လည်း နှင်းပွင့်လေး
အနားတွင်ရှိနေသည်။ နှင်းပွင့်ကို

ပွေ့ချီထားရင်း ထိုအမည်မသိသတ္တဝါကို

အေးစက်စွာစိုက်ကြည့်နေသည်။

နှင်းပွင့်၏ မျက်လုံးလေးများက

ကြောက်စိတ်မရှိဘဲ

ဒေါသအရိပ်အယောင်များ

ထွက်ပေါ်နေခဲ့သည်။

သူမ၏ လက်သည်းလေးများကို

တင်းတင်းကြပ်ကြပ် ဆုပ်ထားလိုက်ရာ

ပတ်ဝန်းကျင်ရှိ ဝိညာဉ်စွမ်းအင်များ
မတည်မငြိမ်ဖြစ်လာသည်။ နှင်းပွင့်၏
ချစ်စဖွယ်မျက်နှာလေးက
ဒေါသစိတ်များဖုံးထားကာ
ပေါက်ကွဲတော့မည့်
မီးတောင်တစ်ခုလိုထင်ရလေသည်။

ထူးဆန်းသောသက်ရှိ ကတော့
လောဘမျက်လုံးများဖြင့်
နှင်းပွင့်ကိုစိုက်ကြည့်နေသည်။ သို့သော်

ရှေ့တိုးမလာရဲပေ။ မူလစေတီကို
အနည်းငယ်ကြောက်ရွံ့နေပုံရ၏။

ဤအချိန်တွင် ယန်ယဲ့ သည်
မူလစေတီထဲသို့ ရောက်လာကာ
နှင်းပွင့်လေးအနားသို့ပြေးသွားခဲ့သည်။
နှင်းပွင့်က ယန်ယဲ့ကိုမြင်သည်နှင့်
ပခုံးပေါ် ချက်ချင်းခုန်တက်လိုက်သည်။
ထို့နောက် ထူးဆန်းသောသက်ရှိကို
ညွှန်ပြလိုက်သည်။

ယန်ယွဲ့က "မင်း အဲဒါကို ရိုက်ချင်တာလား"

နှင်းပွင့်က ခေါင်းညိတ်ပြသည်။

ယန်ယွဲ့က ခေါင်းကို ပွတ်လိုက်ပြီး "ဒါဆို လုပ်ပါ"

ယန်ယဲ့ထံမှ ခွင့်ပြုချက်ရသည်နှင့်

နှင်းပွင့်က မူလစေတီ၏နောက်တွင်

ပုန်းအောင်းမနေတော့ဘဲ

လေထဲသို့ပျံတက်သွားခဲ့သည်။

ထို့နောက်တွင် သူမ၏ ပါးစပ်ကိုဟပြီး

ရှူသွင်းလိုက်သည်။ ထိုခဏလေးမှာပင်

ပတ်ဝန်းကျင်သည်

အသွင်ပြောင်းသွားလေတော့သည်။

သို့သော် မူလစေတီက နှင်းပွင့်ထံ

ပျံ့သန်းသွားကာ တားဆီးနေသည်။

အကြောင်းကတော့ နှင်းပွင့်သာ

ဆက်ပြီးစုပ်ယူနေပါက ဤနေရာရှိ

ဝိညာဉ်စွမ်းအင်အားလုံး

ပျောက်ကွယ်သွားပေလိမ့်မည်။

မူလစေတီက

လောကဝိညာဉ်နှင့်တူသောကြောင့်

ဤနေရာရှိ နတ်ဝိညာဉ်စွမ်းအင်များ

မကွယ်ပျောက်စေလိုသည်မှာ

သဘာဝပင်။

နှင်းပွင့်က

ထူးဆန်းသောသက်ရှိကိုလက်ညှိုးထိုးပြ

ပြီး သူမ၏ လက်သီးလေးများကို

ဝှေ့ယမ်းပြလိုက်သည်။

လွှတ်ထားလို့မရကြောင်း ပြောနေတာပါ။

မူလစေတီက အနည်းငယ်

တုန်လှုပ်သွားသည်။

နှင်းပွင့်က

မျက်လုံးမှိတ်တုတ်မှိတ်တုတ်ဖြင့်

မူလစေတီကို ညွှန်ပြပြီး ထိုအရာကို

ညွှန်ပြသည်။

မူလစေတီ က အနည်းငယ်တုန်လှုပ်

သွားသည်။

နှင်းပွင့်က ခဏမျှတုံ့ဆိုင်းသွားကာ

ရွှေရောင်စေတီလေးကို

ပွတ်သပ်လိုက်သည်။ ဆိုလိုသည်မှာ

ကံကောင်းပါစေဟုပြောနေတာ ။

မူလစေတီက အနည်းငယ်

တုန်ခါသွားပြီးနောက်

ရွှေရောင်အလင်းတန်းသဖွယ်

ပြောင်းလဲကာ

ထူးဆန်းသောသက်ရှိထံလွင့်မျောသွားသ

ည်။

မူလစေတီ တိုက်ခိုက်လာသောအခါ

ထူးဆန်းသောသက်ရှိ၏ မျက်လုံးထဲမှ

ဆိုးယုတ်သောအရိပ်အယောင်များပေါ်

လာသည်။ ထို့နောက်
၎င်း၏လက်သည်းကို မြှောက်ကာ ရှေ့သို့
ပုတ်လေသည်။

ဘုန်း…

မူလစေတီက ယာယီရပ်တန့်သွား၏။
စေတီပတ်ပတ်လည်ရှိ
အာကာသပြင်သည်လည်းပြင်းထန်စွာ
တုန်လှုပ်သွားခဲ့သည်။ မူလစေတီမှ

မရေမတွက်နိုင်သော

ရွှေရောင်အလင်းတန်းများ ရုတ်တရက်

ဖြာထွက်လာသည်။ သို့သော်လည်း

ခဏအကြာမှာပဲ မူလစေတီ ဆီသို့

ပြန်ဝင်သွားလေသည်။

တစ်ချိန်တည်းမှာပင်

ရောမအနက်ရောင်လက်သည်းကြီးချော

င်းက မူလစေတီပေါ်သို့

ကျရောက်လာသည်။

အနက်ရောင်လက်သည်းကြီးက

မူလစေတီကို

ထိခိုက်စေနိုင်မည်မထင်ရပေ။

မူလစေတီကို ဖိလျှလိုက်သည်နှင့်

တပြိုင်နက် ထူထပ်သော

ရွှေရောင်အလင်းလွှာကြီး ပေါ်လာကာ

ခုခံလိုက်သည်။ သို့သော်လည်း

လက်သည်းက မူလစေတီကို

ဖမ်းဆုပ်လိုက်သဖြင့်

နှစ်ခြမ်းခွဲလိုက်ချင်ပုံရသည်။

မူလစေတီက

သာမန်အဆင့်နိမ့်နတ်လက်နက်မဟုတ်

လေရာ ချက်ချင်းပင် တုံ့ပြန်ပါသည်။

အုန်း...

အနက်ရောင်လက်သည်းကြီးက

နောက်ပြန်လွှင့်သွားလေသည်။ ထို့နောက်

ကောင်းကင်ယံမှ

ရွှေရောင်အလင်းတန်းတစ်ခု

ဆင်းသက်လာကာ

ထူးဆန်းသောသက်ရှိကို

ထိမှန်သွားသည်။

အုန်း

နောက်တစ်ကြိမ် လွင့်ထွက်သွားခဲ့သည်။

ဤတိုက်ခိုက်မှုတွင်
ထူးဆန်းသောသက်ရှိက
အရေးနိမ့်ခဲ့သည်။

သို့သော်လည်း တိုက်ပွဲသည်
ထိုနေရာတွင် မပြီးဆုံးခဲ့ပေ။

ထူးဆန်းသောသက်ရှိက သူ့ကိုယ်သူ

ငုံ့ကြည့်ပြီး ခေါင်းပြန်မော့သည့်အခါ

မျက်နှာက

ထိတ်လန့်စရာကောင်းသောအမူအရာ

ပေါ်လာလေသည်။ မူလစေတီကို

မျှော်ကြည့်ပြီးနောက်

ညာဖက်လက်သည်းကို မြှောက်ကာ

လှုပ်မ်းပုတ်လိုက်သည်။ ထိုခဏလေးမှာပဲ

ကြောက်မက်ဖွယ်ရာစွမ်းအားလှိုင်းကြီး

ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

၎င်း၏ခန္ဓာကိုယ်သေးသေးလေးက

ဆယ်ဆနီးပါး အရွယ်အစား

ကြီးထွားလာသည်။

၎င်း၏ခြေသည်းများပေါ်တွင်

အနီရောင်တစ်ဝက်

အနက်ရောင်တစ်ဝက်မီးတောက်များ

ရှိနေသည်။

အန္တရာယ်များနေပြီ ။

ယန်ယဲ့၏ အမူအရာက

ပြောင်းသွားသည်။ သူသည်

မကြုံစဖူးသော အန္တရာယ်ကို

ခံစားလိုက်ရသည် ။

နှင်းပွင့်က နောက်သို့ ပြန်ဆုတ်လာသည်။

သူမ၏မျက်လုံးသေးသေးလေးများက

စူးစမ်းလိုစိတ်များဖြင့်
ပြည့်နှက်နေသည်။

အဲဒါဘာလဲ၊ အရမ်းအစွမ်းထက်တယ်...

မူလစေတီ ပင်လျှင်
သိသိသာသာခြိမ်းခြောက်ခံနေရသည်။
မူလစေတီမှ မရေမတွက်နိုင်သော
ရွှေရောင်ရောင်ခြည်တန်းများ

ချက်ခြင်းပေါ်လာသည်။ ထို့နောက်
နေရာတင် ပျောက်သွားသည်။

မူလစေတီ တိုက်ခိုက်လိုက်သော်လည်း
ဘေးကနေ ရပ်ကြည့်နေသည့် ယန်ယဲ့က
အံ့အားသင့်သွားခဲ့သည်။

ထူးဆန်းသောသက်ရှိက မူလစေတီကို
တိုက်ခိုက်လိုက်ခြင်းမဟုတ်ဘဲ
နှင်းပွင့်လေး ဆီသို့ ခုန်ဝင်လာသည်။

မူလစေတီက
ရွှေရောင်အလင်းတန်းအသွင်ပြောင်းထား
သော်လည်း ထူးဆန်းသောသက်ရှိက
ပိုမြန်နေ၏။

ဤမြင်ကွင်းကြောင့်

ယန်ယဲ့၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

နှင်းပွင့်ကို သူ့နောက်ဆွဲခေါ်ကာ

တရားစီခြင်းကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကို

င်ပြီး ခုတ်ပိုင်းလိုက်လေသည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့ သည် လွင့်ထွက်သွားသည်။

ယန်ယဲ့ လွင့်ထွက်သွားသည်နှင့် ထူးဆန်းသောသက်ရှိက နှင်းပွင့်ရှေ့တွင် ပေါ်လာသည်။ ၎င်း၏မျက်လုံးများက အရောင်တောက်ပလာကာ လက်သည်းဖြင့် ဖမ်းဆုပ်လိုက်သည်။

"မဟုတ်ဘူး..." ယန်ယဲ့၏မျက်လုံးများက ဒေါသကြောင့်
သွေးရောင်ပြောင်းသွားကာ ရှေ့သို့ တဟုန်ထိုးပြေးထွက်သွားလေသည်။

ဤအချိန်မှာ
နှင်းပွင့်၏မျက်လုံးသေးသေးလေးများ က ကြောက်ရွံ့မှု စိုးစဉ်းမျှမရှိခဲ့ပေ။
သူမလေးက ယန်ယဲ့ကို လှည့်ကြည့်ကာ နှုတ်ဆက်စကားပြောနေသကဲ့သို့

လက်သည်းလေးများကို
ဝှေ့ယမ်းလိုက်သည်။

ဤအချိန်မှာပဲ နှင်းပွင့်ရှေ့တွင်
ကလေးမလေးတစ်ယောက်
ရုတ်တရက်ပေါ်လာသည်။

ကလေးမလေးကို ထိမှန်ခါနီးတွင်တော့
အနက်ရောင်လက်သည်းကြီးက
နောက်ပြန်တွန့်သွားသည်။

ဤအချိန်တွင် ယန်ယဲ့ နှင့် မူလစေတီက
နှင်းပွင့်အနားကို ရောက်လာကြသည်။

ယန်ယဲ့က နှင်းပွင့်လေးကို
သူ၏ရင်ခွင်ထဲသို့
ဆွဲဖက်ထားလိုက်သည်။ ဒီအချိန်မှာ
သူ့စိတ်ထဲ အကြီးအကျယ်
တုန်လှုပ်နေသည်။

သူသည်

မျိုးဆက်ဟောင်းတစ်ယောက်နှင့်

ရင်ဆိုင်ရမည်ဆိုလျှင်ပင်

ကြောက်လန့်နေမည်မဟုတ်ပါ။

သို့သော်လည်း လက်ရှိအဖြစ်အပျက်က

သူ့အား

အလွန်ပင်ကြောက်လန့်သွားစေသည်။

နှင်းပွင့်လေးကို

ဆုံးရှုံးရမာကြောက်နေသည်။

နှင်းပွင့်လေးက

ပိုပြီးတော့တောင်ပြေမ်သက်နေခဲ့သည်။

သူမလေးက

ယန်ယဲ့ကိုဖြေသိမ့်နေသည့်အလား

ရင်ဘတ်ကို ပွတ်လိုက်သည်။

ယန်ယဲ့က မူလစေတီကို လှည့်ကြည့်ကာ

"မင်း သူ့ကို ကာကွယ်ပေးထားလိုက်"

မူလစေတီက ယန်ယဲ့ကို
အဖြေမပေးသော်လည်း
နှင်းပွင့်လေး၏ခေါင်းပေါ်ပျံဝဲသွားသည်။
ထို့နောက် ရွှေရောင်အလင်းလွှာတစ်ခု
ပေါ်လာကာ နှင်းပွင့်အား
လွှမ်းခြုံထားသည်။

ယန်ယဲ့ သည် ရွှေရောင်အလင်းလွှာကို
စူးစိုက်ကြည့်လိုက်သည်။ ဖန်ဆင်းရှင်
မဟုတ်ပါက လက်ရှိတွင် နှင်းပွင့်ကို

အန္တရာယ်ပြုနိုင်သူမရှိတော့မှန်း
သိလိုက်သည်။

အတော်လေး စိတ်ချရပြီ။

ယန်ယဲ့ သည်
တစ်ဖက်ကိုပြန်လှည့်လိုက်ရာ
ထူးဆန်းသောသက်ရှိက
တျန်းရှုရှေ့တွင်ရပ်တန့်နေမှန်းသတိထား
မိသည်။

တျန်းရှူက အကြောက်အလန့်မရှိဘဲ

ထူးဆန်းသောသက်ရှိ ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာသည်။

တျန်းရှူကို မြင်သောအခါ

ထူးဆန်းသောသက်ရှိ၏မျက်လုံးထဲမှ

ရက်စက်မှုများ

တဖြည်းဖြည်း

ပျောက်ကွယ်သွားခဲ့သည်။ ထို့အပြင်

၎င်း၏မျက်လုံးများထဲ၌လည်း

ကြောက်ရွံ့မှုအရိပ်အယောင်ပင် မြင်နိုင်လေသည်။

ထူးဆန်းသောသက်ရှိက တျန်းရှူကို ကြောက်နေပုံရ၏။

ယန်ယဲ့ သည် တျန်းရှူကို စိုက်ကြည့်နေသည်။

သူမရဲ့နောက်ခံကဘာလဲ။ တကယ်ပဲ ဒီသတ္တဝါကို ကြောက်သွားအောင် လုပ်နိုင်တယ် ။

တျန်းရှူက ထူးဆန်းသောသက်ရှိ ရှေ့သို့ လျှောက်သွားနေဆဲ ။ ယန်ယွဲ့ သည် ခဏမျှ တုံ့ဆိုင်းသွားသော်လည်း အဆုံးတွင် တျန်းရှူကို မတားလိုက်ပေ။ အကြောင်းကတော့

သူ၏ပင်ကိုယ်အသိစိတ်က

တျန်းရှုအတွက်ပြဿနာမရှိကြောင်း

ပြောနေလို့ပါ။

ဤအချိန်တွင် တျန်းရှုက

သူမ၏လက်သီးကို

ရုတ်တရက်ဆုပ်လိုက်ပြီး "နှင်းခဲလေးက

ငါ့အဖော်နော်။ နှင်းခဲလေးက

ငါ့အချစ်ဆုံးအဖော်ပဲ…”

အမှန်တော့ သူမ ကြောက်နေသော်လည်း ဒေါသငယ်ထိပ်ရောက်နေသောကြောင့် ထူးဆန်းသောသက်ရှိကို အာရုံမထားတော့ပေ။

တျန်းရှူက ထူးဆန်းသောသက်ရှိကို စူးစူးရဲရဲကြည့်လိုက်ရာ မျက်ခွံများ လှုပ်ယမ်းပြီး မီတာ ၃၀၀ အကွာသို့ ရွှေ့သွားသည်။

၎င်းက တျန်းရှု

ကိုအေးစက်စွာကြည့်နေသော်လည်း

မတိုက်ခိုက်ရဲပေ။ ခဏအကြာတွင်တော့

မူလစေတီထဲမှ ထွက်သွားခဲ့သည်။

ထွက်ပြေးသွားပြီ…

ထူးဆန်းသောသက်ရှိ ထွက်သွားသည်နှင့်

မူလစေတီက ပြင်းထန်စွာ တုန်ခါကာ

ကောင်းကင်ကို ဖုံးလွှမ်းနေသော

မရေမတွက်နိုင်သော

ရွှေရောင်အလင်းတန်းများအဖြစ်

ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ရွှေချီကန်တစ်ပိုက်တွင်

ရွှေရောင်ဖျော့ဖျော့ အလင်းတန်းများ

ထွက်ပေါ်လာသည်။

သေချာသည်မှာ မူလစေတီက

အရာရာတိုင်းကို

အကာအကွယ်အစီအရင်ဖြင့်

ကာထားလိုက်ပါပြီ။

မူလစေတီထဲတွင် ။

ယန်ယဲ့ သည် တျန်းရှု ဆီသို့

လျှောက်သွားကာ ခေါင်းကို ပွတ်သပ်ပြီး

"အဆင်ပြေရဲ့လား"

တျန်းရှူက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ... ငါ အ

ခုလေးတင် တော်တော်

စိတ်ဆိုးသွားတယ်။ ပြီးတော့ တစ်ခုခု

နိုးထလာတော့မယ်လို့ ခံစားရတယ်"

"တစ်ခုခု နိုးထလာတော့မလား"

ယန်ယဲ့က ထိုင်ချလိုက်ပြီး

တိုးတိုးလေးပြောခဲ့သည် "အဲဒါက ဘာလဲဆိုတာ မင်းသိလား"

တျန်းရှူ က ခေါင်းခါလိုက်ပြီး "ဒေါသထွက်လိုက်တာနဲ့ နိုးထတော့မယ်လို့ ခံစားရတယ်။ ဒါပေမဲ့ အမေက ရှူအာ ကြီးပြင်းလာမှပဲ ဒေါသထွက်နိုင်တယ်လို့ပြောခဲ့တယ်။ ဒါကြောင့် အမေ သေသွားတုန်းကတောင် ဒေါသမထွက်ဘူး”

သူမ ခဏရပ်ပြီး "အခုတော့ ဒီသက်ရှိပ
နှင်းပွင့်ကို သတ်ချင်နေတာ။ ငါ
တကယ်ကို ဒေါသထွက်နေပြီ"

ဤအတောအတွင်း နှင်းပွင့်က
တျန်းရှူ၏ပခုံးပေါ်သို့
ပျံတက်သွားကာခေါင်းလေးနှင့်
ပွတ်သပ်လိုက်သည်။ သူမလေးက
တျန်းရှူကို နှစ်သိမ့်ပေးနေတာပါ။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်

“ရှီအာ၊ မင်းရဲ့အမေပြောတာကို

နားထောင်ပြီး ဒေါသမထွက်ပါနဲ့။

အဆင်ပြေလား"

တျန်းရှု က “ကောင်းပြီ၊ နှင်းပွင့် နဲ့

အစ်ကိုကြီး ဘာမှမဖြစ်ရင်

ငါစိတ်ဆိုးမှာမဟုတ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြီး ပြုံးပြကာ "ကောင်းပြီ။ ဒါဆို ငါ့စကားကိုနားထောင်ပါ။ ဟုတ်တယ်၊ ငါ အပြင်မှာ ဖြေရှင်းစရာတစ်ခုရှိသေးတယ်။ ဒါဆို ခဏနေမှပြန်လာပြီး ကစားပေးမယ်။ ဟုတ်ပြီလား"

ကလေးမလေးနှစ်ယောက်စလုံး

ကန့်ကွက်ကြခြင်းမရှိပေ။

ထို့နောက်တွင် ယန်ယဲ့ သည်

မူလစေတီထဲမှ ပြန်ထွက်သွားသည်။

ဤအချိန်တွင် တင်းရှောက်ယောင် က

သူ့ရှေ့မှာ ရပ်နေသည်။

ယန်ယွဲ့က သူမကို စိုက်ကြည့်ရင်း

ခဏကြာ ငြိမ်သက်သွားသည်။

တင်းရှောက်ယောင် က  "အဲဒါက

ယင်နတ်ဆိုးပဲ။ မူလဇာစ်မြစ်ကိုတော့

မသိရသေးဘူး၊

ဝိညာဉ်တွေကိုဝါးမျိုရတာသဘောကျတ

ယ်။ အတိတ်တုန်းက လောကသုံးပါးရဲ့

ဝိညာဉ်တွေအကုန်

ပျက်စီးလုနီးပါးတောင်

ဖြစ်သွားသေးတယ်။ နောက်ဆုံးမှာ ငါ့နတ်မျိုးနွယ်က လောဝိညာဉ်ရဲ့ အကူအညီနဲ့ ဒီသတ္တဝါကို ချိတ်ပိတ်ထားလိုက်တယ်။ အခုတော့ လူတချို့နဲ့ ရင်ဆိုင်ဖို့ အဲဒါကို လွှတ်ပေးလိုက်တာပဲ"

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်

"ငါက ဘယ်လိုသတ်ရမလဲ"

တင်းရှောက်ယောင် က ယန်ယဲ့ကိုစိုက်ကြည့်ရင်း “နင် မလုပ်နိုင်ဘူး။ ဘိုးဘေးရှီထျန်း တုန်းကလည်း သတ်ပစ်ဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး၊ အဲဒါကို သတ်ဖို့ဆိုရင်တော့ စကြဝဠာကြီးကို ဖျက်ဆီးပစ်မှရမယ်”

Translated By NyiNyiSoe

May Be:

အဆိုးမဲ့ဓားကမ္ဘာအဆိုးမဲ့ဓားကမ္ဘာ

(လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၂ - အသွင်ပြောင်းခြင်း

စကြဝဠာကြီးကို ဖျက်ဆီးပစ်ရမယ်။

ထိုစကားကြားသောအခါ

ယန်ယဲ့၏မျက်နှာက

အနည်းငယ်ထူးဆန်းသွားသည်။

ဤအချိန်တွင် တင်းရှောက်ယောင် က

"စိတ်မပူပါနဲ့။ ငါတို့က နှင်းပွင့်ကို

အတင်းအကြပ်တိုက်ခိုက်ခိုင်းမှာမဟုတ်

ဘူး"

နှင်းပွင့်က ယန်ယွဲ့အတွက်
ဘယ်လောက်အရေးကြီးမှန်း သူမ
ကောင်းကောင်းသိနေလို့ပါ။

ယန်ယွဲ့က စကားမပြောဘဲ
နှုတ်ဆိတ်နေ၏။

တင်းရှောက်ယောင် က "တကယ်တော့
နှင်းပွင့်က သူ့ထက် အားနည်းတာတော့
မဟုတ်ဘူး"

ယန်ယဲ့က တင်းရှောက်ယောင် ကို

စိုက်ကြည့်နေသည်။ သူမက “နှင်းပွင့်က

ဝိညာဉ်စွမ်းအင်ကြောင့်

ကြောက်စရာကောင်းတယ်။ သူ့မှာ

လုံလောက်တဲ့ ဝိညာဉ်စွမ်းအင်တွေ

ရှိနေရင် ဘာပြဿနာမှမရှိနိုင်ဘူး။

ဒါပေမဲ့ သူမလေးက

ပျော်ပျော်ပဲနေတတ်လို့ အခုလက်ရှိမှာ

ထင်သလောက်တော့မသန်မာဘူး

မယုံကြည်နိုင်လောက်ပါဘူး”

ယန်ယဲ့က စကားမပြောနိုင်အောင်

ခံစားရသည်။

နှင်းပွင့်က ယန်ယဲ့၏ရင်ဘတ်ထဲကနေ

ရုတ်တရက် ခေါင်းပြူထွက်လာသည်။

သူမ၏ ဦးခေါင်းထက်၌

သာမန်ပုံစံရွှေစေတီတစ်ဆူရှိနေ၏။

တင်းရှောက်ယောင် က ရွှေစေတီကို

စိုက်ကြည့်နေရာမှ ခေါင်းခါလိုက်သည်

"ကံကောင်းလိုက်တာ "

မူလစေတီ သည်

လောက၏အမြင့်မြတ်ဆုံးရတနာများထဲ

မှ တစ်ခုပင်။ သို့သော်လည်း နှင်းပွင့်ကို

အချိန်ပြည့်ကာကွယ်ပေးထားလေသည်။
နတ်ဆိုးယင်ဝိညာဉ် ပင်လျှင်
နှင်းပွင့်ကိုတိုက်ခိုက်ရန်ခဲယဉ်းပေမည်။

နှင်းပွင့်က တင်းရှောက်ယောင်ကို
တစ်ချက်ကြည့်လိုက်သည်၊ ထို့နောက်
ယန်ယဲ့ကို စိုက်ကြည့်ကာ
လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့က "မင်း ကျင့်ကြံချင်လို့လား"

နှင်းပွင့်က ခေါင်းညိတ်ပြသည်။

"ဘာကြောင့်လဲ" ယန်ယဲ့က
"ငါ့နှင်းပွင့်လေးက ကျင့်ကြံရတာကို
မုန်းတယ်မဟုတ်လား"

နှင်းပွင့်က သူမ၏လက်သည်းများကို
ဆုပ်ပြီး ယန်ယဲ့အား ငေ့ယမ်းလိုက်သည်။

သူမ လက်စားချေချင်တယ် ။

အကယ်၍ တျန်းရှု နှင့်

မူလစေတီသာမရှိခဲ့ရင် သူမ

အစားခံနေရပြီဖြစ်သည်။

ယခင်အဖြစ်အပျက်ကို

လွယ်လွယ်မေ့လိုက်ပုံမရပေ။

ဤအချိန်တွင် တင်းရှောက်ယောင် က

ရုတ်တရက် ပြောခဲ့သည် “သူမက

ကျင့်ကြံဖို့ လိုတယ်။ မဟုတ်ရင် သူမရဲ့ သဘာဝ အရည်အချင်းတွေကို ဖြုန်းတီးရာကျလိမ့်မယ်။ ဒါ့အပြင် နင်က သူမကို ထာဝရ ကာကွယ်နိုင်မှာလား”

"ငါ သူ့ကို ထာဝရကာကွယ်ပေးမှာပါ" ယန်ယဲ့က ပြန်ပြောလိုက်သည် "ဒါပေမဲ့ ငါ သူမကို ကျင့်ကြံခွင့်ပေးလိုက်မယ်။ နှင်းပွင့်က သူ့ကိုယ်သူ ကာကွယ်ဖို့

ခွန်အားရှိသင့်တယ်။ ဘာကြောင့်လဲဆို

တော့ သူမလို ဝိညာဉ်အင်ပါယာ ကို

လိုချင်နေတဲ့သူတွေ အများကြီးပဲ"

နှင်းပွင့်က ခေါင်းလေးကို

ညိတ်ပြပြီးမျက်နှာတွင်လည်း

ဆုံးဖြတ်ချက်ပြတ်သားဟန်များ

ရှိနေသည်။

ဤအချိန်တွင် ယန်ယဲ့ပ

တင်းရှောက်ယောင် ကို စိုက်ကြည့်ကာ

"နတ်ဆိုးယင်ဝိညာဉ် က

မင်းတို့ထိန်းချုပ်မှုအောက်မှာ

မရှိဘူးလား"ဟုမေးလိုက်သည်။

တင်းရှောက်ယောင်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ငါ့နတ်မျိုးနွယ်က သူနဲ့

သဘောတူညီချက်ယူထားရုံလောက်ပဲ။ ငါတို့မှာ သူ့ကို အမိန့်ပေးခွင့်မရှိဘူး"

ယန်ယဲ့က "ဒီသတ္တဝါက ပြန်ကိုက်မှာကို မကြောက်ဘူးလား"

တင်းရှောက်ယောင်က ပြုံးပြီး "ငါ့နတ်မျိုးနွယ်က အားနည်းနေတာမဟုတ်ဘူး၊

လောလောဆယ် ငါတို့မှာ

ဘုံရန်သူရှိနေပြီ"

ယန်ယွဲ့က "အဲဒီ

လျှို့ဝှက်ဆန်းကြယ်တဲ့အရိပ်လား"

တင်းရှောက်ယောင် က ခေါင်းညိတ်ပြီး

တုံ့ပြန်သည်။

ယန်ယွဲ့က "အဲဒါဘယ်သူလဲ"

တင်းရှောက်ယောင် က ပြန်မဖြေဘဲ

ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး

“မကြာခင် သိလာမှာပါ။ ဟုတ်တယ်၊

စစ်နတ်ဘုရားလို့ ဘယ်မှာလဲ၊

တစ်ချက်လောက်ကြည့်ရအောင်"

ယန်ယွဲ့က တင်းရှောက်ယောင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

စစ်နတ်ဘုရားလှံကိုထုတ်ပေးလိုက်သည်

။ တင်းရှောက်ယောင် က

ယူကြည့်လိုက်ပြီး

"မျှော်လင့်ထားတဲ့အတိုင်းပဲ"

ယန်ယဲ့က အံ့သြသွားသည်

"ဘာပြောချင်တာလဲ"

တင်းရှောက်ယောင် က “သူ့ရဲ့ခွန်အားက

ပိုအားကောင်းလာနိုင်တယ်။ တကယ်လို့

နင်က ဒီဟာရဲ့လျှို့ဝှက်စွမ်းရည်ဖြစ်တဲ့

သွေးပေါင်းစပ်ခြင်းကို

အသက်သွင်းနိုင်ရင်ပိုကောင်းတယ်။

တိုက်ပွဲမှာ နင့်ခွန်အားနဲ့

စစ်နတ်ဘုရားလုံရဲ့စွမ်းအားက

ပိုပြီးအားကောင်းလာလိမ့်မယ်။ ငါကြည့်

ခဲ့ပြီးပြီ၊ နင် အရင်တုန်းက အဲဒါကို

စပြီးအသက်သွင်းလိုက်တာသတိထားမိ

တယ်။ ဒီတော့ အရမ်းခက်ခဲတဲ့

တိုက်ပွဲတစ်ခုလို့ ငါထင်ပါတယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“မင်းမှန်ပါတယ်”

ပညာရှင်ကို ပထမဆုံးသတ်ဖြတ်ခဲ့သော

တိုက်ပွဲတုန်းက

စစ်နတ်ဘုရားလုံ၏စွမ်းအားကို

အနည်းငယ်အသက်သွင်းခဲ့သည်။

သို့သော်လည်း သူ့စိတ်ထဲ
ဘာမှန်းမသိလေရာ စစ်နတ်ဘုရားလှံ၏
စွမ်းရည်ကို သတိမထားမိခဲ့ပေ။

တင်းရှောက်ယောင်က
စစ်နတ်ဘုရားလှံကို ယန်ယဲ့ထံ
ပြန်မေးလိုက်သည်။ ထို့နောက် သူမက
"နင့်ရဲ့ လက်ရှိခွန်အားက ပညာရှင်တွေကို
အသာလေးတိုက်ခိုက်ဖို့
လုံလောက်ပါတယ်။ ဒါပေမဲ့

ပညာရှင်တွေကြားမှာတောင်
ခွန်အားကွာဟတာတွေရှိတယ်။ ဒါ့အပြင်
နတ်ဆိုးယင်ဝိညာဉ်လိုမျိုး လောကမှာ
အမည်မသိသက်ရှိတွေ အများကြီးပဲ။
ဒီလိုတည်ရှိမှုတွေက
နည်းပါးတယ်ဆိုပေမယ့်
လုံးဝအားမနည်းကြဘူး။ ဒါကြောင့်
သတိထားသင့်တယ်”

ယန်ယဲ့က "နားလည်ပါတယ်"

ပညာရှင်အများစုက

သတိပေါ့ဆမှုကြောင့်

အသက်ပေးဆပ်ရတာများသည်။

တင်းရှောက်ယောင်က ယန်ယွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "နင့်ရဲ့

ခန္ဓာကိုယ်က ပညာရှင်အဆင့်

မရောက်သေးဘူး"

ဟုပြောလိုက်သည်။ သူမက

စကားခဏရပ်ပြီး "ငါနဲ့လိုက်ခဲ့"

ထိုစကားပြောပြီး နောက်လှည့်ကာ

အဝေးတစ်နေရာသို့ လျှောက်သွားသည်။

ယန်ယဲ့က တခဏမျှ တုံ့ဆိုင်းသွားပြီး

နောက်ကနေ အမြန်လိုက်သွားသည်။

ယန်ယဲ့က တင်းရှောက်ယောင် နှင့်အတူ
ကောင်းကင်အဝေးတစ်နေရာကို
လိုက်ပါလာသည်။ တင်းရှောက်ယောင်က
ရပ်နေလိုက်ပြီး ကောင်းကင်ကို
မျှော်ကြည့်နေသည်။ သူတို့အပေါ်ဖက်က
အဆုံးအစမဲ့ကြယ်တာရာများ
ဖုံးလွှမ်းနေသော
အာကာသအနက်ရှိုင်းဆုံးအပိုင်းဖြစ်သည်
။

နက်နဲပြီး လျှို့ဝှက်ဆန်းကြယ်သော မြင်ကွင်းတစ်ခုင်။

တင်းရှောက်ယောင်က "နင်အရင်တုန်းက ကြယ်တာရာစွမ်းအင်တွေနဲ့ ထိတွေ့ဖူးတယ်မဟုတ်လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး “အတိတ်တုန်းက ငါ အဲဒါကို ကျင့်ကြံထားဖူးတယ်”

သူမက “နင့်ရဲ့ခန္ဓာကိုယ်ဟာ

လက်ရှိကန့်သတ်ချက်နဲ့ ရှိနေပြီ။

အခြေခံအုတ်မြစ်လည်း

သိပ်မကောင်းပါဘူး။ ဒါပေမဲ့

ဒီခြေလှမ်းကို လှမ်းချင်တယ်ဆိုရင်တော့

အခုအချိန်ကစလို့ အနည်းဆုံး နှစ် ၃၀

လောက်ကြာလိမ့်မယ်။

သေဆုံးခြင်းကနေ

ညက်အလင်းပွင့်တဲ့အခြေအနေကို

တက်လှမ်းတာက နင်ထင်ထားတာထက်
ခက်ခဲတယ်”

ယန်ယဲ့က တင်းရှောက်ယောင်ကို
စိုက်ကြည့်ကာ ရှေ့ဆက်ပြောရန်
အချက်ပြလိုက်သည်။

တင်းရှောက်ယောင် က ဆက်ပြောသည်
"ကြယ်တာရာစွမ်းအင်က
အကန့်အသတ်မရှိဘူး။ အဲဒီစွမ်းအားက

ဘာသံသယမှမလိုဘူး။ အခု ငါက

ကြယ်တာရာစွမ်းအင်တွေကို

ပေါင်းစည်းပြီး နင့်ခန္ဓာကိုယ်ကို

ပညာရှင်အဆင့်ရောက်အောင်ကူညီပေးမ

ယ်။

ငါ့ကြယ်တာရာစုစည်းခြင်းအစီအရင်ကို

သုံးမယ်"

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်

"ဘာလို့လဲ"

တင်းရှောက်ယောင်က ယန်ယဲ့ကို
စိုက်ကြည့်နေ၏။

ယန်ယဲ့က "မင်းဘာလို့ ငါ့ကို
ကူညီနေတာလဲ"

တင်းရှောက်ယောင် က ပြုံးပြီး
"လွန်ခဲ့တဲ့နှစ်တွေတုန်းက ငါ တင်းကလန်
မှာ လူပြန်ဝင်စားတဲ့အခါ ဒဏ်ရာတွေ

အရမ်းပြင်းထန်လို့ ငါ့ခန္ဓာကိုယ်

ထိခိုက်သွားတယ်။ နင့်ရဲ့

မူလခရမ်းရောင်စွမ်းအင်သာမဟုတ်ရင်

ငါ ပြန်ကောင်းလာဖို့ နောက်ထပ်

နှစ်ပေါင်း ဒါဇင်လောက်

အချိန်ယူရဦးမယ်။ ဒါ့အပြင် တကယ်လို့

နင်က ငါ့ကိုပြန်ပြီး ကုသပေးခဲ့ရင်တော့

တိုက်ကြီးပျက်စီးတဲ့အချိန်မှာ

လူဝင်စားခြင်းသံသရာထဲကို

ထပ်ပြီးဝင်ရောက်ရလိမ့်မယ်"

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။

တင်းရှောက်ယောင် က ယန်ယဲ့ထံ

လျှောက်လာကာ "ကြင်နာမှု ကို ကြင်နာမှု

နဲ့ ပြန်ပေးတယ်၊ အဆိုးက အဆိုးနဲ့

ပြန်ဆပ်တယ်။ ဒီစကားတွေက

တခါတရံမှာ

အခ်ိပ္ပါယ်ရှိတယ်။ ဟုတ်ပါတယ်၊ ငါ

နင့်ကို

ကျေးဇူးပြန်ဆပ်ချင်လို့ရယ်တော့မဟုတ်

ပါဘူး။ကောင်းပြီ၊ အချိန်မဖြုန်းဘဲ

လိုရင်းကိုရောက်အောင်သွားကြရအောင်

။ နင့်ရဲ့ခန္ဓာကိုယ်ထဲကို

ကြယ်တာရာစွမ်းအင်တွေဝင်လာတဲ့အခါ

နာကျင်ရနိုင်တယ်၊ ဒါကြောင့်
ခံနိုင်ရည်ရှိအောင်ကြိုးစားပါ”

ထိုစကားပြောပြီးသည်နှင့်
တင်းရှောက်ယောင် က
လက်နှစ်ဖက်ဆန့်လျက်
ထူးဆန်းသောတံဆိပ်တစ်ခုကို
ဖန်တီးလိုက်သည်။ ထိုခဏလေးမှာပဲ
ယန်ယဲ့၏ခြေထောက်အောက်တွင်

ကြည်လင်သောအပြာရောင်စက်ဝိုင်း

ပေါ်လာသည်။

တင်းရှောက်ယောင် က "ဒါဟာ

ကြယ်တာရာစုစည်းခြင်းအစီအရင်ပဲ။

နင့်ခန္ဓာကိုယ်ထဲ ဝင်ရောက်လာတဲ့

ကြယ်တာရာစွမ်းအင်ကို အသုံးချဖို့

ခက်ခဲနိုင်ပေမယ့်

ဆက်ပြီးထိန်းထားရမယ်။

နင်ထိန်းချုပ်နိုင်ရင်

အရာအားလုံးပြောင်းလဲနိုင်တယ်။

ဒါပေမဲ့ နင်မလုပ်နိုင်ရင်တော့

စတုရန်းပုံတစ်ခုဆီ

ပြန်ခေါ်သွားလိမ့်မယ်"

ပြောပြီးနောက် သူမ ဖန်တီးထားသည့်

တံဆိပ်ကို ပြောင်းလဲလိုက်ပြန်သည်။

ထို့နောက်တွင်တော့

အာကာသအနက်ရှိုင်းဆုံးမှ

မရေမတွက်နိုင်သော

ကြယ်တာရာအလင်းတန်းများ

တောက်ပလာပြီး ယန်ယဲ ဆီသို့

စီးဝင်လာကြသည်။ ကြယ်တာရာစွမ်းအ

င်များက အလင်းတန်းကြီးတစ်ခုအဖြစ်

ပြောင်းလဲကာ

ယန်ယဲ့၏ခေါင်းတည့်တည့်

ပစ်ချလိုက်သည်။

ဘမ်း...

ယန်ယဲ့၏ မျက်လုံးများ

ပြူးကျယ်သွားသည်။ ဤအခိုက်အတန့်

တွင် သူ့ခန္ဓာကိုယ်သည်

ပေါက်ကွဲလုနီးပါး

ခံစားရလေသည်။ကြယ်တာရာစွမ်းအင်

များ သူ့ခန္ဓာကိုယ်ထဲကို

ဝင်ရောက်လာသည့်အခိုက် တစ်ကိုယ်လုံး

ဖြစ်ညှစ်ခံနေရသလိုပင်။

သေချာသည့်မှာ ရုပ်ခန္ဓာကို
တိုးတက်စေရန်အတွက်
အတင်းအကြပ်ဖိအားပေးလေ့ကျင့်သော
နည်းလမ်းပါ။

တင်းရှောက်ယောင် က
ပျော့ပျောင်းသိမ်မွေ့သောနည်းလမ်းထ
က် ထိုကဲ့သို့
ရက်စက်ကြမ်းတမ်းသောနည်းလမ်းကို
ရွေးချယ်ခဲ့ပုံရသည်။ အကြောင်းကတော့

သူမ အပြင် ယန်ယဲ့အတွက်

အချိန်မလုံလောက်တော့ပါ။

ထိုနည်းလမ်းကိုသာရွေးချယ်နိုင်၏။

မှန်သည်၊ သူမက ယန်ယဲ့ကို

ကောင်းကောင်းယုံကြည်ထားလို့ပါ။

ကြယ်တာရာစွမ်းအင်များက အဆုံးမရှိ

ကျဆင်းလာပြီး

ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့

တိုးဝင်လာသည်။

ဤအချိန်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်တစ်ခုလုံးသည်

ကြယ်တာရာစွမ်းအင်များဖြင့်

ဖုံးလွှမ်းနေခဲ့သည်။ အပြင်ဘက်မှပင်

မမြင်နိုင်ပေ။ ထို့အပြင် သူ့အောက်ရှိ

အလင်းစက်ဝိုင်း သည်

ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့

ဝင်ရောက်သွားပြန်သည်။

ကြယ်တာရာစွမ်းအင်များက

ယန်ယွဲ့၏ခန္ဓာကိုယ်ကို

အတင်းအကြပ်လှုံ့ဆော်ပေးပါတော့သည်

။ ယန်ယွဲ့ကိုယ်တိုင်က

သံမဏိတုံးကဲ့သို့ပင်။

ကြယ်စွမ်းအင်များက

အကြိမ်ကြိမ်ဖိနှိပ်နေသည်။

သံမဏိတုံးက တောင့်ခံနိုင်သည့်အခါ

ထုနှက်ပုံသွင်းရသည်မှာ

အဆင်ပြေပါသည်။ သို့သော်လည်း

သံမဏိတုံးကတော့

ထုထောင်းရိုက်နှက်သည့်ဒဏ်ကို

ခံရပေမည်။

ဤအချိန်တွင်

ကြယ်တာရာစွမ်းအင်များက

သူ့ထံဝင်ရောက်လာကာ

တင်းရှောက်ယောင်ကို ရပ်တန့်ပေးရန်

အော်ငေါက်လုလုနီးပါ။ ဖြစ်စဉ်က

တကယ့်ကို

ကြောက်စရာကောင်းလှသည်။

လက်ရှိတွင် သူ၏ခန္ဓာကိုယ်က

ပေါက်ကွဲတော့မည်ဟု ခံစားရသည်။

သို့သော်လည်း ယန်ယွဲ့သည်

အံတင်းတင်းကြိတ်ကာ

ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့သည်။

အရှုံးပေးရမည်လား။

ဤအခွင့်အရေးကို စွန့်လွှတ်လိုက်ပါက

သူ၏ခန္ဓာကိုယ်ဟာ ပညာရှင်အဆင့်သို့

တက်လှမ်းနိုင်တော့မည်မဟုတ်ချေ။

ဤဖရိုဖရဲကမ္ဘာတွင်

လုံလောက်တဲ့ခွန်အားမရှိပါက သူသည်

လေလွင့်ခွေးတစ်ကောင်ထက်ပင်

အခြေအနေပိုဆိုးပါလိမ့်မည်။

ထို့အပြင် သူသည် ယခင်ကကဲ့သို့

စွမ်းအားမလုံလောက်ခြင်းကို

အလိုမရှိတော့ပေ။ ဥပမာအားဖြင့်

နတ်ဆိုးယင်ဝိညာဉ်က

နှင်းပွင့်ကိုတိုက်ခိုက်သောအခါ သူသည်

ခွန်အားမဲ့သလိုခံစားရသည်။

ထိုအဖြစ်အပျက်က သူ၏အမေဖြစ်သူ

သေဆုံးစဉ်က

ဘာမှမတတ်နိုင်ဘဲရပ်ကြည့်နေရသလိုပ

င်။

ငါပိုပြီးသန်မာရမယ် ။

တကယ်တော့ သူ၏အမေဖြစ်သူ နှင့်
ညီမလေးက ပိုသန်မာလာစေသည့်
တွန်းအားတစ်ခုပင်။
ထိုပန်းတိုင်ကိုရောက်ရန် နာကျင်မှု
သို့မဟုတ် ပင်ပန်းနွမ်းနယ်မှုကို
မည်သည့်အရာကမျှ မတားဆီးနိုင်ပါ။

သူ၏ချစ်ရသူတိုင်းက
လွန်ခဲ့သောနှစ်များတစ်လျှောက်လုံး

သူ့ကိုယ်သူ ဆက်ပြီးအသက်ရှင်ဖို့

တစ်ခုတည်းသော

တွန်းအားဖြစ်ခဲ့သည်။

.....

အချိန်ကြာလာသည်နှင့်အမျှ ယန်ယဲ့

ခံနိုင်ရည်ရှိသော ဖိအားများသည်

တဖြည်းဖြည်း

ကြီးထွားလာသည်။လောလောဆယ်

တော့ သူ၏အသိစိတ်များ

မှုန်ဝါးလာသည်။ အကြောင်းမှာ

သူ့ကိုယ်သူ

မထိန်းနိုင်တော့သလို

ဖြစ်နေသောကြောင့်ပင်။

မရေမတွက်နိုင်သော

ကြယ်တာရာစွမ်းအင်များ

သူ့ခန္ဓာကိုယ်ထဲသို့

တိုးဝင်လာသည့်ခံစားချက်ဟာ
နတ်ယင်မီးတောက်ဖြင့်
လောင်ကျွမ်းခြင်းထက် ပိုဆိုးသည်။

တင်းရှောက်ယောင်၏ အသံက
သူ့စိတ်ထဲကိုဝင်ရောက်လာသည်

"ဒါ နင့်ရဲ့ တစ်ခုတည်းသော
အခွင့်အရေးပဲ။ ဒီအခွင့်အရေးကို

လက်လွှတ်သွားရင် နောက်ထပ် နှစ် ၃၀ လောက် စောင့်ရလိမ့်မယ်”

ငါ့အတွက် တစ်ခုတည်းသော အခွင့်အရေး…

"အား" ကြယ်တာရာစွမ်းအင်များ ဖုံးလွှမ်းထားသော နေရာမှ အသံနက်ကြီး ထွက်ပေါ်လာသည်။

ယန့်ယဲ့

ဒေါသတကြီးအော်လိုက်သောအသံပင်တ

ည်း။

တင်းရှောက်ယောင် က ယန့်ယဲ့

ရှိနေသည့်နေရာကို

တစ်ချက်ကြည့်လိုက်ပြီး

ကြယ်တာရာစွမ်းအင်များကို

ထပ်ပြီးဆွဲယူလိုက်သည်။ ဤအတိုင်းပင်

အချိန် ၆ နာရီလောက် ကြာသွား၏။

ခလွပ်...

ကြည်လင်သော အက်ကွဲသံ

ထွက်ပေါ်လာသည်။

တင်းရှောက်ယောင် က ယန်ယွဲ့ ရှိနေသည့်

နေရာဆီသို့ လှမ်းကြည့်လိုက်ရာ

တစ်ကိုယ်လုံး ကွဲအက်သွားသည်ကို

သတိပြုမိသည်။

"ဆက်လုပ်" ယန်ယဲ့၏အသံက

ရုတ်တရက်

ပဲ့တင်ထပ်လာသော်လည်း

သေခါနီးလူတစ်ယောက် ကဲ့သို့

အားနည်းလှသည်။

တင်းရှောက်ယောင် က ခဏမျှ

တိတ်ဆိတ်သွားသည်။ ထို့နောက်တွင်

ကြယ်တာရာစွမ်းအင်ကို

ဆက်ပြီးဆွဲယူလိုက်သည်။

ထိုကဲ့သို့ပင် အာကာသအနက်ရှိုင်းဆုံးမှ

မရေမတွက်နိုင်သော

ကြယ်တာရာစွမ်းအင်များ

ဆင်းသက်လာသည်။

ကြယ်အလင်းတန်းများ

စီးဝင်လာသည်နှင့် ယန်ယဲ့သည်

အံကိုတင်းတင်းကြိတ်ကာ

တောင့်ခံထားသည်။

ဤအခိုက်အတန့်တွင် သူသည်

အပြင်းအထန် ထိုးနှက်ခံရသော

ကြွေပုလင်းကဲ့သို့

ထင်ရသည်။ လုံးလုံးမကွဲသေးသော်လ

ည်း သူ့ခန္ဓာကိုယ်က အက်ရာများ

ဖုံးလွှမ်းသွားခဲ့သည်။

ထိုအတိုင်းပင်

အချိန်များကုန်ဆုံးသွားသည်။

၄ နာရီအကြာ...

ဘုန်း...

ယန်ယဲ့၏ပတ်ပတ်လည်ရှိ

ကြယ်အလင်းတန်းများ ကွဲထွက်

သွားသည်။ ဒီအချိန်မှာ

ယန်ယွဲ၏ခန္ဓာကိုယ်လည်း

ပေါက်ကွဲသွားလေသည်။

တင်းရှောက်ယောင် က

ဆက်မလုပ်တော့ဘဲ ရပ်တန့်လိုက်သည်။

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာအဆုံးမဲ့ဓားကမ္ဘာ

(လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၅၀၃ - ကွန်ဖြူးရှပ်လမ်းစဉ် ဖျက်ဆီးခံရခြင်း

ယန်ယဲ့၏ခန္ဓာကိုယ်က ကွဲထွက်သွားသည် ။ သို့သော်လည်း မူလဝိညာဉ်တော့ ရှိနေသေး၏။

တင်းရှောက်ယောင် ရုပ်တန့်သွားသည်နှင့်

ယန်ယွဲ့အောက်ရှိ အလင်းစက်ဝိုင်းက

ပျောက်ကွယ်သွားသည်။ ယန်ယွဲ့ သည်

ခန္ဓာကိုယ်မရှိတော့သော်လည်း

မူလဝိညာဉ်ကျန်ရှိနေသေး၏။ ထို့အပြင်

မူလဝိညာဉ်တစ်ဝိုက်

ကြယ်အလင်းရောင်ဖျော့ဖျော့

လက်နေသည်။

ယန်ယဲ့၏ခန္ဓာကိုယ်က ထူးဆန်းစွာပင်
တဖြည်းဖြည်း ဖြစ်ပေါ်လာသည်။

ပျက်စီးပြီးနောက်
ပြန်လည်မွေးဖွားခြင်းဖြစ်သည် ။

စစ်မှန်သောပြန်လည်မွေးဖွားခြင်း ။

ယန်ယဲ့၏ခန္ဓာကိုယ်က
အဆုံးသတ်ကွဲအက်သွားခြင်းမရှိခဲ့ဘဲ

ပျက်စီးပြီးနောက်

ပြန်လည်မွေးဖွားလာခဲ့သည်။ ဘဝသစ်

တစ်ခုပြန်ရခဲ့သည်။

အချိန်သိပ်မကြာလိုက်ပါ၊

ယန်ယဲ့သည်ပုံမှန်အတိုင်းပြန်ဖြစ်လာ၏။

ခဏအကြာတွင် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်ကာ

ညာဖက်လက်သီးကို ဖြည်းညှင်းစွာ

ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သည်။

ခလွပ်...

ယန်ယဲ့၏ အနီးတစ်ဝိုက်ရှိ မီတာ

ရာချီကျယ်သော အာကာသည်

အက်ကွဲသွားသည်။

ခွန်အား...

ယန်ယဲ့ သည် မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ဤအခို

က်အတန့်တွင် သူ့တစ်ကိုယ်လုံး

အကန့်အသတ်မရှိ ခွန်အားများ

ပြည့်နှက်နေသလို ခံစားရသည်။

သူ၏အတိတ်ခွန်အားကို

လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ပါက

မွေးကင်းစကလေးနှင့်

အရွယ်ရောက်ပြီးသူကဲ့သို့ပင်။

အသွင်ကူးပြောင်းခြင်း ။

စစ်မှန်သော အသွင်ကူးပြောင်းခြင်း ။

ဤအချိန်တွင် တင်းရှောက်ယောင် က

ရုတ်တရက် မေးလိုက်သည် "ဒါကို

အသားမကျသေးဘူးလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

"အရမ်းအားကောင်းလာတယ်"

လက်ရှိသူ့ခန္ဓာကိုယ်က ပညာရှင်အဆင့်

မှာရှိနေသော်လည်း

သိပ်ပြီးမရင်းနှီးသေးပါ။

တင်းရှောက်ယောင် က "နင့်ကို ကူညီဖို့

ငါက

ရက်စက်တဲ့နည်းလမ်းပဲသုံးလို့ရတယ်။

ဖြည်းဖြည်းချင်းလေ့ကျင့်ဖို့က

အချိန်မရှိတော့ဘူး။ ဒါကြောင့်

အနည်းနဲ့အများဆိုသလို

အားနည်းချက်တွေ ရှိပါတယ်၊ ပြီးတော့

နင့်ရဲ့ ကျင့်ကြံမှုကို မကြာခဏ

အခြေခိုင်အောင် လုပ်ရလိမ့်မယ်”

ယန်ယဲ့က "ကျေးဇူးတင်ပါတယ်"

တင်းရှောက်ယောင် က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး “ငါ့မှာ

တခြားကိစ္စတွေ

ရှိသေးတယ်။ နောက်မှတွေ့မယ်"

စကားပြောပြီးနောက် အဝေးကို

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

သူသည် နတ်မျိုးနွယ်သို့
လိုက်ပါမသွားပေ။
သမိုင်းမတင်မီခေတ်၏
အပျက်အစီးနယ်မြေသို့
ဦးတည်လိုက်သည်။

အချိန်သိပ်မကြာလိုက်ဘဲ

ခေါင်းတလားရှေ့ရောက်သည့်အခါ

မျက်မှောင်ကြုတ်သွားသည်။

“ဘာဖြစ်သွားတာလဲ”

ခေါင်းတလားက ယခင်နှင့်မတူပေ ။

ဤအခိုက်အတန့်တွင်

တစ်စုံတစ်ယောက်က

ထုရိုက်သွားသကဲ့သို့

အက်ကွဲကြောင်းများ

ဖုံးလွှမ်းထားခဲ့သည်။

ခေါင်းတလားထဲမှ

လျှို့ဝှက်ဆန်းကြယ်ပညာရှင်၏ အသံ

ထွက်ပေါ်လာသည် "မတွေ့ရတာ ကြာပြီ"

ယန်ယဲ့က ခေါင်းညိတ်ပြီး " နှင်းပွင့်ကို သင်ကြားပေးစေချင်လို့ ဒီကို လာခဲ့တာ။ သူမ ပိုသန်မာဖို့ လိုတယ်”ဟု ပြန်ပြောလိုက်သည်။

နှင်းပွင့်က ယခင်ကဲ့သို့ ချစ်စဖွယ်အကောင်ငယ်လေး မဖြစ်နိုင်တော့ပေ။ မည်သို့ပင်ဖြစ်စေ သူမအတွက် အဆင်ပြေပါသည်။

နောက်ဆုံးတွင် နှင်းပွင့်က

ဝိညာဉ်အင်ပါယာ ဖြစ်သည်။

သဘာဝရေးကိုက

ထူးထူးခြားခြားဖြစ်လာအောင်

ချည်နှောင်ထားခဲ့သည်။

အတိုချုပ်ပြောရရင်တော့ သူမကိုယ်သူမ

ကာကွယ်ရန် ခွန်အားလိုအပ်သည်။

ဤအချိန်တွင် နှင်းပွင့်က

အပြင်ထွက်လာသည်။ ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး
သလင်းကျောက်ခေါင်းတလားကို
လက်ဝှေ့ယှမ်းပြလိုက်သည်။

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က
ခဏတာ ငြိမ်သက်သွားပြီး “သူမ
ပိုသန်မာဖို့
လိုတယ်။ အတိတ်ကဝိညာဉ်အင်ပါယာ
တွေဟာ လောကဝိညာဉ်နဲ့

အဆင့်တူတယ်။ ဒါ့အပြင် သူတို့မှာ တာဝန်ရှိတယ်"

ယန်ယဲ့က အနည်းငယ် အံ့သြသွားကာ "တာဝန်လား၊ ဘာလဲ"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က "သူတို့က ဝိညာဉ်စွမ်းအင်ကို စုပ်ယူနိုင်ပေမယ့် ကမ္ဘာတစ်ခုအတွက် ဝိညာဉ်စွမ်းအင်ကို

ဖန်တီးပေးနိုင်တယ်။ သူတို့က

ကမ္ဘာတစ်ခုအတွက် ဝိညာဉ်စွမ်းအင်ကို

ဖန်တီးနိုင်တယ်ဆိုတော့

ကမ္ဘာတစ်ခုလုံးကို

ဝါးမျိုနိုင်တယ်လို့ဆိုလိုတယ်။ ဒါ့ကြောင့်

ဝိညာဉ်အင်ပါယာက

စကြာဝဠာတစ်ခုအတွက်

အရမ်းအရေးကြီးတယ်။ ဒါပေမဲ့

မင်းတို့ခေတ်က ဒါကို
သဘောပေါက်ပုံမပေါ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ဒါကို
သူတို့ ဘယ်တော့မှ သဘောပေါက်မှာ
မဟုတ်ဘူးလို့ မျှော်လင့်ပါတယ်"

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
နှင်းပွင့်ကို အရေးပါသောတည်ရှိမှုဟု
သတ်မှတ်ထားမှန်းသိသာလှသည်။

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

“ငါတို့ခေတ်မှာ ဝိညာဉ်အင်ပါယာတွေက

သူတို့ရဲ့ ကိုယ်ပိုင်

ကျင့်ကြံတဲ့နည်းလမ်းတွေ

ရှိခဲ့တယ်။ ဒီထူးခြားတဲ့

ကျင့်ကြံခြင်းလမ်းတွေထဲကတစ်ခုက

ထူးခြားတဲ့ဝိညာဉ်အင်ပါယာ

ဖန်တီးထားတာပဲ။

အဲဒီဝိညဉ်အင်ပါယာက ငါတို့ခေတ်မှာ

အရမ်းအရမ်းကို

နာမည်ကျော်ကြားတယ်။

ပြောရရင် ငါတို့ခေတ်က

လူပေါင်းများစွာနဲ့ ဝိညာဉ်တွေကို

ရှင်သန်နိုင်ဖို့ ကူညီပေးခဲ့တဲ့

ဝိညာဉ်အင်ပါယာက အတူတူပါပဲ”

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

ခဏာရပ်ပြီး “သူဖန်တီးထားတဲ့

ကျင့်ကြံရေးနည်းလမ်းကို

"ဆန်းကြယ်သောဝိညာဉ်"လို့ ခေါ်တယ်။

ဒီဝိညာဉ်အင်ပါယာက ဝိညာဉ်စွမ်းအင်ကို

အလိုလိုစုပ်ယူရုံပဲ။ တကယ်တော့ ဒါဟာ

အရမ်းထူးခြားတယ်။ ဒီနည်းစနစ်ကို သူမ

လေ့လာထားရင်

မျိုးဆက်သစ်တွေအပြင် တခြားလူ

ဒါမှမဟုတ် သက်ရှိသတ္တဝါတွေက

သူမကို အန္တရာယ်မပြုနိုင်ပါဘူး”

"မကောင်းဆိုးဝါးယင်ဝိညာဉ်"

ယန်ယဲ့က  ရုတ်တရက် မေးလိုက်သည်

"အကြီးအကဲ၊

မကောင်းဆိုးဝါးယင်ဝိညာဉ် အကြောင်း

မင်းသိလား”

နှင်းပွင့်၏ အကြီးမားဆုံးရန်သူက
မကောင်းဆိုးဝါးယင်ဝိညာဉ်
ဖြစ်နေသည်။

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
“ဘာလဲ။ ဒီကမ္ဘာမှာ
ယင်နတ်ဆိုးတစ်ကောင်ရှိသလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး “ငါတို့

တွေ့ပြီးပြီ။ နှင်းပွင့်က သူ့လက်ထဲမှာ

သေလုနီးပါးပဲ"

သမိုင်းမတင်မီခေတ်မှ ပညာရှင်က

ရုတ်တရက် “သူမ ဘယ်လို

ရှင်သန်ခဲ့တာလဲ”

ယန်ယဲ့က လေးနက်စွာပြောခဲ့သည်

"ငါ့အထဲမှာရှိတဲ့ အဲဒီရတနာပဲ"

သူက တျန်းရှု အကြောင်းကိုတော့ မပြောခဲ့ပေ။

သမိုင်းမတင်မီခေတ်၏ ပညာရှင်က "မှန်ပါတယ်၊ အဲဒီရတနာက မကောင်းဆိုးဝါးယင်ဝိညာဉ် ကို တန်ပြန်နိုင်တယ်။ ဒါပေမဲ့ ယင်ဝိညာဉ်ကို မဖယ်ရှားနိုင်ပါဘူး"

ယန်ယဲ့က "အကြီးအကဲ၊ သူ့ရဲ့ဇာစ်မြစ်ကို သိလား"

"ငါနည်းနည်းသိတယ်" သမိုင်းမတင်မီခေတ်၏ ပညာရှင်က “တကယ်တော့ ဝိညာဉ်အင်ပါယာတွေနဲ့ ဆင်တူတဲ့ သက်ရှိသတ္တဝါတွေ အများကြီးရှိပါတယ်။ ဝိညာဉ်အင်ပါယာက ကြင်နာတတ်တယ်၊ ဒါပေမဲ့ မကောင်းဆိုးဝါးယင်ဝိညာဉ်က

ဆိုးယုတ်တဲ့သက်ရှိပဲ။ ယင် ရှိရင် ယန်

ရှိတယ်။ အလင်းရှိရင်

အမှောင်ရှိတယ်။ မကောင်းဆိုးဝါးယင်ဝိ

ညာဉ် က ဒီလောကရဲ့ အမှောင်သက်ရှိပဲ။

ဒါဟာ ဆိုးယုတ်တဲ့သက်ရှိပဲ။

လောကနဲ့အတူ

မွေးဖွားလာတာဖြစ်တဲ့အတွက်

လောကမပျက်စီးသရွေ့တော့

တည်ရှိနေဦးမှာပါ။ ဟုတ်ပါတယ်၊

သတ်နိုင်တဲ့

စွမ်းအားရှင်တွေရှိတယ်။ ဒါပေမဲ့

အဲဒါတွေက အရမ်းနည်းတယ်”

အဆိုးယုတ်ဆုံးသက်ရှိ ။

မကောင်းဆိုးဝါးယင်ဝိညာဉ်က

သာမန်ရန်သူမဟုတ်မှန်း

သိလိုက်သောကြောင့်

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားခဲ့သည်။

ဤအတောအတွင်း

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

“ဒါဟာ ဝိညာဉ်အင်ပါယာနဲ့

လောကဝိညာဉ်နဲ့

သဘာဝရန်သူလေ။ရင့်ကျက်ပြီးတဲ့

ဝိညာဉ်အင်ပါယာက

သဘာဝအားဖြင့်တော့

အဲဒါကိုကြောက်စရာမလိုဘူး။ ဒါပေမဲ့ မင်းရဲ့ဝိညာဉ်အင်ပါယာက မရင့်ကျက်သေးဘူး။ ဒါကြောင့် အခုအချိန်မှာ သူမနဲ့မယှဉ်နိုင်တာ သဘာဝပဲ”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး “ဒါဆို နှင်းပွင့်လေး ပိုသန်မာလာမယ်လို့ မျှော်လင့်ပါတယ်။ သူမက မကောင်းဆိုးဝါးယင်ဝိညာဉ်ကို

မသတ်နိုင်ရင်တောင် အရေးကြီးတာက

သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်းရှိတာပဲ”

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

"သူမကို ဒီနေရာမှာ ထားခဲ့လိုက်ပါ၊ သူမ

ပိုသန်မာလာနိုင်တယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ဒါပေမဲ့

ငါသူမနဲ့ ဒီမှာနေမယ်"

ထိုစကားကြားသောအခါ နှင်းပွင့်က ယန်ယဲ့၏မေးစေ့ကို ခေါင်းလေးနှင့် ချက်ချင်းပွတ်သပ်လိုက်ပါသည်။ သူမ ပိုသန်မာလာချင်သော်လည်း ယန်ယဲ့နှင့် ခွဲမနေလိုပေ။

ဤအချိန်တွင် သမိုင်းမတင်မီခေတ်၏ ပညာရှင်က “မင်းဘာတွေ စိတ်ပူနေတယ်ဆိုတာ ငါသိတယ်။ အမှန်အတိုင်းပြောရရင်

ငါက မင်းကို ဒုက္ခပေးဖို့

ကြံစည်ထားရင်တောင် ငါ သူ့ကို

ဘယ်တော့မှ

ဒုက္ခမပေးဘူး။ ငါတို့မျိုးနွယ်က

ဝိညာဉ်အင်ပါယာတွေအကုန်လုံးကို

ထာဝရကာကွယ်ပေးမယ်လို့

ကတိပြုထားတယ်။ မင်းရဲ့

ဒီဝိညာဉ်အင်ပါယာက ငါနဲ့အတူနေဖို့

ငြင်းနေပေမယ့် ငါ သူ့ကို ဘယ်တော့မှ
ဒုက္ခမပေးဘူး”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “အကြီးအငဲ၊
မင်းထင်သလို မဟုတ်ဘူး။
မင်းကိုမယုံရင် ငါ သူမကို
ဒီအထိခေါ်လာမှာမဟုတ်ဘူး။ ငါနေနေရ
တဲ့ အကြောင်းရင်းက ဒီကောင်လေးကို
ထားခဲ့ဖို့ မခံနိုင်လို့ပဲ။ သူမက
ငါ့အနားမှာပဲနေချင်တယ်။ ဒါ့အပြင်

ငါဒီမှာရှိနေမှပဲ သူမက

ပိုကြိုးစားလိမ့်မယ်။ မဟုတ်ရင်

အပျင်းထူနေလိမ့်မယ်။ အဲဒါနဲ့

ပတ်သက်ပြီး မင်း ဘာမှ လုပ်နိုင်မှာ

မဟုတ်ဘူး ဆိုတာ ငါ သေချာတယ်”

အပျင်းထူတယ်...

နှင်းပွင့်က သူမ၏ မျက်နှာပေါ်တွင်
အလွန်တရာ အပြစ်ကင်းသော
အမူအရာဖြင့်
မျက်တောင်ခတ်လိုက်သည်။

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
“ကောင်းပြီ” ဟု ပြန်ဖြေသည်။

ထို့နောက်တွင် ယန်ယွဲ့ သည်
သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေတွင်

နေထိုင်ခဲ့သည်။ သို့သော်လည်း

အပြင်လောကရှိ အခြေအနေများ

နှင့်ပတ်သက်၍တော့

အချိန်တိုင်း

အာရုံစိုက်နေ၏။ လူသားကမ္ဘာရှိ

ဝိညာဉ်စွမ်းအင်များ တဖြည်းဖြည်း

ပြန်လည်ရောက်ရှိလာခဲ့သည်။ ထို့အတူ

ယန်လျန်ရှမ်း နှင့်အခြားလူတိုင်း

ရွှေ့ပြောင်းဖို့မလိုတော့ပေ။

တစ်ချိန်တည်းတွင် ယန်ယဲ့သည်

ယန်လျန်ရှမ်းအား

ပညာရှင်မဟာမိတ်အဖွဲ့၊ မဟာလမ်းစဉ် ၄

ခု၏လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်ဖို့

တောင်းဆိုလိုက်သည်။

ဤအခိုက်အတန့်တွင်

လောကသုံးပါးသည်

ငြိမ်သက်နေပုံရ၏။ သို့သော်လည်း

အမှန်တကယ်တော့

လုံးဝမဟုတ်ပေ။ မုန်တိုင်းမတိုက်ခင်

လေပြည်လေညှင်းလာနေသလိုသာ။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့

ထုတ်ဖော်ပြသခဲ့သော ခွန်အားက

နတ်မျိုးနွယ်ကို ဟန့်တားထားရုံအပြင်

မဟာလမ်းစဉ် ၄ ခုကိုပါ

သတိပေးသလိုဖြစ်ခဲ့သည်။

မျိုးနွယ်ခြားအားလုံးက

စစ်မှန်သောအင်အားစုများပင်။

မဟာမိတ်အဖွဲ့က မဟာလမ်းစဉ် ၄

ခုအနက် တစ်ခုခုကို

ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်းရှိလေသည်။

ယခင်အဖြစ်အပျက်က မဟာလမ်းစဉ် ၄ ခုအနေဖြင့် မျိုးနွယ်ခြားများကို အနည်းငယ်ကြောက်ရွံ့နေမှန်း သိသာစေခဲ့သည်။

အခြား မဟာလမ်းစဉ် ၃ ခုကို သတိထားနေရုံသာမကဘဲ နတ်မျိုးနွယ်နှင့် သူတို့၏အကြီးမားဆုံးရန်သူကိုပင် မပြတ်သတိထားနေရသည်။ အတိုချုပ်

ပြောရလျှင် လောကသုံးပါးက

လက်ရှိတွင် အင်အားစုအသီးသီးကို

ခွဲခြားထားလေသည်။

အဓိကကတော့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့။

နတ်မျိုးနွယ်၏ အဆင့်တူပြိုင်ဖက်

ဖြစ်နေရုံသာမကဘဲ

နတ်ဘုရားတိုက်ပွဲကွင်းပြင်၏

အဖြစ်အပျက်ကြောင့်

ထိပ်တိုက်ရင်ဆိုင်နိုင်ကြောင်း

သိသာပါသည်။ သို့သော်လည်း ထိုနေ့က

အသာစီးရခဲ့သည့်တိုင် နတ်မျိုးနွယ်ကို

သေခြင်း၊ရှင်ခြင်းမတိုက်ခိုက်ခဲ့ကြပေ။

တစ်နည်းအားဖြင့် စစ်ပွဲအတွင်း

တတိယလူ မရှိစေချင်သောကြောင့်

ဖြစ်သည်။

လောကသုံးပါး၏ အခြေအနေက

မည်သို့ပင်ဖြစ်စေ ယန်ယဲ့ နှင့် နှင်းပွင့်က

လက်တလော စိတ်အေးလက်အေး

ဖြစ်နေကြသည်။

ဤအတောအတွင်း နှင်းပွင့်က ကျင့်ကြံ

ခြင်းအပေါ် အာရုံစိုက်ထားလေသည်။

အထူးသဖြင့် သမိုင်းမတင်မီခေတ်၏

ပညာရှင်က သင်ပြပေးပြီးနောက်

နှင်းပွင့်က အလျင်အမြန်
တိုးတက်လာပါသည်။ လက်ရှိတွင်
နှင်းပွင့်က ဝိညာဉ်စွမ်းအင်ပေါင်းစပ်နည်း
သင်ယူခဲ့သည်။ ဥပမာအားဖြင့် သူမက
လျှပ်စီးကြောင်းများ၊ မုန်တိုင်းများ၊
မီးတောက်များကို ဖန်တီးနိုင်သည်။
ကုန်ကုန်ပြောရလျှင် မည်သည့်
သဘာဝစွမ်းအားကိုမဆို
ဖန်တီးနိုင်သည်။

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

၎င်းကို ဒြပ်စင်ဆင့်ခေါ်ခြင်း

ဟုခေါ်သည်။

၎င်းသည် မမြင်နိုင်သော

ဒြပ်စင်များကိုပေါင်းစပ်ပြီး

လျှို့ဝှက်ဆန်းကြယ်သောဝိညာဉ်စွမ်း

အားများကို ဖန်တီးနိုင်၏။

ယန်ယှဲလည်း ထိုနည်းလမ်းကို

သင်ယူချင်သွားသည်။

ကံမကောင်းစွာပဲ၊

နှင်းပွင့်တစ်ယောက်သာ

ကျင့်ကြံနိုင်၏။ အကြောင်းပြချက်အတွ

က်, ဒါဟာ

အလွန်ရိုးရှင်းပါသည်။ ထိုအရာများက

နှင်းပွင့်အနားကို အလိုလိုနီးကပ်လာပြီး

အသင့်ထိန်းချုပ်ရန်ပင်။ ပြောရလျှင်

နှင်းပွင့်က အခက်အခဲမရှိဘဲ

သင်ယူနိုင်လေသည်။

သို့သော်လည်း ယန်ယဲ့ကတော့

မဖြစ်နိုင်ပေ။

ဤတစ်ကြိမ်တွင် ယန်ယဲ့ သည်

နှင်းပွင့်လေး

မည်မျှကြောက်စရာကောင်းသည်ကို

နောက်ဆုံးတွေ့မြင်ခဲ့ရသည်။

ဤအတိုင်းပဲ အချိန်များ

တဖြည်းဖြည်းနှင့် ကုန်ဆုံးလာသည်။

၃ လ ကြာသွားပါပြီ။

တစ်နေ့တွင်

လောကသုံးပါးတစ်ခုလုံးသည်

ရုတ်တရက်ကြီး

တုန်လှုပ်ခြောက်ခြားသွားသည်။

မဟာလမ်းစဉ် ၄ ခုအနက်မှ

တစ်ခုဖြစ်သော

ကွန်ဖြူးရှပ်လမ်းစဉ်သည်

တစ်ညတည်းတွင်

လုံးလုံးဖျက်ဆီးခံခဲ့ရသည်။

ကွန်ဖြူးလမ်းစဉ် ပျက်စီးသွားပြီ။

လောကသုံးပါးတစ်ခုလုံး

တုန်လှုပ်သွားသည်။

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၄ - မဟုတ်ဘူး၊ လုံးဝပဲ

ကွန်ဖြူးရှပ်လမ်းစဉ်ကို
သတ်ပစ်လိုက်ပြီ။

အလွှန့်အလွှန်
ကြောက်မက်ဖွယ်ရာကောင်းလှသော
သတင်းတစ်ပုဒ်အဖြစ်သာ
ဖော်ပြနိုင်တော့သည်။

မည်သို့ စွမ်းအားမျိုးနည်း။

၎င်းသည် မဟာလမ်းစဉ် ၄ ခုထဲမှ တစ်ခုဖြစ်သည်။ လောကသုံးပါး၏ အကန့်အသတ်ထက် ကျော်လွန်သော ထိပ်သီးအင်အားစုများထဲမှ တစ်ခုပင်။

ထိုသို့သော မဟာလမ်းစဉ်ကိုပင် အသံတစ်ချက်မထွက်ဘဲ ဖျက်ဆီးပစ်နိုင်သည်ကား မည်သို့စွမ်းအားရှင်နည်း။

အခြားသော မဟာလမ်းစဉ် ၃

ခုပူးပေါင်းထားလျှင်ပင်

ကွန်ဖြူးရှပ်လမ်းစဉ်ကို ဖျက်ဆီးရန်

မဖြစ်နိုင်သလောက်ပါ။

ထို့ကြောင့် လောကသုံးပါးတစ်ခုလုံး

ချက်ချင်းပင်

တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အင်အားစုတိုင်းက စိုးရိမ်ပူပန်နေခဲ့သည်။

လောကသုံးပါးတစ်ခုလုံး၏
အင်အားစုအသီးသီး အနည်းငယ်
ထိတ်လန့်စပြုလာပြီဟု ဆိုနိုင်သည်။

...

သမိုင်းမတင်မီခေတ်၏
အပျက်အစီးနယ်မြေ ။

ယန်ယဲ့ သည် ထိုသတင်းကို

လက်ခံရရှိသောအခါ

သူ၏မျက်နှာပေါ်တွင်

အလွန်လေးနက်သော အမူအရာတစ်ခု

ပေါ်လာသည်။ အမှန်တကယ်တော့

ကွန်ဖြူးရှပ် လမ်းစဉ်ကို

တိတ်တဆိတ်ဖျက်ဆီးပစ်ဖို့က

မဖြစ်နိုင်ပေ။ နောက်ဆုံးတွင်

ကွန်ဖြူးရှပ်လမ်းစဉ် က ဖန်ဆင်းရှင်

တစ်ပါး ပိုင်ဆိုင်ထား၏။ သို့သော်
ထိုဖန်ဆင်းရှင်က မည်သို့နည်း။
ငရဲရောက်သွားပြီလော ။

ခန်းမထဲတွင် ....။

ယန်ယဲ့ သည် မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ဒီအချိန်
မှာ သူ့စိတ်ထဲ၌ ဖော်မပြနိုင်သော

အေးစက်စက်ခံစားချက်ကိုပင်
ခံစားလိုက်ရသည်။

သူ့ရှေ့တွင် တင်းရှောက်ယောင်၏အသံ
ရုတ်တရက် ပေါ်ထွက်လာသည် "နင်
ကွန်ဖြူးရှပ်လမ်းစဉ်ကို
သွားကြည့်ချင်သလား"

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်လိုက်သည်။ သူလည်း

ကွန်ဖြူး‌ရှပ်လမ်းစဉ်၏ အခြေအနေကို

သွားကြည့်လိုသည်။ ဤအတောအတွင်း

နှင်းပွင့်လေးက

လေ့ကျင့်ပြီးခါနီးဖြစ်သည်။ နှင်းပွင့်က

သမိုင်းမတင်မီခေတ်၏ ပညာရှင်

သင်ပြပေးသောနည်းစနစ်အားလုံးကို

တစ်ခုမကျန် မှတ်သားထားလေသည်။

ထို့ကြောင့် တဖြည်းဖြည်း အချိန်ယူကာ

ကျင့်ကြံရုံသာရှိတော့သည်။

ယန်ယဲ့ သည်
သလင်းကျောက်ခေါင်းတလား ဆီသို့
လျှောက်သွားကာ "အကြီးအကဲ၊
လောကသုံးပါးမှာ တစ်ခုခုဖြစ်နေပြီ။
ငါသွားကြည့်ဖို့စီစဉ်ထားတယ်"ဟုပြော
လိုက်သည်။

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
“ကွန်ဖြူးရှပ်လမ်းစဉ်ရဲ့
အခြေအနေလား” ဟု ပြန်မေးသည်။

ယန်ယွဲ့က သလင်းကျောက်ခေါင်းတလား

ကို ငုံ့ကြည့်လိုက်ပြီး "အကြီးအကဲ က

ဒီအကြောင်းကို သိဖို့ ငါ

မမျှော်လင့်ထားဘူး"

"ဒီလောကကို

ငါအာရုံစိုက်ထားတယ်" သမိုင်းမတင်မီ

ခေတ်၏ ပညာရှင်က “အဲဒါက

ထင်သလောက်မရိုးရှင်းမှာကို

ငါကြောက်တယ်” ဟု ဆက်ပြောသည်။

ယန်ယွဲ့ ကလည်း ခေါင်းညိတ်ပြီး “အဲဒါ

မဟုတ်ဘူး။ အကြီးအကဲ၊ မင်းလည်း

လောကသုံးပါးမှာ ကွန်ဖြူးရှပ်လမ်းစဉ်ရဲ့

အဆင့်အတန်းကို သိတာ

သေချာပါတယ်။ ဒါပေမဲ့ သူတို့က

ဖျက်ဆီးခံလိုက်ရပြီ။ ရိုးရိုးသားသားပြော

ရရင် ဒီကမ္ဘာက ငါ့အတွက်

အန္တရာယ်များလွန်းတယ်လို့
ခံစားရတယ်။ ပြီးတော့ ဒီမှာပဲ
ထာဝရပုန်းအောင်းနေချင်မိတယ်”

သမိုင်းမတင်မီခေတ်၏ ပညာရှင်က
"ဒီနေရာက လုံခြုံတယ်လို့
မင်းထင်သလား"

ယန်ယဲ့ က "မလုံခြုံဘူးလား"

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

ခဏတာ ငြိမ်သက်သွားပြီး “ဒါက လုံးဝ

မလုံခြုံပါဘူး။ မင်းတို့ခေတ်က

ငါတို့ခေတ်နဲ့ နည်းနည်းကွာပေမယ့်

ကွာဟချက်က

ဒီလောက်ကြီးမဟုတ်ဘူး။ ဒါ့အပြင်

ဒီခေတ်ရဲ့ တချို့ပညာရှင်တွေက

ငါတို့ခေတ်လိုပဲ

ထူးခြားဆန်းကြယ်တယ်။

အတိုချုပ်ပြောရရင် သတိထားပါ"

ယန်ယဲ့က ခေါင်းညိတ်ပြီး

"နှုတ်ဆက်ပါတယ်"

နှင်းပွင့်က ယန်ယဲ့ကို အတုယူကာ

ယန်ယဲ့၏ရင်ခွင်ထဲ၌ ထိုင်နေရင်း

လက်သည်းလေးများကို

ဆုပ်လိုက်လေသည်။ချစ်စဖွယ်မြင်ကွင်း

တစ်ခုပင်။

“မကောင်းဆိုးဝါးယင်နတ်ဆိုးကို

သတိထားပါ” ဤအတောအတွင်း

သမိုင်းမတင်မီခေတ်၏ ပညာရှင်က

“ဒီသက်ရှိက မင်းရဲ့ ဝိညာဉ်အင်ပါယာကို

လွှတ်ထားမှာ

မဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒါက

ဝိညာဉ်အင်ပါယာကို ဝါးမျိုနိုင်ရင်

သူ့စွမ်းအားက အဆင့်တစ်ခုထိ

ရောက်သွားလိမ့်မယ်။ တကယ်တော့

သူတစ်ယောက်တည်းတော့မဟုတ်ဘူး၊

ဝိညာဉ်အင်ပါယာကို ဝါးမျိုတဲ့သူတိုင်းက

ခွန်အားအရာမှာ

အဆင့်တစ်ခုရောက်သွားမှာပါ”

ထိုစကားကို ကြားလိုက်သောအခါ

နှင်းပွင့်က မျက်လုံးလေး

ကလယ်ကလယ်ဖြစ်သွားလေသည်။

သမိုင်းမတင်မီခေတ်၏ ပညာရှင် နှင့်

အချိန်အတော်ကြာ စကားပြောပြီးနောက်

ယန်ယဲ့သည် အပျက်အစီးနယ်မြေမှ

ထွက်ခွာသွားခဲ့သည်။

ကွန်ဖြူးရှပ်ကမ္ဘာ ...။

ယန်ယွဲ့ သည် ကွန်ဖြူးရှပ်လမ်းစဉ် သို့ စတင်ထွက်ခွာလာခဲ့သည်။ အသံတစ်ချက်မှမထွက်ဘဲ မည်သည့်အင်အားစုက ကွန်ဖြူးရှပ်လမ်းစဉ်ကို ဖျက်ဆီးခဲ့ကြောင်းသိချင်နေခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင် ယန်ယွဲ့ သည် ကွန်ဖြူးရှပ်လမ်းစဉ် သို့ ရောက်လာခဲ့သည်။ ဤအခိုက်အတန့်တွ

င် သူသည် ဤနေရာတွင်

တစ်ဦးတည်းမဟုတ်ကြောင်း

သတိပြုမိလိုက်သည်။ အခြားသော

ကျင့်ကြံသူ အများအပြားလည်း

ရောက်နေပုံပါ။ လူတိုင်းက

ကွန်ဖြူးရှပ်လမ်းစဉ်

ဖျက်ဆီးခံရသည့်အကြောင်းကို

စုံစမ်းလိုကြသည်။

ကွန်ဖြူးရှပ် (အယူအဆ) အယူဝါဒကို ဖျက်ဆီးခြင်းမပြုသော်လည်း ၎င်းတွင် သက်ရှိလက္ခဏာများ မကျန်ရှိခဲ့ပါ။

ကွန်ဖြူးရှပ်လမ်းစဉ်သည် အပြင်လောကနှင့် ထိတွေ့ဆက်ဆံမှုအများဆုံး မဟာလမ်းစဉ်ဖြစ်သည်။ အဖွဲ့ဝင်များက ကွန်ဖြူးရှပ်လမ်းစဉ်၏ သွန်သင်ချက်များကို ဖြန့်ကျက်ရန်

လိုအပ်သောကြောင့်
သေမျိုးကမ္ဘာများတွင်
လှည့်လည်သွားလာကြသည်။ ထို့ပြင်
ကွန်ဖြူးရှပ်လမ်းစဉ်သည် မဟာလမ်းစဉ်
၄ ခုအနက် နောက်လိုက်အများဆုံး
ဖြစ်သည်။

လေ့လာသူတိုင်း၊
လာရောက်စုံစမ်းသူတိုင်းက

လက်တွေ့အားဖြင့်

ကွန်ဖြူးရှပ်လမ်းစဉ်၏

နောက်လိုက်များပင်။

ကွန်ဖြူးရှပ်လမ်းစဉ် သည်

မရေမတွက်နိုင်သော ပညာရှင်များ

နေထိုင်လိုသော

နေရာဖြစ်သည်။ လက်ရှိမှာတော့

ပျောက်ကွယ်သွားလေပြီ။

ယန်ယဲ့ သည် ကွန်ဖြူးရှပ်ကမ္ဘာထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် သွေးရန့်က သူ့နှာခေါင်းကို လွှမ်းသွားသည်။

ကွန်ဖြူးရှပ်ကမ္ဘာ သည် သီးခြားကမ္ဘာငယ်လေးတစ်ခုလိုပင်။ ၎င်း၏ ပင်မအဖွဲ့ဝင်များသာမကဘဲ အခြားသောနေထိုင်သူများပါရှိခဲ့သည်။ ထိုသူများက ကွန်ဖြူးရှပ်ဝါဒကို

ယုံကြည်သက်ဝင်ကြသည်။နေထိုင်သည့်
အကြောင်းပြချက်အတွက်
အလွန်ရိုးရှင်းပါသည်။ ကွန်ဖြူးရှပ်လမ်း
စဉ်မှ ခေါ်ယူဖို့ရာ မျှော်လင့်ချက်များ၊ ...

ယန်ယဲ့ ဖြတ်သန်းလာသော
မြို့တိုင်းသည်
အလောင်းများဖုံးလွှမ်းထားသည် ။

မျက်နှာထက်၌
ကြောက်လန့်တကြားအမူအရာများ
ရှိနေခဲ့သည်။ မသေခင်
ကြောက်စရာအကောင်းဆုံး
အရာကိုမြင်တွေ့ခဲ့ပုံရ၏။

ယန်ယဲ့ သည် ကွန်ဖြူးရှပ်ကမ္ဘာ၏
အဓိကမြို့ဖြစ်သော ပညာရှင်မြို့တော်သို့
တိုက်ရိုက်သွားခဲ့သည်။

၎င်းသည် ကွန်ဖြူးရှပ်လမ်းစဉ်၏
စစ်မှန်သော ဗဟုချုပ်ဖြစ်သည်။
သို့သော်လည်း လက်ရှိတွင်တော့
မြို့သည် ပျက်စီးနေခဲ့၏။ တစ်မြို့လုံးကို
ရောမလက်ဝါးကြီးဖြင့်
ဖြိုချလိုက်ပုံရသည်။

မြင်ရသည်မှာပင်
ကြောက်စရာကောင်းလှသည်။

တစ်မြို့လုံးက

အလွန်ကြောက်စရာကောင်းသော

အခြေအနေတွင်

ရှိနေသည်။အလောင်းများ

ဖုံးလွှမ်းထားကာ သွေးမြစ်များ

အဆက်မပြတ်စီးနေခဲ့သည်။

လေထုထဲတွင်

သွေးညှီနံ့များသာပြည့်နေ၏။

ဤနေရာတွင် ဝိညာဉ်များပင် မရှိခဲ့။

သေလွန်သူဝိညာဉ်များပင်

ပျောက်ကွယ်သွားခဲ့ပုံရသည်။

ယန်ယွဲ့ သည် ရှေ့ကို

ဆက်လျှောက်လာသည်။

အချိန်သိပ်မကြာလိုက်ဘဲ

ပညာရှင်မြို့တော်သို့ ရောက်လာခဲ့သည်။

မြို့အလယ်၌ အဘိုးကြီးတစ်ယောက်၏ ရုပ်တုရှိနေသည်။ အဘိုးကြီးက ဖော်ရွေသောအသွင်အပြင်၊ ခေါင်းထက်၌ နှင်းဖြူရောင်ဆံပင်များရှိနှင့် ဖော်မပြနိုင်သော အရှိန်အဝါရှိခဲ့သည်။

ကွန်ဖြူးရှပ်လမ်းစဉ်၏ တည်ထောင်သူ..

ဤအဘိုးကြီးက လောကသုံးပါး၏
အကြီးမြတ်ဆုံးပညာရှင်များထဲတစ်ဦးဖြ
စ်သည်။

ယန်ယွဲ့သည် ရုပ်ထုကို အကြာကြီး
စိုက်ကြည့်ပြီးနောက် လှည့်ပတ်ကာ
ခန်းမထဲသို့ ဝင်သွားသည်
။ ဤအခိုက်အတန့်တွင် ခန်းမထဲ၌
လူများဖြင့် ပြည့်နေသည်။ ၎င်းတို့သည်

ယန်ယဲ့ကို စူးစူးစိုက်စိုက်ကြည့်ကာ

အကြည့်များကို ရုပ်သိမ်းလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

အနက်ရောင်ဝတ်ရုံကို

ဝတ်ဆင်ထားသောကြောင့် သူ့အား

မည်သူမျှ မမှတ်မိနိုင်တော့ပေ။

ခန်းမသည် လုံးလုံး

ပျက်စီးသွားခြင်းမရှိပါ။ ဤနေရာတွင်

အဘိုးကြီး ၁၁ ဦးထိုင်နေခဲ့သည်။

ကွန်ဖြူးရှပ်လမ်းစဉ်၏ ပညာရှင် ၁၁ ပါး။

သို့သော် သူတို့တွင် အသက်(ရှင်သန်ခြင်း)

အရိပ်အယောင်များ မတွေ့ရပေ။

ပညာရှင် ၁၁ ပါးလုံး သေသွားပြီ။

ခန်းမထဲမှ လူတိုင်း၏ အကြည့်များက

ထိုပညာရှင်များနှင့် ဆုံမိသွားသည်။

လူတိုင်း၏ အတွေးထဲ၌တော့ ပညာရှင်

၁၁ ပါးကို မည်သူက

သတ်ပစ်နိုင်သနည်း။

ပဟေဠိဖြစ်ခဲ့ကြသော်လည်း အဖြေကို

ရှာမရပေ။

ခန်းမထဲရှိ ပညာရှင်တစ်ပါးက
ကြည်လင်နေသော
အပြင်ရောင်အလင်းလုံးတစ်လုံးကို
ထုတ်ယူလိုက်သည်။

အဘိုးကြီး၏ ဆန်းကြယ်ချီစွမ်းအင်က
အလင်းလုံးထဲသို့ ဖြည်းညှင်းစွာ
စီးဝင်သွားသည်။ ခဏအကြာတွင်
အဘိုးကြီးက "ပြန်ခေါ်ပါ...."

ထိုစကားပြောလိုက်သည်နှင့်
အလင်းလုံးက ပြင်းထန်စွာ
တုန်ခါသွားပြီးနောက်
မြင်ကွင်းတစ်ခုပေါ်လာသည်။

၎င်းက ပညာရှင်မြို့တော်မှာ
ဖြစ်ပျက်ခဲ့သော မြင်ကွင်း ဖြစ်သည်။

လူတိုင်း၏ အကြည့်များက

အလင်းလုံးကို အာရုံစိုက်ထားကြသည်။

အလင်းလုံးထဲရှိမြင်ကွင်းအရ မြို့တော်

သည် အေးချမ်းသာယာနေသေးပြီး

သာမန်ထက် ထူးထူးခြားခြား

ဘာမှမရှိပေ။ အချိန်အနည်းငယ်အကြာ

မှာပဲ မြို့အထက်ကောင်းကင်ယံ၌

ရောမအနက်ရောင်တိမ်တိုက်ကြီးတစ်ခု

ရုတ်ချည်းပေါ်လာခဲ့သည်။

ထို့နောက်တွင်တော့ မြို့အပေါ်သို့
မမြင်နိုင်သော ဖိအားလှိုင်းတစ်ခု
ရုတ်တရက် ဆင်းသက်လာသည်။

ထိုအချိန်တွင် မြို့ထဲမှ
မရေမတွက်နိုင်သော ပညာရှင်များ
ထွက်လာကာ ကောင်းကင်ထက်သို့
ပျံတက်သွားကြသည်။

အုန်း...

ရုတ်တရက်ဆိုသလိုပဲ အလင်းလုံးက
ပေါက်ကွဲထွက်သွားသည်။ အဘိုးကြီး၏
ပါးစပ်ထဲမှ
သွေးအနည်းငယ်အန်ထုတ်လိုက်ကာ
နောက်ပြန်ဆုတ်လာခဲ့သည်။

ခန်းမကြီးတစ်ခုလုံး
တိတ်ဆိတ်သွားသည်။

ဤအတောအတွင်း အဘိုးကြီးက

ရုတ်တရက် ပြောခဲ့သည် “ဒီကမ္ဘာကို

လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုက

ဖုံးလွှမ်းထားတယ်။ အဲဒီအချိန်မှာ

ဒီနေရာက

အလုံပိတ်ထားတဲ့အိမ်တစ်လုံးလိုဖြစ်သွား

တယ်။ ဒီတော့ ဖျက်ဆီးလိုက်တာကို

ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး။

ဒါ့အပြင် လူတစ်ယောက်တည်းက ပြီး
မြောက်နိုင်တဲ့ အရာမဟုတ်ဘူး"

စွမ်းအားရှင်တစ်ယောက်တည်းက
လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ထို့အတူ ပြဿနာတစ်ခုရှိနေပြီ။

မည်သည့်အင်အားစုက
လုပ်ဆောင်ခဲ့သနည်း။

သို့သော် အဖြေမရခဲ့ပေ။

ဤအချိန်တွင် အဘိုးအိုကြီးက

ခန်းမထဲရှိလူများကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့အားလုံးက တခြားမဟာလမ်းစဉ်

၃ ခုရဲ့ အဖွဲ့ဝင်တွေ၊

ဆက်စပ်နေတဲ့သူတွေဆိုတာ

ငါသေချာပါတယ်"

လူတိုင်းက အဘိုးကြီးအား စိုက်ကြည့်နေကြသည်။

အဘိုးကြီးက “လောကသုံးပါးက တကယ့်ကို ပရမ်းပတာ ဖြစ်လာလိမ့်မယ်။ အခု မင်းတို့တွေ၊ မျိုးနွယ်ခြားအသီးသီး၊ တခြားမဟာလမ်းစဉ် ၃ ခုနဲ့ နတ်မျိုးနွယ်တောင်

သတိကြီးကြီးထားနေရလိမ့်မယ်။ ရိုးသား
စွာ ဝန်ခံပါရစေ၊ မင်းတို့အားလုံး
အချင်းချင်း တိုက်ခိုက်နေကြရင်
အဆုံးမှာ အားလုံး
သေကြေပျက်စီးသွားနိုင်တယ်”

ထိုစကားပြောပြီးနောက်
လှည့်ထွက်သွားသည်။

ခန်းမသည် တိတ်ဆိတ်သွားပြန်သည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးက

ရုတ်တရက် ပြောလိုက်၏

“ကွန်ဖြူးရှပ်လမ်းစဉ်က ပျက်စီးသွားပြီ။

ဒါပေမဲ့ သူတို့ရဲ့ ဖန်ဆင်းရှင် ကော၊

သူလည်း အသတ်ခံလိုက်ရတာများလား"

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်

ပါအသတ်ခံရတာလား ။

ယန့်ယဲ့ က

မျက်မှောင်ကြုတ်လိုက်သည်။ကွန်ဖြူးရှ

ပ်ဖန်ဆင်းရှင်ကို

သတ်လိုက်တာမှန်ရင်တော့

ထိုအင်အားစုက အမှန်တကယ်ပင်

ကြောက်မက်ဖွယ်ကောင်းလှသည်။

ထို့အပြင် အခြားမဟာလမ်းစဉ် ၃ ခုသည်

မည်သည့်တုံ့ပြန်မှုမျိုးမှ မရှိသေးပေ။

အခြေအနေသည် အတော်

လေးထူးဆန်းလှသည်။

ခန်းမထဲရှိ လူများ

တစ်ယောက်ပြီးတစ်ယောက်

ထွက်သွားခဲ့ကြသည်။ အဆုံးတွင်တော့

ယန်ယဲ့ သာ ကျန်နေခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

သာမန်မဟုတ်သည့်အရာများကို

သတိမထားမိသောကြောင့်

အပြင်ထွက်ရန်ပြင်လိုက်လေသည်။

ရုတ်တရက် သူ့စိတ်ထဲတွင် "ညီငယ်လေး၊

ခဏစောင့်"ဟူသော

အသံတစ်သံထွက်ပေါ်လာ၏။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားပြီး လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည် ။

ယန်ယဲ့ သည် အနီးနားရှိ
ကွန်ဖြူးရှပ်ဖန်ဆင်းရှင် ရုပ်ထုကို
လှည့်ကြည့်လိုက်သည်။ ထိုနေရာမှ
အသံထွက်လာသည်။

ဤအချိန်တွင် ရုပ်တု၏အထက်၌ သာမာန်ဆန်သော ပုံရိပ်တစ်ခု ပေါ်လာသည်။

၎င်းက ကွန်ဖြူးရှပ်လမ်းစဉ်၏ ဖန်ဆင်းရှင် ဖြစ်သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က ယန်ယွဲ့ကို ခဏစိုက်ကြည့်ပြီး "ညီငယ်၊ မင်းက ယန်ယွဲ့ မဟုတ်လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က ပြုံးပြီး
"ကံကြမ္မာနည်းနည်းနဲ့ ငါတို့ကို
ချည်နှောင်ထားပုံပဲ"

ယန်ယဲ့က အံ့အားသင့်သွားပြီး
"မဟုတ်ဘူးထင်တယ်"

ကံကြမ္မာလား ။ ဒီအဘိုးကြီးက

ဘာဂိမ်းတွေကစားဦးမလဲ ။

ဤအချိန်တွင် ကွန်ဖြူးရှပ်ဖန်ဆင်းရှင်

က “သွားပြီ။ နှစ်ပေါင်းများစွာ

ကြိုးစားအားထုတ်မှုတွေက

ဒီလိုနဲ့ပဲပြီးဆုံးသွားပြီ”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

"အကြီးအကဲ၊ ဒီမှာ ဘာဖြစ်သွားတာလဲ"

ဟု မေးလိုက်သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“ငါရှုံးတယ်။ရှုံးနိမ့်မှုတစ်ခုက

အရာအားလုံးကို ဆုံးရှုံးသွားစေတယ်"

ယန်ယဲ့က ပဟေဠိဆန်သွားကာ

တစ်ခုခုပြောချင်သော်လည်း

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က

ရုတ်တရက်ပြောလိုက်သည်

"မဟာလမ်းစဉ် ၄ ခုထဲမှာ

မင်းကိုမဆန့်ကျင်တဲ့တစ်ခုတည်းသောအ

င်အားစုလို့ ငါထင်တယ်။

ဟုတ်တယ်မလား"

ယန်ယဲ့က သူ့ကို စိုက်ကြည့်နေသည်

"အကြီးအကဲ၊ ဘာပြောနေတာလဲ"

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က

“လောကသုံးပါးမှာ

ကွန်ဖြူးရှပ်လမ်းစဉ်ဆိုတာ

ဘယ်လိုမျိုးတည်ရှိနေတယ်ဆိုတာ

မင်းသိလား”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က ပြုံးပြီး “ငါတို့

ယဉ်ကျေးမှုက

အရာရာတိုင်းထက်ကျော်လွန်တယ်။

စဉ်းစားကြည့်ပါ၊ ကွန်ဖြူးရှပ်လမ်းစဉ်က

ဒီလောကမှာမရှိတော့ရင်

ယဉ်ကျေးမှုမရှိတဲ့စကြာဝဠာက

ဘယ်လိုဖြစ်မလဲ။ ဟုတ်ပါတယ်၊ အဲဒါက

ဒီမျိုးဆက်ကို သက်ရောက်မှုရှိမှာ

မဟုတ်ဘူး၊ ဒါပေမဲ့ နောက်မျိုးဆက်နဲ့

အဲဒီနောက်ပိုင်း မျိုးဆက်တွေကရော

ဘယ်လိုလဲ။ ငါ့ကွန်ဖြူးရှပ်လမ်းစဉ်ကို

ဖန်တီးပြီးကတည်းက ငါတို့ဟာ

အခြေခံလူ့ကျင့်ဝတ်များကို ချမှတ်ပြီး

သက်ရှိသတ္တဝါတွေကို သင်ပြပေးတယ်။

ငါတို့က သက်ရှိသတ္တဝါတွေကို

ကျင့်ဝတ်သိက္ခာ၊ ငါ့ကွန်ဖြူးရှပ်လမ်းစဉ်

က လောကသုံးပါးကို

ထိခိုက်နစ်နာစေတာမျိုး

တစ်ခါမှမလုပ်ဆောင်ခဲ့ဖူးဘူး”

ယန်ယဲ့ လည်း

ငြိမ်သွားသည်။ အမှန်တကယ်ပင်

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်

ပြောသည့်အတိုင်းပါ။

ကွန်ဖြူးရှပ်လမ်းစဉ်သည် ယဉ်ကျေးမှုကို

သွေဖယ်မသွားဘဲ လောကအနှံ့

ဖြန့်ကျက်ထားသည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က ယန်ယဲ့ထံ လျှောက်လာပြီး "ညီငယ်၊ ငါတောင်းဆိုစရာရှိတယ်"

တောင်းဆိုမှုတစ်ခု လား။

ယန်ယဲ့က ပြဿနာတစ်ခုဖြစ်မည်ကို သေချာပေါက်သိနေပေသည်။

သူက

ချက်ချင်းငြင်းဆန်တော့မည်ဖြစ်သည်။

သို့သော်လည်း

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က

အနက်ရောင်စုတ်တံကို ထုတ်ယူလိုက်ပြီး

ယန်ယဲ့ထံ လွှဲပြောင်းပေးကာ

“ပညာရှိစုတ်တံ၊

ငါ့ကွန်ဖြူးရှပ်လမ်းစဉ်ရဲ့ နံပါတ်တစ်

နတ်ရတနာဖြစ်တယ်။

လောကနှလုံးသားထဲမှာ

အရာခပ်သိမ်းအတွက်

ပြန်လည်မွေးဖွားခြင်းသံသရာ၊ ယင်နဲ့ယန်

ကို လွှမ်းမိုးနိုင်ခဲ့တယ်... အခုတော့

မင်းအတွက်ပဲ”

“မဟုတ်ဘူး၊ မဟုတ်ဘူး” ယန်ယဲ့က

ကမန်းကန်း ခေါင်းခါလိုက်ပြီး

"အကြီးအကဲ၊ မင်း က

ကြင်နာလွန်းတယ်။ ဒီလောက်ကြီးတဲ့လ

က်ဆောင်ကို ငါလက်မခံနိုင်ဘူး။ ငါ လုံး၀

မလုပ်နိုင်ဘူး၊ မဟုတ်ဘူး။ ငါတကယ်မ

လုပ်နိုင်ဘူး၊ ကျေးဇူးပြုပြီး

ချက်ချင်းပြန်ယူပါ”

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၅ - ကွန်ဖြူးရှပ်လမ်းစဉ်ကို ပြန်ဆွဲကြည့်ခြင်း

သူ မခံနိုင်ဘူး ။

သူ လုံး၀ မလုပ်နိုင်ဘူး ။

စုတ်တံက အဆင့်မြင့် နတ်လက်နက် မဟုတ်သောကြောင့် မဟုတ်ပါ။ သူသာ စုတ်တံကို လက်ခံလိုက်ပါက

ကနိုင်တွက်ဖြေရှင်းရမည့်
ပြဿနာများအသင့်ရှိနေလို့ပါ။
ထို့ကြောင့် ငြင်းရန် ပြတ်ပြတ်သားသား
ရွေးချယ်ခဲ့သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က
သက်ပြင်းချကာ “မင်းအရာရာကို
ကောင်းကောင်းနားလည်တယ်လို့
ငါမြင်တယ်”

ယန်ယဲ့က “အကြီးအကဲ၊ ဒီမှာ ဘာဖြစ်သွားလဲတော့ မသိဘူး။ ဒါပေမဲ့ အဲဒါက ဘာပဲဖြစ်ဖြစ် ငါဝင်စွက်ဖက်နိုင်တဲ့ အရာမဟုတ်ဘူးလို့ ထင်ပါတယ်။ ပညာရှိစုတ်တံက တကယ်ကိုနတ်လက်နက်ပါ၊ ဒါပေမဲ့ လုပ်နိုင်မယ် မထင်ဘူး။ အကြီးအကဲ ကိုယ်တိုင်ပဲသိမ်းထားတာကောင်းမယ်ထင်တယ်"

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က အနည်းငယ် ခေါင်းညိတ်ပြီး "ဒါအမှန်ပဲ"

သူက ခဏရပ်ပြီး "ညီငယ်၊ ငါမင်းကို အတင်းအကြပ်မလုပ်ဘူး။ ဒါကော ဘယ်လိုလဲ။ မင်းက ငါ့ကို တစ်ခုခုကူညီပေးပါလား၊ အသေးအမွှားလေးပဲ"

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး
"အကြီးအကဲ၊ ငါ့ကို ဒီကိစ္စကို
အရင်ပြောပြပါ" ဟုပြောလိုက်သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က
ခေါင်းညိတ်လိုက်ပြီး
“ကွန်ဖြူးရှပ်လမ်းစဉ်က
ပျောက်ကွယ်သွားပေမယ့်
ငါ့ကွန်ဖြူးရှပ်လမ်းစဉ်တစ်ခုလုံး
လုံးဝပျက်ဆီးသွားတယ်လို့

မဆိုလိုပါဘူး။ လူသားမျိုးနွယ်ရဲ့ မြင့်မြတ်နယ်မြေ ၃ ခုထဲက တစ်ခုဖြစ်တဲ့ သဘာဝ မြင့်မြတ်နယ်မြေ မှာ ကလေးတစ်ယောက်ရှိသည်။ သူ့နာမည် က လင်းရှူယ လို့ခေါ်တယ်။ ညီငယ်၊ မင်း သူ့ကို ပေးနိုင်မလား"

ယန်ယဲ့က ကွန်ဖြူးရှပ်ဖန်ဆင်းရှင် ကို စိုက်ကြည့်နေသည်။
ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က အနည်းငယ်

ပြုံးကာ "ငါဘာလို့ ကိုယ့်ဘာသာကိုယ်
အဲဒီကို မသွားတာလဲ သိချင်နေတာ
သေချာတယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က ပြုံးပြီး
"အဲဒီကို သွားလိုက်ရင် အဲဒီကလေးရဲ့
ဘဝဟာ ဘယ်တော့မှ ငြိမ်းချမ်းမှာ

မဟုတ်ဘူး။ နောက်ပြီး ငါ အခု ဘယ်မှ

မသွားနိုင်ဘူး”

ယန်ယဲ့က ကွန်ဖြူးရှပ်ဖန်ဆင်းရှင်ကို

အံ့သြစွာ စိုက်ကြည့်ရင်း

“ထွက်မသွားနိုင်ဘူးလား”

"ဟုတ်တယ်" ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က

ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး

“အခုမှ သိလိုက်ရင် မင်းအတွက်
အကျိုးမရှိတဲ့အရာတွေရှိတယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည် “ဒါဆို
ငါ ထပ်မမေးတော့ဘူး”

စကားပြောပြီးနောက် ပညာရှိစုတ်တံကို
ကိုင်လိုက်သော်လည်း
လုံးဝမလှုပ်နိုင်သည်ကို သတိပြုမိသည်။

ယန်ယဲ့က ကွန်ဖြူးရှပ်ဖန်ဆင်းရှင် ကို စိုက်ကြည့်နေသည်။

အဘိုးကြီးက ပြုံးပြီး “လုံလောက်တဲ့ ဉာဏ်ရည်ဉာဏ်သွေး ၊အားကောင်းတဲ့ သူတစ်ယောက်ကပဲ သူ့ရဲ့ အသိအမှတ်ပြုမှုကို ရယူပြီး ထိန်းချုပ်နိုင်မှာပါ”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး "သိသာပါတယ်၊ သူက ငါ့ကို အသိအမှတ်မပြုဘူး"

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က “ဒါက အရမ်းပုံမှန်ပါပဲ။ မင်းရဲ့ဓားက ငါ့ကို ဘယ်တော့မှ အသိအမှတ်မပြုဘူး မဟုတ်လား"

သူတို့ စကားပြောနေစဉ်မှာပဲ စုတ်တံက

မူလစေတီထဲကို

ဝင်ရောက်သွားလေသည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က

“မင်းအထဲမှာရှိတဲ့ ရတနာကပဲ

ဒီအရာရဲ့စွမ်းအားကို ခံနိုင်ရည်ရှိတယ်"

စကားပြောပြီးနောက်

လက်ကိုဆန့်ထုတ်ကာ

ယန်ယဲ့၏နဖူးအလယ်သို့
ပုတ်လိုက်သည်။ ထိုခဏလေးမှာပဲ
ယန်ယဲ့၏စိတ်ထဲသို့ မရေမတွက်နိုင်သော
စွမ်းအင်လှိုင်းများ စီးဝင်လာတော့သည်။

ယန်ယဲ့က အံ့သြသွားပြီး "အဲဒါဘာလဲ"

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က
“ငါ့ကွန်ဖြူးရှပ်ဝါဒစွမ်းအင်။
မင်းရဲ့ခန္ဓာကိုယ်မှာ ချို့ယွင်းချက်တချို့

ရှိနေတာကို ငါသတိထားမိတယ်၊

အဲဒါတွေကို ပြုပြင်ဖို့

ငါစီစဉ်ထားတယ်။ ငါ့ရဲ့စွမ်းအင်တွေက

မင်းရဲ့ခန္ဓာကိုယ်ကို အဆက်မပြတ်

ပြုပြင်ပေးလိမ့်မယ်။ ဒါက

မင်းခန္ဓာကိုယ်ကို မြင့်မားတဲ့အဆင့်ကို

တက်အောင် မကူညီနိုင်ပေမယ့်

အခုအချိန်မှာတော့

အရမ်းသင့်တော်ပါတယ်။ ဒါ့အပြင်

အနာဂတ်မှာ မင်းက
ဖြည်းဖြည်းချင်းလေ့လာလို့ရတဲ့
တခြားအားသာချက်တွေပါ
ထည့်သွင်းထားတယ်"

ယန်ယဲ့က "အကြီးအကဲ၊
မင်းထွက်သွားပြီလား" ဟု ရုတ်တရက်
မေးလိုက်သည်။

အဘိုးကြီးက ပြုံးပြီး “မင်း အရမ်းသိချင်နေတာပဲ”

သူ၏အပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားကာ“မဟုတ်ဘူး၊ ဒါပေမဲ့ ငါက အဲဒါနဲ့နီးနေပြီ။ ညီငယ်၊ စကြဝဠာကြီးရဲ့ အနာဂတ်…”

သို့သော် စကားဆက်မပြောတော့ပေ။

ယန်ယဲ့က ထပ်မေးချင်နေသော်လည်း အဘိုးကြီး၏ပုံရိပ်က တဖြည်းဖြည်းနှင့် မှုန်ဝါးလာပါသည်။

လုံးဝကွယ်ပျောက်သွားခါနီးတွင်တော့ ငုတ်တုတ်ထိုင်လျက် သေဆုံးနေသော ပညာရှင်အလောင်းများကို တစ်ချက်ကြည့်လိုက်ပြီး “တချို့အရာတွေက ပြီးနိုင်တယ်၊

တစ်ချို့က မလုပ်နိုင်ဘူး…” ဟူ၍
တိုးတိုးလေးပြောခဲ့သည်။

"တချို့အရာတွေက လုပ်နိုင်တယ်၊
တစ်ချို့က မလုပ်နိုင်ဘူးလား"
ယန်ယဲ့ကမျက်မှောင်ကြုတ်လိုက်သည်။
"သူ ဘာကို ဆိုလိုတာလဲ"

သို့သော်လည်း
ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က

လုံးလုံးလျားလျား

ပျောက်ကွယ်သွားသောကြောင့်

အဖြေမရခဲ့ပေ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

စိုက်ကြည့်ကာ ဖြည်းညှင်းစွာ

ထွက်ခွာသွားသည်။

မူလစေတီထဲတွင်... ။

နှင်းပွင့်၏မျက်လုံးလေးများက
စူးစမ်းချင်စိတ်အပြည့်ဖြင့်
ပညာရှိစုတ်တံကို မကြာခဏ
ထိကိုင်ကြည့်နေသည် ။ စုတ်တံက
မငြင်းပယ်ဘဲ နှင်းပွင့်အနားကိုပင်
တိုးကပ်သွားသည်။

ယန်ယဲ့က ခါးသက်သက် ရယ်မောပြီး
ထိုမြင်ကွင်းကိုကြည့်ကာ
ခေါင်းယမ်းလိုက်သည်။ နှင်းပွင့်က

သဘာဝတရား၏ ကောင်းချီးပေးခံရသူ
ဖြစ်သည်။ အဓိပတိဓား၏
ဓားဝိညာဉ်ပင်လျှင် နှင်းပွင့်ကို
သဘောကျနှစ်သက်ခဲ့သည်။

သို့သော် နှင်းပွင့် နှင့်အတူ ရှိနေခြင်းက
အဆုံးမရှိသော ဝိညာဉ်စွမ်းအင်များ
ရရှိလေရာ ပုံမှန်ပင်။ ထို့အပြင် နှင်းပွင့်က
ဖြူစင်ပြီး ကြင်နာတတ်သူဖြစ်သည်။
မည်သူတစ်ဦးတစ်ယောက်ကိုမျှ

မကောင်းစေလိုသော
ဆန္ဒမရှိပါ။ ထို့ကြောင့် သဘာဝအတိုင်း
သူမအနားတွင် နေထိုင်ရန်
နှစ်သက်ကြသည်။

ခဏအကြာတွင် ယန်ယဲ့ သည်
အပြင်လောကသို့ ပြန်ထွက်လာသည်။
ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးနောက်
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ခန်းမနှင့် မြို့ကြီးတစ်ခုလုံး မှုန်ဝါးလာကာ ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် ကွန်ဖြူးရှပ်လမ်းစဉ်သည် ကမ္ဘာငယ်တစ်ခုလုံး ပျောက်ကွယ်သွားသည်ဟု ဆိုနိုင်သည်။

ဤအခိုက်အတန့်မှာ စကြာဝဠာအထက်၌ အနက်ရောင်တိမ်တိုက်ကြီး

ရှိနေသလိုပင်။ လူတိုင်း၏ နှလုံးသားကို

လေးလံစေသည်။

ဤအဖြစ်အပျက်ပြီးနောက်တွင်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့သည်

ယခင်ထက်

ပိုအားကောင်းလာခဲ့သည်။ လက်ရှိတွင်

မဟာမိတ်အဖွဲ့သည်

အလွန်စည်းလုံးညီညွတ်နေခဲ့သည်။

ဒုက္ခရောက်နေသော အဖွဲ့ဝင်တိုင်းကို

ကူညီပံ့ပိုးပေးသည့်အထိ အမှန်တကယ်
စည်းလုံးညီညွတ်ခဲ့ကြသည်။
လူတိုင်းအတွက် သိသိသာသာပင်ခြိမ်း
ခြောက်မှုများ ခံစားနေရသည်။

ထို့အပြင် အခြားမဟာလမ်းစဉ် ၃ ခုသည်
၎င်းတို့၏သက်ဆိုင်ရာကမ္ဘာများကို
ချိတ်ပိတ်လိုက်သည်။

လောကသုံးပါးဆီသို့ မုန်တိုင်းကြီးတစ်ခု

ဝင်ရောက်လာပေပြီ။

ကွန်ဖြူးရှပ်လမ်းစဉ်မှ

ထွက်ခွာလာပြီးနောက် ယန်ယဲ့ သည်

ယန်လျန်ရှမ်း၏

ဆက်သွယ်မှုကို ရရှိခဲ့သည်။

သူမက "နင် တစ်ခုခု ရှာတွေ့ခဲ့လား"

ယန်ယဲ့က

“ဘာမှမဟုတ်ပါဘူး။ ဘာကြောင့်လဲ။ မ

င်းလည်း ဘာမှ ရှာမတွေ့နိုင်ဘူးလား"

“ဟုတ်တယ်” ယန်လျန်ရှမ်း က

လေးနက်စွာပြောခဲ့သည် "ငါ

လုံးဝစုံစမ်းလို့မရပါဘူး။ သေးငယ်တဲ့

အရိပ်အယောင်တောင်

မကျန်ခဲ့ဘူး။ ဘယ်အဖွဲ့အစည်းကမှ

ပြီးမြောက်အောင် လုပ်နိုင်တာ

လုံးဝမဟုတ်ပါဘူး။ တခြားမဟာလမ်းစ
ဉ်သုံးသွယ်က ပူးပေါင်းထားရင်တောင်မှ
ကွန်ဖြူးရှပ်လမ်းစဉ်ကို ချေမှုန်းဖို့ဆိုတာ
မဖြစ်နိုင်သလောက်ပဲ။ အနည်းဆုံးတော့
အသံတစ်တစ်ချက်မထွက်ဘဲနဲ့ပြီးမြော
က်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့
ပျက်သုန်းပြီးတဲ့အထိ ဘာသတင်းမှ
မကြားရသေးပါဘူး”

ယန်ယဲ့ က “ကွန်ဖြူးရှပ်လမ်းစဥ်ဖျက်ဆီးခံလိုက်ရတာကို ဘယ်သူက အရင်စသိတာလဲ” ဟု မေးလိုက်သည်။

ယန်လျန်ရှမ်း က “ငါမသိဘူး”

ယန်လျန်ရှမ်းက လေးနက်မှုအပြည့်ဖြင့် ဆက်ပြောသည် “ဒီအဖြစ်အပျက်က ဒီလောက်မရိုးရှင်းပါဘူး။ ငါ့အမြင်အရ ဆိုနတ်မျိုးနွယ်အပြင် တခြား

လျှို့ဝှက်ဆန်းကြယ်တဲ့

အင်အားစုတစ်ခုရှိနေပြီ။ အဲဒါက

လောကသုံးပါးမှာ

ကြောက်စရာအကောင်းဆုံးဖြစ်နိုင်တယ်”

ယန်ယဲ့ က “ငါ နတ်မျိုးနွယ်ကို

သွားမေးလိုက်မယ်။ သူတို့ တစ်ခုခုတော့

သိကောင်းသိနိုင်တယ်”

"ဒါပဲ ငါတွေးနေတာပဲ" ယန်လျန်ရှမ်းက ဆက်ပြောသည် “မှန်တယ်၊ ငါတို့က နတ်မျိုးနွယ်ကို ယုံနိုင်မလား”

“ဟုတ်တယ်…” ယန်ယဲ့က "ဘာလို့လဲ"

ယန်လျန်ရှမ်းက
"ဘာမှမဟုတ်ပါဘူး။ ငါတို့ရဲ့
သတင်းအချက်အလက်ကွန်ရက်ကို

ချဲ့ထွင်ဖို့အတွက် သူတို့နဲ့ အတူတူ

အလုပ်လုပ်ချင်ပါတယ်”

“မဟုတ်ဘူး” ယန်ယဲ့က ပြန်ပြောသည်

"လျန်ရွှမ်း၊ မင်းမှာ ရည်မှန်းချက်ရှိတယ်

ငါသိတယ်။ ဒါပေမဲ့ ငါတို့ တတ်နိုင်သမျှ

ကိုယ့်ကိုယ်ကိုနှိမ့်ချနေလိုက်တာ

အကောင်းဆုံးပဲ။ မင်းတို့အားလုံးရဲ့

လုံခြုံရေးက ငါ့အတွက်

အရေးကြီးဆုံးပဲ.... နားလည်လား”

နတ်မျိုးနွယ်နှင့်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကြားက

ပဋိပက္ခတွင် ယန်လျန်ရှမ်းကို

ဆွဲမချလိုခဲ့ပေ။

ယန်လျန်ရှမ်း က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

ခေါင်းညိတ်ကာ “ငါ

နားလည်ပါတယ်။ စိတ်မပူပါနဲ့

ငါသတိထားပါ့မယ်။ ဟုတ်တယ်၊ ငါ ငရဲခန်းမရဲ့အဖွဲ့ဝင်တွေကို ဆက်သွယ်ပြီးပြီ”

ငရဲခန်းမ…

ယန်ယွဲ့က သဘာဝအတိုင်း မမေ့ခဲ့ပေ။

ယန်ယဲ့က “သူတို့ ဘယ်မှာလဲ” ဟု

မေးသည်။

ယန်လျန်ရှမ်းက တခစ်ခစ်ရယ်ပြီး

“နင်မသိတဲ့ နေရာမှာ။ ဒါ့အပြင်

သူတို့အားလုံးက

အလယ်အလတ်စျာန်သခင်တွေ

ဖြစ်နေကြပြီ။ သူတို့ပူးပေါင်းလိုက်တာနဲ့

ပညာရှင်တွေကိုတောင်

အသာလေးသတ်နိုင်တယ်”

"နောက်တစ်ယောက်ရှိသေးတယ်"

ယန်လျန်ရှမ်းက

ဆက်ပြောသည်  "အန်နန်ကျင်း၊ နင်

သူမကို မှတ်မိသေးလား "

ယန်ယဲ့က "ဒါပေါ့"

"သူမက သိုင်းကောရာဇ်အကယ်ဒမီ

မှာရှိနေတယ်" ယန်လျန်ရှမ်း က

ပြောလိုက်သည်

“ငါ့အသိအရတော့ သူမရဲ့

အဆင့်အတန်းက

တော်တော်မြင့်ပါတယ်။ ဒါမှမဟုတ်

သူက ဒီမျိုးဆက်ရဲ့ နံပါတ်တစ် စီနီယာအ

စ်မကြီးလို့ ပြောလို့ရတယ်”

တတိယမျိုးဆက်၏ နံပါတ်တစ်...

ယန်ယဲ့ သည် မနေနိုင်ဘဲ

ပြုံးလိုက်မိသည်။

အန်နန်ကျင်းက သူတွေ့ဖူးသမျှ

လူများထဲတွင်

အထူးခြားဆုံးသော သဘာဝစွမ်းရည်ကို

ပိုင်ဆိုင်ထားသူ ဖြစ်သည်။ အကယ်၍

သူသာ လောက၏အမြင့်မြတ်ဆုံး

နတ်ရတနာကို ပိုင်ဆိုင်မထားပါက

အန်နန်ကျင်းကို

လိုက်မှီနိုင်မည်မဟုတ်ပေ။

"ပြီးတော့

နောက်တစ်ယောက်ရှိသေးတယ်"

ယန်လျန်ရှမ်း က ရုတ်တရက်ပြောခဲ့သည်

“နင့်ကိုရှာနေတဲ့

အမျိုးသမီးတစ်ယောက်ရှိတယ်။ သူမက

နှင့်အတွက် ကမ္ဘာပေါင်းများစွာအထိကို ရှာဖွေနေတာပဲ"

"ငါ့ကိုရှာနေတာလား။ မိန်းမတစ်ယောက်လား" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ဘယ်သူလဲ"

ယန်လျန်ရှမ်းက ပြုံးလိုက်ပြီး "သူမရဲ့ ခေါ်တာအိုက လုံးဝကို ကြောက်စရာကောင်းတယ်။ ငါ့အသိရ

အခုလက်ရှိမှာ သူမက

အလယ်အလတ်ဈာန်သခင်ဆိုပေမယ်လို့

ပညာရှင်တွေကို တိုက်ခိုက်နိုင်ပါတယ်”

"အမျိုးသမီးတစ်ယောက်၊

ဓားသမားလား " ယန်ယွဲ့က

ခဏကြာသည်အထိ စဉ်းစားလိုက်သည်။

သို့သော် လုဝမ်အာ နှင့် စုချင်းရှီ ကလွဲ၍

အခြားသော အမျိုးသမီးဓားသမားကို

မတွေ့မိပေ။ ထို့အပြင် ထိုနှစ်ဦးက

ယန်လျန်ရှမ်း

ပြောသည့်လူမဟုတ်သည်မှာသေချာ၏။

ယန်ယဲ့က ခပ်မေးခါနီးတွင် သူမက

“နင့်အတွက်

အံ့ဩစရာတစ်ခုထားပါရစေ။ ငါ သူမကို

လျှို့ဝှက်ဖိတ်ခေါ်ထားတယ်။ သူမ

ဒီကိုရောက်လာဖို့ အချိန်သိပ်မကြာဘူးလို့

ငါထင်ပါတယ်။ နင်ကိုယ်တိုင်ပဲ

သတိထားပါ။ ဒါ့အပြင်

နတ်မျိုးနွယ်ကနေ တစ်ခုခုကို သိရင်

ပြောပြဖို့ မမေ့နဲ့”

စကားပြောပြီးနောက်

ယန်လျန်ရှမ်း၏အသံက

လုံးလုံးလျားလျား

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် ခဏအကြာ
တိတ်ဆိတ်နေပြီးနောက် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

နတ်ဘုရားတိုက်ပွဲကွင်းပြင် ။

ယန်ယဲ့ သည် နတ်ဘုရားတိုက်ပွဲကွင်းပြင်
သို့ ထပ်မံရောက်ရှိပြီးနောက်
မြေအောက်မြို့ကိုသာ
တန်းသွားခဲ့သည်။ သူသည် မြို့အဝင်ဝ၌

နတ်မိစ္ဆာတော်ဝင်မိကျောင်းနှင့်
တွေ့ဆုံခဲ့သည်။ တောင်ငယ်တစ်ခုလိုပင်၊
မြို့အဝင်ဝ၌ လဲလျောင်းနေခဲ့သည်။

ယန်ယဲ့ကို မြင်သောအခါ
တစ်ချက်သာကြည့်ပြီး
မျက်လုံးပြန်မှိတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့ သည်
နတ်မျိုးနွယ်နှင့်
အတော်လေးနီးစပ်နေပြီဖြစ်သည်။

ယန်ယဲ့ သည် မြို့ထဲသို့ဝင်ပြီး
တင်းရှောက်ယောင်၏နေအိမ်သို့
တိုက်ရိုက်သွားခဲ့သည်။ မျှော်လင့်ထားသ
ည့်အတိုင်း သူမကို တွေ့ရသည်။

တင်းရှောက်ယောင် က "နင် ဒီမှာ ကွန်ဖြူးရှပ်လမ်းစဉ် အကြောင်းသိချင်လို့ ရောက်နေတာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "မင်းလည်း အဲဒါကို ကြားလိုက်မှာပါ။ ဒါဆို မင်းမှာ သိတာတစ်ခုခု ရှိသလား"

တင်းရှောက်ယောင် က "နည်းနည်း" ဟု ပြန်ဖြေသည်။

အနည်းငယ်လား ။

ယန်ယွဲ့ သည် တင်းရှောက်ယောင်ကို ခဏကြာစိုက်ကြည့်လိုက်သည်။ နတ်မျိုးနွယ်၏ စွမ်းအားက သူထင်ထားသည်ထက် များစွာ ကြီးမားနေပုံရသည်။

“မှန်တယ်”

တင်းရှောက်ယောင်က ရုတ်တရက်ပြော

ခဲ့သည် "လျှန်ရှမ်းကို

နည်းနည်းလေးနှိမ့်ချနေဖို့

တောင်းဆိုပါ။ သူမရဲ့အဖွဲ့အစည်းက

မြန်မြန်ဆန်ဆန်

အင်အားကြီးလာနေတယ်။

မဟာလမ်းစဉ် ၃ ခုက ဒါကို

စပြီးသတိထားမိလာပြီ”

ယန်ယဲ့က တင်းရှောက်ယောင် ကို

စူးစိုက်ကြည့်ကာ "လျန်ရှမ်း ကို သိလား"

တင်းရှောက်ယောင် က ပြုံးပြီး "သူမကို

အလယ်စကြဝဠာမှာ တွေ့ခဲ့တယ်"

ဟုတ်လား...

ယန်ယဲ့က ခေါင်းညိတ်ပြီး "နားလည်ပြီ"

တင်းရှောက်ယောင် က လက်ကို

ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

သူတို့ရှေ့တွင် ကြည်လင်သော

အပြာရောင်အလင်းတန်းတစ်ခု

ပေါ်လာသည်။ ၎င်းမှ

ကွန်ဖြူးရှပ်လမ်းစဉ်၏

ကမ္ဘာကိုမြင်ရလေသည်။

ဤအချိန်တွင် တိတ်ဆိတ်ငြိမ်သက်ကာ

အေးချမ်းနေခဲ့သည်။

ယန်ယံ့ သည် အပြာရောင်အလင်းတန်းကို

မျက်တောင်မခတ်ဘဲ

စိုက်ကြည့်နေသည်။

အသက်ရှူချိန် ၁၀

ရှိုက်စာခန့်အကြာတွင်တော့

သူ၏မျက်လုံးများက

ရုတ်တရက်ကျယ်လာပြီး "ဒါက

ဘယ်လိုဖြစ်တာလဲ... ဒါက ဘယ်လိုဖြစ်ရတာလဲ..."

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၆ - ငရဲခန်းမ၊ ရှေးဟောင်းဂိုဏ်း

ဖန်သားပြင်ပေါ်တွင်

ရောမအနက်ရောင်တိမ်တိုက်ကြီး

ရုတ်တရက်ပေါ်လာသည်။

ကွန်ဖြူးရှပ်လမ်းစဉ်၏

ငြိမ်သက်နေသော

အထက်ကောင်းကင်ယံ၌

အနက်ရောင်တိမ်တိုက်ကြီးထဲမှ

အမျိုးသမီးတစ်ဦး ဖြည်းညှင်းစွာ

ထွက်လာခဲ့သည်။

ထိုအမျိုးသမီးက ယန်ယဲ့

နှင့်အတော်လေးကိုရင်းနှီးခဲ့သည်။

ရှောင်စီးယောင်၊

ငရဲခန်းမ၏တည်ထောင်သူ ။

မမျှော်လင့်ထားဘဲ ရှောင်စီးယောင်

ထွက်ပေါ်လာခြင်းက ယန်ယဲ့

တုန်လှုပ်သွားသည့်

အကြောင်းအရင်းပင်။

ကွန်ဖြူးရှပ်လမ်းစဉ် ဖျက်ဆီးခံရတာက
တကယ်ပဲ သူမနဲ့ ဆက်စပ်နေတာလား။

ယန်ယွဲ့ သည် သူ့စိတ်ထဲမှ
ထိတ်လန့်တုန်လှုပ်မှုကို မျိုသိပ်ကာ
ဆက်၍ကြည့်နေသည်။ ရှောင်စီးယောင်
ပေါ်လာပြီးနောက်တွင် အောက်ဖက်မှ
မရေမတွက်နိုင်သော ပညာရှင်များ

ထွက်ပေါ်လာပြီး

အထက်သို့ပျံတက်လာကြသည်။

ဤအချိန်တွင် သူ့ရှေ့ရှိ မြင်ကွင်းက

ရုတ်တရက် ရပ်သွားသည်။

ဖန်သားပြင် အပါအဝင်

အပြာရောင်အလင်းတန်းလည်း

ပျောက်ကွယ်သွားသည် ။

တင်းရှောက်ယောင် က ရုတ်တရက်

မေးလိုက်သည် "နင် သူမကိုသိလို့လား"

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး “ငါ

သူမကို တစ်ကြိမ်တွေ့ဖူးတယ်။ သူမက

အောက်စကြာဝဠာကနေ လာတာပဲ။

အတိတ်တစ်ချိန်က ငရဲခန်းမ လို့ခေါ်တဲ့

အင်အားစုတစ်ခုကို တည်ထောင်ခဲ့တယ်။

ငါကတော့ သူမရဲ့ ငရဲခန်းမအဖွဲ့ဝင်တွေနဲ့

မိတ်ဆွေတွေဖြစ်ခဲ့တယ်။ ဒီအဖြစ်အပျ

က်က သူမနဲ့ ဆက်စပ်နေတယ်လို့ ငါ
မမျှော်လင့်ထားမိဘူး"

"ငရဲခန်းမ... " တင်းရှောက်ယောင် က
အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။ခဏမျှငြိမ်
သွားပြီး ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ ခဏအကြာတွင်
စာလိပ်တစ်လိပ်
ပေါ်လာသည်။ အတော်လေးဟောင်းနွမ်း

ကာ စုတ်ပြတ်သတ်နေသည်။ စာလိပ်၏

အစွန်းအနည်းငယ်တောင်

ပျောက်နေသည်။

"ရှေးဟောင်းစာလိပ်" တင်းရှောက်ယောင်

က ဆက်ပြောသည်

"ငါ့နတ်မျိုးနွယ်မတိုင်ခင်က

သမိုင်းကြောင်းတချို့ကို

မှတ်တမ်းတင်ထားတယ်"

စာလိပ်ကို ဖွင့်ကြည့်လိုက်ရင်း
တင်းရှောက်ယောင် က
မျက်မှောင်ကြုတ်သွားသည်။

ယန်ယွဲ့ က "ဒါကဘာထူးခြားနေလို့လဲ"

တင်းရှောက်ယောင် က စာလိပ်ကို
ယန်ယွဲ့ဆီသို့ ပစ်ပေးလိုက်သည်
“ကြည့်ကြည့်လိုက်”

ယန်ယဲ့ က ဖွင့်ကြည့်လိုက်ရင်း အချိန်အတော်ကြာအောင် မျက်မှောင်ကြုတ်လိုက်မိသည် ။ စာလိပ်တွင် "ငရဲခန်းမ၊ ရှေးဟောင်းဂိုဏ်း..." ဟူ၍ ဖော်ပြထားသည်။

အခြားသော အချက်အလက်များမရှိခဲ့ပေ။

"ဒါက

သာမန်အဖွဲ့အစည်းမဟုတ်ဘူး" တင်းရှော

က်ယောင် က

ရုတ်တရုတ်ပြောလိုက်သည်

"ငါ့နတ်မျိုးနွယ် မတိုင်ခင်မှာ

သူတို့ရှိနေခဲ့တာ စိတ်ဝင်စားစရာပဲ"

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည်

"မင်းရဲ့နတ်မျိုးနွယ်က

သမိုင်းမတင်မီခေတ်အကြောင်းကို ဘယ်လောက်သိလဲ"

တင်းရှောက်ယောင် က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး “ငါတို့ သိပ်မသိပါဘူး။ ဒီသမိုင်းမတင်မီခေတ် အကြောင်းက နည်းနည်းတော့ လွတ်နေတယ်။ ငါတို့မှာ အချက်အလက်အချို့ရှိရတာက ဘိုးဘေးရှီထျန်း ရဲ့ နတ်စွမ်းရည်နဲ့

မျိုးနွယ်စုအာဏာပိုင်တွေပေါင်းပြီ
နိဗ္ဗာနကြေးမုံကို အသုံးပြုထားလို့ပဲ။
ဒါဟာ အနာဂတ်ကလူတစ်ယောက်ရဲ့
အတိတ်ကို ပြန်ကြည့်ဖို့ရည်ရွယ်ခဲ့တာပါ။
ဒါပေမဲ့ အများကြီးမရခဲ့ဘူး”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
"ဘာပဲဖြစ်ဖြစ် မင်းနဲ့ကျိအာ
တို့နှစ်ယောက်လုံး
သတိထားသင့်တယ်။ လောကသုံးပါးရဲ့

အခြေအနေက ပိုပြီးတော့

ရှုပ်ထွေးလာတယ်။ အထူးသဖြင့်တော့

မင်းရဲ့နတ်မျိုးနွယ်အတွက်။ တခြားမျိုးနွ

ယ်ခြားတွေက ပစ်မှတ်ထားနေတဲ့အပြင်

မဟာလမ်းစဉ် ၃ ခုကတောင်

အာရုံစိုက်လာပြီ။

နည်းနည်းလေးမှားတာနဲ့

ပျက်စီးသွားနိုင်တယ်”

"ဟုတ်ပါတယ်" တင်းရှောက်ယောင် က ပြုံးပြီး "ငါတို့ ပေါ့လျော့နေမှာ မဟုတ်ဘူး၊ ငါတို့မှာ လုပ်စရာတွေ ရှိလို့ အခုလောလောဆယ် အတတ်နိုင်ဆုံး နှိမ့်ချနေရဦးမယ် "

ယန်ယဲ့က "ပြီးတာနဲ့ ဘယ်လိုလဲ"

တင်းရှောက်ယောင် က ပြုံးပြီး "နင်ဘယ်လိုထင်လဲ"

ယန်ယဲ့ က သူမကို တစ်ချက်ကြည့်လိုက်ပြီး "ဘာပဲဖြစ်ဖြစ် သတိထားပါ။ ငါ့မှာ တခြားအရာတွေရှိလို့ နှုတ်ဆက်ပါတယ်”

ထိုစကားပြောပြီးနောက် လှည့်ထွက်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့် ကျိအာက

တင်းရှောက်ယောင်၏ နံဘေးတွင်

ပေါ်လာသည်။

တင်းရှောက်ယောင် က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

"အားလုံးပြင်ဆင်ပြီးပြီလား"

ကျိအာ က အနည်းငယ် ခေါင်းညိတ်ပြပြီး

"ခဏလေးပဲ

သတိထားမိလိုက်တယ်" ယန်ယွဲ့

ထွက်သွားသော လမ်းကြောင်းကို သူမ

ငေးကြည့်ရင်း "သူက ငရဲခန်းမ နဲ့

ဆက်ဆံရေးတချို့ ရှိနေတာကို

ငါမြင်နိုင်တယ်"

တင်းရှောက်ယောင် က

“အဆင်ပြေပါတယ်။ လောလောဆယ်မှာ

ငါတို့က သူတို့နဲ့လည်း

ပဋိပက္ခမရှိဘူး။ ဒါ့အပြင်

အခုလက်ရှိအခြေအနေမှာ

အရာရာတိုင်းက

မှန်းဆ၍မရနိုင်ပေ။ ပြီးတော့ အဲဒီလူက

သူ့ကိုယ်သူ ပြလိုက်ပြီ။ သူမရဲ့ ထူးခြားတဲ့

ဆက်ဆံရေးနဲ့ စွမ်းရည်တွေက

ငါတို့အတွက်

တကယ်ကြောက်ဖို့ကောင်းတယ်ဆိုတာ

ကို မမေ့ပါနဲ့”

ကျိအာ က "မကောင်းဆိုးဝါးယင်ဝိညာဉ်
က သူ့ကို မတိုက်ခိုက်နိုင်ဘူးလား"

တင်းရှောက်ယောင် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "ငါတို့ရဲ့
မျှော်လင့်ချက်တွေကို တခြားသူဆီ
အပ်လို့မရဘူး။ လွန်ခဲ့တဲ့နှစ်တွေမှာ
ငါ့နတ်မျိုးနွယ်က မျှော်လင့်ချက်တွေကို
တခြားသူအပေါ်ပုံအပ်ထားမိလို့
စစ်ရှုံးခဲ့ရတယ်။ ဒီတစ်ခါတော့

အတိတ်ကလိုမျိုး
ထပ်တူအများမျိုးလုပ်လို့မရဘူး”

ကျိုအာ က “မှန်ပါတယ်။ ကောင်းပြီ၊
သွားရအောင်"

ခဏအကြာတွင် နှစ်ယောက်စလုံး
ထွက်သွားကြသည်။

...

ယန်ယဲ့ သည်

နတ်ဘုရားတိုက်ပွဲကွင်းပြင်မှ

ပြန်ထွက်လာသည်နှင့် တပြိုင်နက်

ဓားပျံကို စီးနင်းလျက် လူသားကမ္ဘာသို့

ပြန်လာခဲ့သည်။ သူသည်

ကတိစကားအတိုင်း

ကွန်ဖြူးရှပ်လမ်းစဉ်၏ မျိုးဆက်သစ်ကို

ပညာရှိစုတ်တံ

ပေးအပ်ရပါမည်။ ထို့အပြင်

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က

ထိုပညာရှင်စွမ်းအင်ကြီးမျှင်ကို

လက်ဆောင်ပေးထားခဲ့၏။ ၎င်းသည်

သူ့အတွက် အတော်လေး

အထောက်အကူဖြစ်စေသည်။

အဘိုးအိုသည် ထိုပညာရှိစွမ်းအင်ကြီးကို

ပေးခဲ့ပြီး ၎င်းသည် သူ့အတွက်

အလွန်အထောက်အကူဖြစ်ခဲ့သည်။ လ

က်ရှိတွင် သူ့ခန္ဓာကိုယ်မှ

အပြောင်းအလဲအချို့ပင်ခံစားနေရသည်

။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့ သည် လူသားကမ္ဘာသို့

ပြန်ရောက်လာပါသည်။

ယန်လျန်ရှမ်း ကို

ချက်ချင်းဆက်သွယ်လိုက်ပြီး

သဘာဝမြင့်မြတ်နယ်မြေ၏

တည်နေရာအကြောင်း စုံစမ်းလိုက်သည်။

ယန်ယဲ့၏ လက်ရှိခွန်အားကို အခြေခံ၍

ဖန်ဆင်းရှင်တစ်ပါး ရောက်မလာပါက

ပညာရှင်များကို

ထည့်တွက်နေစရာမလိုတော့ပေ။

ယန်ယဲ့ သည် တောင်တန်းတစ်ခုသို့

ရောက်ရှိလာခဲ့သည်။ ၎င်းသည်

လူသားကမ္ဘာ၏ တောင်ဖက်စွန်းရှိ

တောင်တန်းတစ်ခုဖြစ်သည်။

အကန့်အသတ်မရှိသော

တောင်တန်းကြီးပါ။

သဘာဝမြင့်မြတ်နယ်မြေသည်

တောင်တန်းအတွင်းပိုင်း၌

တည်ရှိခဲ့သည်။ ဒီအချိန်မှာ ယန်ယဲ့က

ပြဿနာတက်နေ၏။ "လင်းရှူယ ကို

ဘယ်လိုရှာရမလဲ"

အထဲကို ဒီအတိုင်းပဲ ဝင်သွားရမလား။

လက်ရှိအခြေအနေအပေါ် အခြေခံပြီး
လုပ်ဆောင်ပါက လူသားကမ္ဘာ၏
အာဏာပိုင်များကို ချက်ချင်း
အကြောင်းကြားပေမည်။ နောက်ဆုံးတွင်
လူသားကမ္ဘာနှင့် အခြားမျိုးနွယ်စုများ
မဟာမိတ်ဖွဲ့ထား၏။ ၎င်းသည်
လက်ရှိတွင်
သူရင်ဆိုင်နိုင်သောအရာမဟုတ်ချေ။

ထို့ကြောင့် ယန်ယဲ့က ခိုးဝင်ဖို့သာ ဆုံးဖြတ်လိုက်တယ်။

ယန်ယဲ့ သည် တောင်ခြေရင်းသို့ရောက်လာခဲ့သည်။ သူ့ရှေ့ရှိ တောင်တန်းက ရောမအားရှည်ကြီးတစ်ချောင်းနှင့်တူသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော တောင်တန်းပင်။ ယန်ယဲ့

သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ရာ

တောင်တန်းတစ်ဝိုက်

နတ်ဘုရားစိတ်အာရုံအသိများ

အဆက်မပြတ် ပြန့်နှံ့နေသည်ကို

သတိပြုမိသည်။

ယန်ယဲ့က စိတ်အာရုံအသိများကို

ရှောင်ပြီး

တောင်ပေါ်ကို တက်သွားသည်။

တောင်ထိပ်တွင် ခြံဝင်းတစ်ခုရှိနေ၏။

ယန်ယဲ့ သည် အနည်းငယ်

လန့်သွားသည်။ သူဝင်လိုက်သည်နှင့်

ဤနေရာတွင် ရုပ်ထုတစ်ခုကို

သတိပြုမိသည်။ ၎င်းသည်

ကွန်ဖြူးရှပ်ဖန်ဆင်းရှင်၏
ရုပ်ထုဖြစ်သည်။ သေချာသည်မှာ
သဘာဝမြင့်မြတ်နယ်မြေသည်
ကွန်ဖြူးရှပ်လမ်းစဉ်နှင့်
ဆက်စပ်နေပုံရသည်။

ခြံထဲသို့ ဝင်လိုက်သည်နှင့် ယန်ယွဲ့ သည်
မေးမြန်းဖို့အတွက် တစ်စုံတစ်ဦးကို
ရှာရန်ပြင်လိုက်သည်။ ဒီအချိန်မှာ
သူ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့က ရုတ်တရက်
အံ့အားသင့်သွားကာ
ဘာပြောရမှန်းပင်မသိပေ။

သက်လတ်ပိုင်းအမျိုးသားက “မင်းက ဘယ်သူလဲ” ဟု မေးလိုက်သည်။

ယန်ယဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။ သူက

သဘာဝမြင့်မြတ်နယ်မြေကို

အနည်းငယ်လျှော့တွက်မိလိုက်တာပါ။

ဤမြင့်မြတ်နယ်မြေများက

သာမန်ဟုတ်ပုံမရပေ။

ယန်ယဲ့က သူ့ကိုယ်ပေါ်ရှိ

အနက်ရောင်ဝတ်ရုံကို ချွတ်လိုက်သည်။

"အဲဒါမင်းပဲ" သက်လတ်ပိုင်းအမျိုးသားက မျက်မှောင်ကြုတ်လိုက်သည်။ သူက ယန်ယဲ့ကို ကောင်းကောင်းမှတ်မိနေ၏။ သူ့ရှေ့ရှိလူက နာမည်ကောင်းမဟုတ်ဘဲ အရှုးတစ်ယောက်ပင်။

ယန်ယဲ့က "ငါ ဒီကို ဒုက္ခပေးဖို့ လာတာမဟုတ်ဘူး"

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

 စိုက်ကြည့်ကာ “ဒါတော့

မှန်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့

ငါ့ရဲ့ သဘာဝမြင့်မြတ်နယ်မြေက မင်းကို

စော်ကားဖို့ ဘာမှ မလုပ်ထားလို့ပဲ"

သဘာဝမြင့်မြတ်နယ်မြေ သည်

ယန်ယဲ့အကြောင်းကို အနည်းနှင့်အများ

စုံစမ်းခဲ့သည်။ ယန်ယဲ့ သည်

စိတ်လွတ်ကိုယ်လွတ်သတ်ဖြတ်သော်လ

ည်း မည်သည့်အင်အားစုကိုမှ

မစော်ကားခဲ့ပေ။ ထို့ကြောင့်

သဘာဝမြင့်မြတ်နယ်မြေ၏အမြင့်အရ

ယန်ယဲ့ သည် အနှောင့်အယှက်မပေးလျှင်

ပြဿနာမရှာတတ်သော

လူအမျိုးအစားပါ။

ယန်ယဲ့က "မင်း ဒီမှာ

ဘာအဆင့်အတန်းလဲ"

"လင်းကျန်း..."

သက်လတ်ပိုင်းအမျိုးသားက

“သဘာဝမြင့်မြတ်နယ်မြေရဲ့

အရှင်သခင်” ဟု ပြန်ဖြေပါသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

"ကွန်ဖြူးရှပ်လမ်းစဉ်မှာ

ဖြစ်ပျက်ခဲ့တာကို

မင်းသေချာပေါက်ကြားပြီးပြီမဟုတ်လား
"

ထိုလူက “ငါသိတယ်” ဟု ပြန်ဖြေသည်။

ယန်ယဲ့က "ကွန်ဖြူးရှပ်ဖန်ဆင်းရှင်
ကိုယ်စား တစ်စုံတစ်ယောက် ကို ရှာဖို့
ရောက်လာတယ်"

"ကွန်ဖြူးရှပ်ဖန်ဆင်းရှင်...
" လင်းကျန်း၏မျက်လုံးများ အနည်းငယ် မှိတ်သွားကာ "သူက မင်းကို ဒီကို ပို့လိုက်တာလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

လင်းကျန်း က အသက်ပြင်းပြင်းရှူပြီး "ညီအစ်ကိုယန်၊ ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ"

ယန်ယဲ့ကို စကားပြောသည့်ပုံစံကပင်

ပြောင်းလဲသွားသည်။

ယန်ယဲ့ က လင်းကျန်းကို

တစ်ချက်ကြည့်လိုက်ပြီး နောက်ကနေ

လိုက်သွားသည် ။

ခဏအကြာတွင်တော့

သူတို့နှစ်ယောက်က ခန်းမတစ်ခုဆီသို့

ရောက်လာကြသည်။

ယန်ယဲ့ သည်

ကျောက်ကုလားထိုင်ပေါ်တွင်

ထိုင်လိုက်သည်။ ဤအတောအတွင်း

လင်းကျန်း က "ကွန်ဖြူးရှပ်ဖန်ဆင်းရှင်

က ငါ့လင်းကလန်ရဲ့ ဘိုးဘေးပဲ"

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က

လင်းကလန်ရဲ့ ဘိုးဘေး လား ...

ယန်ယဲ့ သည် ထိုစကားကြောင့်

အံ့အားသင့်သွားသည်။

လင်းကျန်း က ဆက်ပြောခဲ့သည်

"ကွန်ဖြူးရှပ်လမ်းစဉ်မှာ

ဖြစ်ပျက်ခဲ့တာက ငါ့လင်းမျိုးနွယ်စုက

မျှော်လင့်ထားသမျှထက်

ကျော်လွန်ခဲ့တာပဲ" သူက

ခေါင်းယမ်းလိုက်ပြီး

“မေ့ပစ်လိုက်ပါ။ ငါတို့ ဘိုးဘေးက

မင်းကို စေလွှတ်လိုက်ကတည်းက

အကြောင်းတစ်ခုခုကြောင့် ဒီကို ပို့ခဲ့တာ

ဖြစ်နိုင်တယ်ဟုတ်တယ်မလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ငါက

တစ်ယောက်ယောက်ကို ရှာဖို့

ရောက်လာတာပါ။ သူ့နာမည်က ရှုယ... ”

"ရှူယ..." လင်းကျန်းက

မျက်မှောင်ကြုတ်ကာ "ရှူယ လား"

ယန်ယဲ့ က "ဒါကဘာလဲ"

လင်းကျန်း က "ညီလေးယန်၊

ခဏစောင့်။ ငါသူ့ကိုခေါ်လိုက်မယ်"

ထိုစကားပြောပြီးနောက် သူ့ဘေးနားတွင်

အဘိုးကြီးတစ်ယောက်
ပေါ်လာသည်။ အဘိုးကြီးက
ခေါင်းညိတ်ပြီး ထွက်သွားသည် ။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့
က"ငါတော်တော် အံ့သြသွားတယ်"ဟု
ပြောလိုက်သည်။

လင်းကျန်း က ပြုံးပြီး
"မင်းဘာကိုဆိုလိုတယ်ဆိုတာ

ငါသိတယ်။ မင်းကို ငါဘာလို့
ရန်ငြိုးမရှိတာလဲ မင်း
အံ့သြနေတာမဟုတ်လား”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

လင်းကျန်း က “တကယ်တော့ ဒါဟာ
ငါ့ဘိုးဘေးကြောင့်ပါ။ ငါ့ဘိုးဘေးအဆ
က်ဆက်က မျိုးနွယ်စုကို
အပြင်လောကပဋိပက္ခတွေနဲ့

ဝေးဝေးနေခိုင်းတယ်။ အတတ်နိုင်ဆုံး
ကိုယ့်ကိုယ်ကို နှိမ့်ချနေဖို့ အစွမ်းကုန်
ကြိုးစားစေချင်တယ်”

ကိုယ့်ကိုယ်ကို နှိမ့်ချနေပါ။

ယန်ယဲ့ ပြုံးပြီး ဘာမှပြန်မပြောပေ။
ခဏအကြာတွင် အဘိုးကြီးက
လင်းကျန်း နံဘေးသို့

ပြန်ရောက်လာသည်။ သူ့ဘေးနားတွင် ကောင်လေးတစ်ယောက်ပါလာသည်။

အသက် ၈ ၊ ၉ နှစ်ဝန်းကျင်လောက်သာ။

ကောင်လေးက

တော်တော်ကြောက်နေပုံရသည်။ သူက

ယန်ယွဲ့ နှင့် လင်းကျန်းကို

တစ်လှည့်စီကြည့်နေသည်။ ထို့နောက်

လင်းကျန်း ထံ လျှောက်သွားပြီး

"ဘိုး...ဘိုးဘေး "

သူ့စကားသံက

အနည်းငယ်ထစ်နေသည်။

လင်းကျန်းက အဘိုးကြီးကို အနည်းငယ်

ခေါင်းညိတ်ပြပြီး

စိုက်ကြည့်လိုက်သည်။ အဘိုးကြီးက

“ရှူယက မိဘမဲ့ပါ။ သူ့အဖေက ငါတို့ မျိုးနွယ်စုရဲ့ သခင်ငယ်၊ ဒါပေမဲ့… သူ့အမေက ငါ့တပည့်ပါ။ အဲဒါကြောင့် သူ့ကို ငါတို့လင်းကလန် ရဲ့ စာရင်းမှာ မှတ်တမ်းတင်မထားဘူး”

လင်းကျန်း က ရုတ်တရက် မျက်မှောင်ကြုတ်လိုက်သည် ။

ဤအချိန်တွင် ယန်ယဲ့ သည် ရှူယ ဆီသို့ လျှောက်သွားသည်။ ရှူယ က သိသိသာသာပင် ကြောက်ရွံ့နေပုံရသော်လည်း နောက်ပြန်မဆုတ်ပေ။ ယန်ယဲ့က အနားတွင် ထိုင်ချလိုက်ပြီး တိုးတိုးလေးပြောလိုက်သည် "မင်း တော်တော်ဒုက္ခရောက်နေပြီလား"

ရှူယ က ခဏတုံ့ဆိုင်းသွားပြီး ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ က "မင်းသူတို့ကို ဒေါသထွက်သလား"

ရှူယ က ခေါင်းယမ်းလိုက်သည်။

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

ရှူယ က တခဏမျှ တုံ့ဆိုင်းသွားပြီး

"ဆင်းရဲဒုက္ခက

ငါ့ကိုယ်ငါလေ့ကျင့်နိုင်တယ်။

ထူးထူးခြားခြား အရာအားလုံးကို

ကျော်လွှားပြီး မွေးဖွားခြင်းဆီကို

ဦးတည်သွားလိမ့်မယ်"

ထိုစကားကြားသောအခါ လင်းကျန်း

ပင်လျှင် ရှူယ ကို ရုတ်တရက်

စူးစိုက်ကြည့်လိုက်သည်။

သူ့မျက်လုံးထဲတွင် မတူညီသော
အလင်းရောင်တစ်ခု ရှိနေသည်။

ယန်ယဲ့ က ရှူယ၏ခေါင်းကို ပွတ်ပြီး
"မင်းစာဖတ်ရတာ ကြိုက်နှစ်သက်လား"
ဟူ ပြောလိုက်သည်။

"ငါအရမ်းသဘောကျတယ်"

ရှူယ က သေချာစွာ

ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက ရုတ်တရက်ပြောခဲ့သည်

“ဒီကိုခေါ်မလာခင်တုန်းက ဒီကလေး

စာကြည့်တိုက်မှာ ထူးဆန်းတဲ့ အလုပ်တွေ

လုပ်နေတာကို ငါသိလိုက်ရတယ်။ ငါတို့

မျိုးနွယ်စုရဲ့ တခြား သခင်ငယ်တွေက

စာဖတ်ရတာကို မကြိုက်ဘူး၊

တိုက်ခိုက်တာတွေပဲကြိုက်တယ်။ ဒီတော့

သူတစ်ယောက်ပဲ စာကြည့်တိုက်မှာ စာဖတ်နေတတ်တယ်”

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၇ - ငရဲဧကရီ

လင်းကျန်း က "အဲဒီမှာ စာသင်နေတာ ဘယ်သူလဲ"

အဘိုးကြီးက ခဏတုံ့ဆိုင်းသွားပြီး "ငါလည်း သေချာ မပြောနိုင်ဘူး။ ဘိုးဘေး၊ ငါတို့လင်းကလန်က ပညာရှင်မျိုးနွယ်တစ်ခုဖြစ်ပေမဲ့ သိုင်းပညာလမ်းကြောင်းကိုပဲအာရုံစိုက်

ထားကြတာ။ ဒီတော့ လက်တွေ့မှာ

ဘယ်သူမှ ဂရုမစိုက်ဘူး”

ဤအချိန်တွင် ရှုယက ရုတ်တရက်

ပြောခဲ့သည် "အဲဒါ အဖိုးပညာရှင်ပဲ"

"အဘိုး

ပညာရှင်" လင်းကျန်း၏ခန္ဓာကိုယ်က

အနည်းငယ် တုန်ခါသွားသည်။

ခဏအကြာတွင် သူက ရှုယ ဆီသို့ လျှောက်လာပြီး "မင်းကို ဘာပြောလိုက်တာလဲ" ဟု မေးလိုက်သည်။

ရှုယ က "လူကြီးလူကောင်းတစ်ယောက်ဟာ တိုးတက်ဖို့ အမြဲကြိုးစားနေသင့်တယ်"

လင်းကျန်း က ငြိမ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က ပညာရှိစုတ်တံ
ကို ရှူယ ဆီကို ကမ်းပေးလိုက်သည်။
ရှူယက မယူဘဲ အံ့သြစွာ
ကြည့်နေလေသည်။

ယန်ယဲ့က ပြုံးပြီး "ဒါ မင်းအတွက်ပဲ"

သို့သော်လည်း ရှုယ က ခေါင်းခါလိုက်ပြီး "မဟုတ်ဘူး၊ ငါဒါနဲ့ထိုက်တန်တာ ဘာမှမလုပ်ခဲ့ဘူး"

ယန်ယဲ့ က "ဒါဟာ အရမ်းကောင်းတဲ့ ရတနာပဲ"

ရှုယ က ခေါင်းယမ်းလိုက်ပြန်သည်။

ပညာရှိစိတ်တံ က

သာမန်စိတ်တံတစ်ခု၏

အရွယ်အစားအထိ ကျုံ့သွားသည်။

ရှူယ က စိတ်တံကို

တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ်

သွေးဆောင်ခံရပုံပါ။။စိတ်တံတစ်ချောင်း

ရဖို့ မျှော်လင့်နေသော်လည်း

ခေါင်းခါနေတုန်း ။

ယန်ယဲ့ က ရှုယ၏ အိတ်ကပ်များကို တစ်ချက်ကြည့်လိုက်ရာ ပေါင်မုန့်တစ်ပိုင်းကို သတိပြုမိသည်။ သူက ပြုံးပြီး "ဘာလို့ ဒါကို မလုပ်တာလဲ။ ငါအရမ်းဗိုက်ဆာနေတော့ ဒီပေါင်မုန့်အတွက် ဒီစုတ်တံကို ဈေးဝယ်လိုက်မယ်"

ရှုယ က ယန်ယဲ့ကို မော့ကြည့်ပြီး "အာ... တကယ်လား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ရှူယ က ခဏလောက် တုံ့ဆိုင်းသွားပြီး

ပေါင်မုန့်တစ်ပိုင်း ကို

ယန်ယဲ့ဆီကမ်းပေးကာ "အစ်ကိုကြီး၊

ဒီပေါင်မုန့်က ဒီစုတ်တံနဲ့ မတန်ဘူး၊

ဒါကြောင့် မင်းနဲ့

မရောင်းရဘူး။ လူကြီးလူကောင်းတွေက

သူတပါးကို အနိုင်ကျင့်တာ မဟုတ်ဘူး”

စကားပြောနေစဉ် သူက လင်းကျန်း ကို ရိုသေစွာ ဦးညွှတ်ကာ “ဘိုးဘေး၊ စာကြည့်တိုက်ကို တံမြက်စည်း ရှင်းရမယ်။ ငါသွားတော့မယ်"

ထိုစကားပြောပြီးသည်နှင့် ပြတ်ပြတ်သားသား ထွက်သွားလေသည်။

စုတ်တံက

ရွှေရောင်အလင်းတန်းသဖွယ်ပြောင်းလဲ

ကာ ရှူယဧ၏ခန္ဓာကိုယ်ထဲသို့

ဝင်သွားသည်။ သို့သော် ကောင်လေးက

သတိမထားမိခဲ့ပေ။

လင်းကျန်း က ယန်ယွဲ့ ကို စိုက်ကြည့်ရင်း

"အဲဒါက ဘာလဲ"

ယန်ယွဲ့က "ပညာရှိ စုတ်တံ"

လင်းကျန်း နှင့် အဘိုးကြီး၏

ခန္ဓာကိုယ်များ

တောင့်တင်းလာသည်။ လင်းကျန်း က

အသက်ပြင်းပြင်းရှူရင်း

အချိန်အတော်ကြာမှ "ဒီအချိန်ကစလို့

ဒီကလေးဟာ

ငါ့ကိုယ်ပိုင်တပည့်ဖြစ်တယ်။ ပြီးတော့

ငါ့လင်းကလန်ရဲ့ ဘိုးဘေးတစ်ဦးပဲ" ဟု

ပြောပါသည်။

သူ့အသံက သိသိသာသာပင်
တုန်ယင်နေသည်။

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က
ရှူယကိုသဘောကျခဲ့သလို
ပညာရှိစုတ်တံကလည်း
ရွေးချယ်ခဲ့သည်။ ကောင်လေး က
သာမန်မဟုတ်မှန်း
သိသာသည်။ ယခုအချိန်တွင်

သာမန်ကလေးတစ်ယောက်သာ

ဖြစ်သော်လည်း လင်းကျန်းက

အနည်းငယ်မျှ မတွန့်ဆုတ်ဘဲ

ထိုဆုံးဖြတ်ချက်ကို ချလိုက်သည် ။

ပညာရှိစုတ်တံ…

ကွန်ဖြူးရှပ်လမ်းစဉ်၏ နံပါတ်တစ်

ရတနာ။

လင်းကလန်၏ လက်ထဲတွင်

ပိုင်ဆိုင်ထားပါက

မမျှော်လင့်ထားသောအရာများဖြစ်မလာ

ခဲ့လျှင်

မဟာကလန်ကြီးတစ်ခုဖြစ်လာပေမည်။

ရှုယ ဟုခေါ်သော ကလေးက

အနာဂတ်တွင် ထူးခြားလာမည်မှာ

သေချာပါသည်။

အမှန်တော့ ယန်ယဲ့၏တွေးခေါ်ပုံက

မတူပေ။

လင်းကျန်းက ပညာရှိစုတ်တံ ကြောင့်

ရှူယကို အလွန်အမင်း

တွေးတောခဲ့သော်လည်း ယန်ယဲ့ပ

မစဉ်းစားခဲ့ပေ။ ရှူယက

မွေးရာပါစွမ်းရည်

သိပ်မကောင်းသော်လည်း

မောက်မာခြင်းမရှိပေ။ ထို့အပြင်

ကောင်လေးက

စာပေသမားတစ်ဦးဖြစ်သည်။ ၎င်းသည်

အခြားသူများ မပြီးမြောက်နိုင်သော

အရာများကို ပြီးမြောက်နိုင်၏။

လူတစ်ဦး၏ဘဝပထမတစ်ဝက်သည်

သဘာဝစွမ်းရည်ပေါ်တွင်မူတည်သည်။

သော်လည်း ဘဝ၏ဒုတိယပိုင်းက

စိတ်နှင့်စရိုက်အပေါ်မူတည်သည်။

သဘာဝစွမ်းရည်ထက်
စိတ်ပိုင်းဆိုင်ရာက ပိုအရေးကြီးခဲ့သည်။

ဤအချိန်တွင် လင်းကျန်း က ယန်ယွဲ့ကို
စိုက်ကြည့်ကာ "ဒါအတွက် ငါ မင်းကို
ကျေးဇူးတင်ရမယ်"

ပညာရှိစုတ်တံက
သာမန်ရတနာမဟုတ်ပေ။ ယန်ယွဲ့က
အပိုင်သိမ်းမထားဘဲ လင်းကလန် သို့

ယူဆောင်လာခဲ့ခြင်းကြောင့် သူ့အား

အံ့အားသင့်စေခဲ့သည်။

ယန်ယဲ့က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"အကြီးအကဲလင်း၊ သူ့ရဲ့

ပင်ကိုယ်စွမ်းရည်က

သိပ်ကောင်းတာမဟုတ်ဘူးဆိုတာ

မင်းသဘောပေါက်မှာ

သေချာပါတယ်။ ဒါပေမဲ့

သဘာဝစွမ်းရည်က

အရာအားလုံးမဟုတ်ဘူး။ လွန်ခဲ့တဲ့နှစ်

တွေမှာ ငါက

အလုပ်သမားတပည့်တစ်ယောက်ပဲ။ ငါ့ရဲ့

သဘာဝစွမ်းရည်က ငါ့ဂိုဏ်းထဲမှာ

သိပ်မဆိုးပေမယ့် ဒါဟာ

အကောင်းဆုံးတော့ မဟုတ်ပါဘူး။ ဒါ

ပေမဲ့ ငါ ဒီနေ့အဆင့်ထိ ရောက်

လာခဲ့တယ်"

လင်းကျန်း က ယန်ယဲ့၏ ဆိုလိုရင်းကို သဘောပေါက်ပုံရသည်။ သူက ချက်ချင်း ခေါင်းညိတ်လိုက်ပြီး "စိတ်မပူပါနဲ့၊ ငါ သူ့ကို မတရား ပြုမူမှာ မဟုတ်ဘူး။ သူက အသက် ၂၀ မတိုင်ခင် သာမာန်ဖြစ်နေရင်တောင် သူ့ကို မတရားမဆက်ဆံဘူး"

ယန်ယဲ့ က ပြုံးပြီး "အကြီးအကဲလင်း၊ မင်း သူ့ကို

အချိန်ပိုပေးရလိမ့်မယ်။ သေချာပါတယ်၊

ကလေးတစ်ယောက်ကို

ပြုစုပျိုးထောင်ပုံ၊ ကလေးရဲ့

စိတ်သဘောထားကို

ပြုစုပျိုးထောင်ပေးပြီး ကလေးရဲ့

သဘာဝစွမ်းရည်ကို ပြုစုပျိုးထောင်ပုံနဲ့

ပတ်သက်ပြီး ပိုသိလာမှာ

သေချာပါတယ်။ ဒီပေါင်မုန့်ကြောင့်ပဲ

ငါပြောတာ။ အကြောင်းပြချက်မရှိဘဲ

သူ့ပေါင်မုန့်ကိုယူပြီး သူ့ကိုယ်စား

စကားအနည်းငယ် မပြောရင်

ကောင်းကောင်းအိပ်မပျော်နိုင်တော့ဘူး”

လင်းကျန်း က

ထိုစကားကိုကြားသောအခါ မပြုံးနိုင်ဘဲ

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

“ငါလည်း

သွားရမယ့်အချိန်ရောက်ပြီ။ တစ်ယောက်ယောက်က ငါဒီမှာရှိနေတာကို သိရင် မင်းရဲ့မျိုးနွယ်က တော်တော်ဒုက္ခရောက်လိမ့်မယ်"

လင်းကျန်း က ခဏမျှ လေးလေးနက်နက် စဉ်းစားပြီး “မဝေးတော့တဲ့ အနာဂတ်မှာ မင်းသတိထားရင် အကောင်းဆုံးပဲ” ဟုပြောလိုက်သည်။

ယန်ယဲ့ က လင်းကျန်း ကို စိုက်ကြည့်ရင်း

"ဘာလဲ..."

လင်းကျန်း က ခဏမျှ တုံ့ဆိုင်းသွားပြီး

“ငါ့အသိအရတော့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ က မင်းကို

လွှတ်ပေးဖို့ ဆန္ဒမရှိလောက်ဘူး။

ဘာလို့လဲဆိုတော့ မင်းမှာ

အဲဒီဝိညာဉ်အင်ပါယာရှိနေလို့အဲ။

မျိုးနွယ်စုတိုင်းက ဝိညာဉ်အင်ပါယာကို

လိုအပ်နေပြီ။ သူတို့တစ်ကယ်လိုအပ်တ

ယ်။ တချို့ ပေါ်တယ်စနစ်တွေနဲ့

အစီအရင်တွေက များပြားတဲ့

ဝိညာဉ်စွမ်းအင်ပမာဏလိုအပ်တယ်။

ဒီတော့ သဘာဝအတိုင်း

ဝိညာဉ်အင်ပါယာက အဖိုးမဖြတ်နိုင်တဲ့

ရတနာသိုက်ပဲ။ ဒါဆို သူတို့က မင်းကို

သေချာပေါက်

ပစ်မှတ်ထားလိမ့်မယ်။ ငါ့လင်းကလန်က

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့မှာ

အဆင့်မြင့်အာဏာပိုင်တွေမဟုတ်ပေမဲ့

ငါတို့က တချို့အချက်အလက်တွေကို

ရယူနိုင်သေးတယ်။ မင်းက

မြန်မြန်ပုန်းအောင်းနေသင့်တယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

“သတိပေးတဲ့အတွက်

ကျေးဇူးတင်ပါတယ်၊ဒီမှာပဲ နှုတ်ဆက်ကြတာပေါ့”

စကားပြောပြီးနောက် ချက်ချင်းလှည့်ထွက်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့် လင်းကျန်းနံဘေးရှိ အဘိုးကြီးက ရုတ်တရက်ပြောလိုက်သည် "သူက

ကောလဟာလတွေ ပြောသလိုမျိုး

မဟုတ်ဘူး"

လင်းကျန်း က ခေါင်းညိတ်လိုက်ပြီး

"ကြည့်ရတာ လူသားအင်ပါယာအရှင်ကို

လုံးဝယုံကြည်လို့ မရဘူးပဲ"

အဘိုးကြီးက “အဲဒါက

အဆင်မပြေဘူး။ သူနဲ့

လူသားအင်ပါယာအရှင် ကြားက

ရန်ငြိုးကို ဖြေရှင်းနိုင်ပေမဲ့ သူက
ဝိညာဉ်အင်ပါယာကို ပိုင်ဆိုင်ထားတာပဲ။
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့
နဲ့ပတ်သက်ရင် သူတို့က
ဝိညာဉ်အင်ပါယာကို
သေချာပေါက်အရယူမှာပါ။
မရနိုင်ရင်တောင် သူတို့က
နတ်မျိုးနွယ်လက်ထဲကို
အကျခံမှာမဟုတ်ဘူး။

တကယ်လို့ နတ်မျိုးနွယ်သာ
ဝိညာဉ်အင်ပါယာကို ရသွားတာနဲ့
အခြေအနေတွေက
ထိန်းနိုင်တော့မှာမဟုတ်ဘူး"

လင်းကျန်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး "ဘာပဲဖြစ်ဖြစ်
ငါတို့လင်းကလန် နဲ့ ဘာမှ
မဆိုင်ပါဘူး။ ဒီအချိန်ကစလို့ ရှူယ
ကိုသေချာအာရုံစိုက်ပါ။

သူ့လက်ရှိဘဝကို

မပြောင်းလဲပါနဲ့။ သူ့အတွက်

အခက်အခဲတစ်ချို့ကို ဖန်တီးပြီး

သူ့လက်ရှိအခြေအနေကို

ဖြည်းဖြည်းချင်း

တိုးတက်အောင်လုပ်ပါ။ အခုချက်ချင်း

ငါတို့လင်းကလန်ရဲ့

အဓိကပုဂ္ဂိုလ်ဗဟိုဖြစ်လာရင်

သူ့စိတ်အခြေအနေက

ပျက်စီးသွားလိမ့်မယ်”

“ကောင်းပါပြီ” အဘိုးကြီးက

ခေါင်းညိတ်ပြီး ထွက်သွားသည် ။

...

ယန်ယွဲ့ သည် သဘာဝမြင့်မြတ်နယ်မြေမှ

ထွက်လာပြီးနောက် လူသားကမ္ဘာကနေ

ထွက်မသွားသေးပါ။ ထိုအစား

ယန်လျန်ရှမ်း ဆီသို့ သွားလိုက်သည်။

ဤတစ်ကြိမ် သူ့ရည်ရွယ်ချက်က

ငရဲခန်းမ၏ အဖွဲ့ဝင်များအကြောင်း

စုံစမ်းရန်ပင်။

ကွန်ဖြူးရှပ်လမ်းစဉ်၌

ရှောင်စီးယောင်ထွက်ပေါ်လာသောကြော

င့်

ငရဲခန်းမနှင့်ပတ်သက်သည့်အရာအားလုံးကို

ရှာဖွေဖော်ထုတ်ချင်ခဲ့သည်။ ဤအဖွဲ့အစ

ည်းက သူနှင့်မသက်ဆိုင်သော်လည်း

သတိထားဖို့လို၏။

ယန်လျန်ရှမ်း က အခန်းတစ်ခုထဲတွင်

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ " ရှောင်စီးယောင် နဲ့

တကယ်ကို ဆက်စပ်နေသလား" ဟု

မေးခဲ့သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ယန်လျန်ရှမ်း က မျက်မှောင်ကြုတ်ပြီး

တိတ်ဆိတ်သွားပြန်သည်။ ခဏအကြာ

တွင်

မတ်တပ်ထရပ်လိုက်ပြီး

“တကယ်ပြောရရင်

လောကသုံးပါးတစ်ခုလုံးက ကြီးမားတဲ့

ရေဝဲထဲမှာ ရှိနေသလို ခံစားရတယ်။ ငါ

နင့်ဆီက အချက်အလက်တွေ အများကြီး

ရခဲ့တယ်။ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၊

မဟာလမ်းစဉ် ၃ ခု၊

သိုင်းကျောရာဇ်အကယ်ဒမီ၊

သမိုင်းမတင်မီမျိုးနွယ်နဲ့ လောကဝိညာဉ်၊

အဲဒါတွေအပြင်

သမိုင်းမတင်မီမျိုးနွယ်စုက

ဘာ့ကြောင့်များ

ထူးထူးဆန်းဆန်းပျောက်ကွယ်သွားရတာ

လဲ။ ပြီးတော့ ရှောင်စီးယောင်

လည်းရှိသေးတယ်။ငရဲခန်းမ ဆိုတာ

အရင်ကတည်းကတည်ရှိခဲ့တာပါ။

အခု ဘယ်လိုကြောင့်

ထပ်ပေါ်လာတာလဲ။ ဒီလောက အရမ်း

ဖရိုဖရဲ ဖြစ်နေပါတယ်”

"အဲဒါပဲ" ယန်ယဲ့ က “အခု ငါတို့ ဒီရေဝဲထဲမှာ ရှိနေပြီ။ ငါတို့ မလွတ်မြောက်နိုင်ဘူး”

"ခွန်အား..." ယန်လျန်ရှမ်း က ရုတ်တရက် ပြောခဲ့သည် "နင့်ရဲ့လက်ရှိခွန်အားက သန်မာတယ်၊ အရမ်းပြင်းထန်တယ်။ နင်က ပညာရှင်တွေကို သတ်နိုင်တဲ့အထိ

သန်မာတယ်။ ဒါပေမဲ့

တချို့အဖွဲ့အစည်းတွေရှေ့မှာတော့

အားနည်းနေပါသေးတယ်။ ဒါပေမဲ့ နင့်မှာ

ဝိညာဉ်အင်ပါယာနဲ့တာအိုလမ်းစဉ်ရဲ့

အဖိုးတန်ရတနာရှိတယ်။ ဒါကြောင့်

နင့်ဘဝကို ဘယ်တော့မှ ငြိမ်းချမ်းဖို့

မမျှော်လင့်နဲ့။ ငါပြောနေတာက နင်

ပိုသန်မာလာရမယ်"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"ဒီအချိန်ခဏလေးအတွင်းမှာ ငါက

ပညာရှင်အဆင့် ကို မတက်နိုင်ဘူး"

သူသည် သဘာဝတရားက

ကောင်းချီးပေးထားသော

မဟာဉာဏ်ကြီးရှင် မဟုတ်ပါ။ ထို့ကြောင့်

သူလုပ်ချင်သလို အဆင့်တစ်ခုပြီးတစ်ခု

အလျင်အမြန်

ချိုးဖျက်နိုင်မည်မဟုတ်ပေ။

ယန်လျန်ရှမ်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး "မှန်ပါတယ်။ ငါ
စိတ်မရှည်လွန်းဘူးဖြစ်သွားတယ်။ ဟုတ်
တယ်၊ နင်က ငရဲကောရီ ရဲ့ တည်နေရာကို
လိုချင်လား။
ငါ့မှာရှိတယ်၊ သူမဘာလုပ်နေလဲဆိုတာ
သေချာပေါက် ဘယ်တော့မှ မှန်းဆနိုင်မှာ
မဟုတ်ပါဘူး"

ယန်ယဲ့ က "ဘာလဲ"

ယန်လျန်ရှမ်း က ပြုံးပြီး “သူမဟာ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ တကယ်ကို သင်ယူနေပြီ။ လူနာတွေကို နေ့တိုင်း ကုသနေပါတယ်။ အခုချိန်မှာတော့ သူမက သာယာတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်နေပြီလို့တောင် ပြောလို့ရတယ်”

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး "ငါ သူမဆီကိုသွားလည်လိုက်မယ်" ဟုပြောလိုက်သည်။

ယန်လျန်ရှမ်း က "နင် သူမနဲ့ မတွေ့ရတာကြာလို့ သွားလည်တာဟုတ်လို့လား"

ယန်ယဲ့ က “မှန်တယ်။ သူမ ငါ့အနားမှာရှိရင်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နဲ့

ရင်ဆိုင်တဲ့အခါ

ပိုပြီးယုံကြည်မှုရှိစေလိမ့်မယ်။ သူတို့ကို

ငါနဲ့အတူ ခေါ်ချင်ပေမယ်လို့

ငြိမ်းချမ်းတဲ့ဘဝကို

မနှောင့်ယှက်ချင်ပါဘူး”

ယန်လျန်ရှမ်း က "နင် သူမကို

တကယ်မနှောင့်ယှက်ချင်ဘူးဆိုရင်

သူမဆီကို မသွားပါနဲ့"

ယန်ယဲ့ က ပြုံးပြီး "သူတို့ကို

တွေ့ဖို့လိုတာက

ငါပြောစရာရှိလို့ပါ။ ဒါ့အပြင် မင်းက

အရမ်းကြီး တွက်ဆနေတာပဲ။ သူတို့ကို

ဒုက္ခမပေးချင်တဲ့စိတ်က ငါသူတို့နဲ့

မဆုံနိုင်ဘူးလို့ မဆိုလိုပါဘူး”

ယန်လျန်ရှမ်း က "နင်ကြိုက်သလိုလုပ်ပါ။ ဒါနဲ့ အန်နန်ကျင်း ကို ဘယ်လိုလုပ်မလဲ"

ယန်ယဲ့ က "သိုင်းဂေါရာဇ်အကယ်ဒမီ မှာလား"

သူမက ခေါင်းညိတ်ပြီး "နင် သူမကို ဆက်သွယ်စေချင်သလား"

ယန်ယဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ

ကိုယ့်ဘာသာပဲသွားရှာလိုက်မယ်"

တစ်ချိန်တည်းမှာပဲ ယန်လျန်ရှမ်း က

ထပ်ပြောသည် "နင် သူမကို ငါတို့ဖက်ကို

ဆွဲခေါ်ရမယ်။ သူမရဲ့

ပင်ကိုယ်စွမ်းရည်က ငါမြင်ဖူးသမျှထဲမှာ

ကြောက်စရာအကောင်းဆုံးပါပဲ။ သူမ

အတည်လုပ်ဆောင်ရင်

နင်ကိုယ်တိုင်တောင်

သူမကိုအတော်လေးသတိထားရလိမ့်မ

ယ်”

ယန်ယဲ့ က ပြုံးပြီး "ဒါအမှန်ပဲ"

အမှန်တော့ သူလည်း လက်ရှိတွင်

အန်နန်ကျင်း မည်မျှသန်မာနေသည်ကို

သိချင်နေပါသည်။

ယန်လျန်ရှမ်း နှင့်

ခဏကြာစကားစမြည်ပြောပြီးနောက်

ယန်ယဲ့ သည် ပြန်ထွက်သွားသည်။

လူသားကမ္ဘာ၏တောင်ဖက်တွင်

ဝေးလံခေါင်သီသော

နယ်မြေတစ်ခုရှိခဲ့သည်။

ထိုနေရာတွင်

မြို့ငယ်လေးတစ်ခုရှိသည်။လူဦးရေ

၁၀၀,၀၀၀ ခန့် ရှိသောကြောင့် ၎င်းသည်

သာမန်မြို့ငယ်တော့ သာမဟုတ်ပေ။

မြို့အဝင်ဝ၌

အနက်ရောင်ဝတ်ရုံအရိပ်တစ်ခု

ရုတ်တရက်ပေါ်လာသည်။ အခြားမဟုတ်

ဘဲ ယန်ယဲ့ ပါ ။

ယန်ယဲ့ သည် မြို့ကို

မော့ကြည့်လိုက်သည်။

မြောက်ပိုင်းနယ်စပ်မြို့တော် ...။

ယန်ယဲ့ က မြို့ထဲသို့ဝင်လာကာ

လမ်းထောင့်တစ်ခုဆီသို့

လျှောက်သွားခဲ့သည်။ ထိုနေရာတွင်

မထင်မရှား ဆိုင်ငယ်တစ်ခု ရှိနေ၏။

ဆိုင်ထဲတွင် အမျိုးသမီးတစ်ယောက်

ထိုင်နေခဲ့သည်။

ခြေဗလာ၊ ပိတ်ချောဝတ်ရုံဝတ်ထားသော

မိန်းမပျို ။

ငရဲကောရီ …။

ဤအခိုက်အတန့်တွင် သူမက ရှေ့ရှိ

ဆေးပင်၊ဆေးရွက်နှင့်

အခြားရတနာများကို

စစ်ဆေးကြည့်နေသည်။

ယန်ယဲ့ သည် ဆိုင်လေးဆီသို့

လျှောက်သွားရန်ပြင်လိုက်စဉ် မြို့ထဲမှ

ကျယ်လောင်သော ဆူညံသံများ

ရုတ်တရက် ကျယ်လောင်စွာ

ထွက်ပေါ်လာသည်။ တစ်ဖက်ကို

လှမ်းကြည့်လိုက်ရာ လူငယ်တစ်ဦး

ခေါင်းဆောင်လာသော

မြင်းတပ်တစ်စုက လျင်မြန်စွာ
အပြေးအလွှား သွားနေသည်ကို
တွေ့လိုက်ရသည်။

အချိန်တော်တော်ကြာပြီးနောက်
လူငယ်နှင့် သူ၏တပ်သားများက
ငရဲကေရီ ထိုင်နေသော
ဆိုင်ငယ်လေးရှေ့တွင် ရပ်သွားကြသည်။

လူငယ်လေးက မြင်းပေါ်မှ ခုန်ဆင်းကာ
ငရဲကေရီထံ လျှောက်သွားပြီး
“မိန်းကလေး၊ ငါ့သည်းခံမှုက
ကုန်သွားပြီ။ ဒီနေ့ ငါသိချင်တာက
မင်းငါနဲ့လိုက်ခဲ့မလား"

ငရဲကေရီက ခေါင်းကိုမော့မကြည့်ဘဲ
“မဟုတ်ဘူး”

ထိုလူငယ်က “နိမ့်ကျတဲ့မိန်းမ၊ ငါစိတ်ဆိုးသွားရင် ကမ္ဘာကြီးက ငါ့ရှေ့မှာ တုန်လှုပ်သွားလိမ့်မယ်”

ထိုစကားကြောင့် ယန်ယဲ့ သည် အံ့အားသင့်သွားသည်။

Translated By NyiNyiSoe